# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၂၉ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၁၈၀)




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပဲခူး) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# ကလေးစာပေပွဲတော်(ပဲခူး) ဖွင့်ပွဲအခမ်းအနား ကျင်းပ

## ကလေးများ စာဖတ်နိုင်ရန်အတွက် စာကောင်းပေကောင်းများ ရေးပေးနိုင်သည့် စာရေးဆရာကြီးတွေ များများလိုကြောင်း နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် ပြောကြား

**ပဲခူး မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပဲခူး) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးမြို့ ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပဲခူး) ဖွင့်ပွဲအခမ်းအနားကို ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဘွဲ့နှင်းသဘင်ခန်းမတွင် ဆက်လက်ကျင်းပရာ ပဲခူးမြို့ အထက(၃)၊ အထက(ခွဲ)ပန်းလှိုင်နှင့် "ပန်"ကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် Theme Song သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။


**စာမျက်နှာ ၃ ကော်လံ ၁** ✻





မြန်မာ့အလင်း

# ဥတုသပ္ပါယ မျှတစွာနေထိုင်ကြပါမှ

မြန်မာနိုင်ငံ ဒေသအနှံ့အပြားမှာ နေ့အပူချိန်များ တစ်စတစ်စ မြင့်တက်လာနေသည်။ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်များအရ ယခုနှစ်တွင် အယ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်ကို ပြင်းပြင်းထန်ထန်ခံစားရဖွယ်ရှိသည်ဟုလည်း သိရသည်။ အပူချိန်မြင့်တက်လာခြင်းက မီးလောင်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ခြေကို ပိုမိုမြင့်မားလာစေသကဲ့သို့ အပူချိန်မြင့်မားခြင်းနှင့် ဆက်စပ်သည့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များကိုလည်း ဖြစ်ပွားနိုင်သည့်အတွက် နေ့ပိုင်းအပူချိန်မြင့်မားနေချိန်တွင် သွားလာလှုပ်ရှား နေထိုင်မှုများကို ဂရုပြုသွားကြရန်လည်း လိုအပ်မည်ဖြစ်သည်။

ရာသီဥတုပူပြင်းခြင်းကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုများကာ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း **(Heat Stroke)**နှင့် နေရောင်အောက်တွင် အကာအကွယ်မဲ့သွားလာခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်သင့်ခြင်းတို့ဖြစ်ပေါ်နိုင်သည်။ နေရောင်ခြည်နှင့် အပူဒဏ်တို့က အသက်အန္တရာယ်အထိ ကျရောက်နိုင်သည်ကို သတိမူကြရမည် ဖြစ်သည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်လာသည့်အခါ ပျို့ခြင်း၊ ဂနာမငြိမ်ခြင်း၊ ကြွက်တက်ခြင်း၊ အားပျော့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ရေဆာခြင်း၊ ကိုယ်အပူအချိန်မြင့်တက်ခြင်း၊ ချွေးအလွန်အကျွံထွက်ခြင်း၊ နုံးချည့်ခြင်းတို့ကိုပါ ရောဂါလက္ခဏာများအဖြစ် ခံစားရနိုင်သည်။ ရောဂါပိုမိုပြင်းထန်လာသည့်အခါ အပူဒဏ်ကြောင့် သတိလစ်ခြင်း **(Heat Stroke)** ကိုပါ ခံစားရနိုင်သည်။ **Heat Stroke** ၏ လက္ခဏာများမှာ အရေပြားပူ၍ ခြောက်သွေ့နေခြင်း(သို့မဟုတ်) ချွေးအလွန်အကျွံထွက်ခြင်း၊ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း တို့ဖြစ်ပေါ်နိုင်သည်။

အပူဒဏ်ခံစားရသည့် လူနာကို အရိပ်ရ၍ အေးမြသည့်နေရာ၊ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်တို့ကို တိုက်ကျွေးခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့ကို ရေအေးပတ်တိုက်ခြင်းကို ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနတို့သို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အကြံပေးထားသည်။ ခရမ်းလွန်ရောင်ခြည်အန္တရာယ်သည်လည်း ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားသည့် အချိန်များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကြောင့် အန္တရာယ်ရှိနိုင်သည်။ နေလောင်ခြင်း၊ အသားအရောင်ညိုမည်းခြင်းတို့ လတ်တလောဖြစ်နိုင်ပြီး ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကာလကြာသည်နှင့်အမျှ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်းနှင့် အရေပြားကင်ဆာဖြစ်ပေါ်ခြင်းစသည့် ဆိုးကျိုးများဖြစ်စေနိုင်သည်။

အသက်ကို ဉာဏ်စောင့်ဆိုသည့် ဆိုရိုးစကားရှိသည့်အတိုင်း အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်တို့ကြောင့် အန္တရာယ်များ မကျရောက်စေရန်အတွက် ရှောင်သင့်သည်တို့ကို ရှောင်ရန်နှင့် သင့်တင့်လျောက်ပတ်စွာ နေထိုင်နိုင်ရန် လိုအပ်မည်ဖြစ်သည်။ နေ့အပူချိန်မြင့်မားနေသည့် ကာလအတွင်း ကိုယ်ခံအားနည်းသည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအခံရှိသူများ နေ့လယ်နေ့ခင်းအချိန်များတွင် အရိပ်ရအေးမြသည့်နေရာများ၌ နားနေရန်၊ ပူပြင်းသည့်နေရောင်အောက်တွင် ပင်ပန်းသည့်အလုပ်၊ ကိုယ်ကာယအင်အားသုံးရသည့် လှုပ်ရှားမှုများမပြုလုပ်ရန်၊ မဖြစ်မနေသွားရပါက အရိပ်လုံလောက်စွာရသည့် ထီး၊ ဦးထုပ်တို့ ယူဆောင်အသုံးပြုရန်နှင့် အရိပ်အောက်တွင် မကြာမကြာ အနားယူရန်၊ နေပူမှပြန်လာပြီး အအေးခန်းများ၊ အဲယားကွန်းခန်းများသို့ ချက်ချင်းဝင်ခြင်း၊ ရေချိုးခြင်း၊ လွင်တီးခေါင်များ၊ မြစ်ကမ်းနားရေချိုး ဆိပ်များ၌ နေပူပြင်းချိန်တွင် အဝတ်လျှော်ရေချိုးခြင်း၊ အရက်သေစာ သောက်စားခြင်းတို့ကို ရှောင်ကြဉ်ကြရန်လည်း ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များရှိသည်။

ဥတုသပ္ပါယမျှတစွာ နေထိုင်ခြင်း၊ အစားအစာအာဟာရတို့ကို ကျန်းမာရေးနှင့်အညီ စားသုံးခြင်းတို့ဖြင့် အသက်ရှည်ကြာ အနာမဲ့စွာ မိမိတို့၏ ရုပ်နမ်ခန္ဓာကို စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။


ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပဲခူးမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့


## ငမြောင်တောင်ပိုးကာကွယ်နှိမ်နင်းရေး သင်တန်းဖွင့်

**သီပေါ မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေး နည်းပညာပေးဆွေးနွေးပွဲသင်တန်းကို မတ် ၂၆ ရက်က ခရိုင်ရုံး၌ ကျင်းပရာ ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးအကြောင်းကို လည်းကောင်း၊ ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သင်းသင်းလှဲ့က ငမြောင်တောင်ပိုးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသို့ ခရိုင်အတွင်းရှိ အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူ ၁၀၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲဖြေဆိုအောင်မြင်တော်မူကြသော သံဃာတော်များ၏ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**မကွေး မတ် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးမြို့ စာဖြေဌာနမှ ၂၀၁၈ ခုနှစ်တွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အောင်လက်မှတ်နှင့် ဆွမ်းဆန်တော် နဝကမ္မလှူဒါန်းဆက်ကပ်ပွဲ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့က မကွေးမြို့ မဟာဝိသုတာရာမ စာသင်တိုက်အတွင်းရှိ သာသနာ့မာမက သိမ်တော်ကြီးအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော သြဝါဒါစရိယဆရာတော် ၁၅ ပါးနှင့် စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပရဟိတအဖွဲ့များ တက်ရောက်သည်။



ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပါဠိပထမပြန်စာမေးပွဲဖြေဆိုအောင်မြင်တော်မူသော သံဃာတော်တစ်ပါးအား စာအောင်လက်မှတ် ဆက်ကပ်စဉ်။

အခမ်းအနားတွင် မကွေးမြို့ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ သက်တော်ရှည် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်များ ချီးမြှင့်သော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံမှ သြဝါဒကထာနာယူကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသာသနထံမှ ဝမ်းမြောက်ဖွယ်စကား သမ္မောဒနီယကထာကို နာယူကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဓမ္မာစရိယနှင့် ပါဠိပထမပြန် အောင်မြင်တော်မူသော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းသည်။

၂၀၁၈ ခုနှစ်တွင် မကွေးမြို့ပေါ်ကျောင်းတိုက်အသီးသီးမှ ဓမ္မာစရိယအောင်မြင်သော သံဃာတော်တစ်ပါး၊ ပါဠိပထမပြန်(ကြီး) ၈၇ ပါး၊ (လတ်) ၆၄ ပါး၊ (ငယ်) ၆၇ ပါး၊ (မူလ) ၁၀၉ ပါးနှင့် စုစုပေါင်းသံဃာတော်နှင့် သာသနာ့နွယ်ဝင်သီလရှင် ၃၂၈ ပါးတို့အား အောင်လက်မှတ်နှင့် ဆွမ်းဆန်တော် နဝကမ္မငွေကျပ် ၃၆၈၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မေသူလွင် (မကွေး)**

## နိုင်ငံတော်အဆင့် MSMEs ထုတ်ကုန်ပြပွဲ ပြိုင်ပွဲတွင် ရေစကြိုမြို့ ထန်းလျက်မှုန့်လုပ်ငန်းမှ ဒုတိယဆုရရှိ

**ရေစကြို မတ် ၂၈**

နိုင်ငံတော်အဆင့်အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises-MSMEs) ထုတ်ကုန်ပြပွဲပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို မတ် ၂၄ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ကျင်းပရာ ရေစကြိုမြို့ ထန်းလျက်မှုန့်လုပ်ငန်းမှ ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် ကျင်းပသည့် MSMEs ထုတ်ကုန်ပြပွဲပြိုင်ပွဲသည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ မန္တလေး၊ မကွေး၊ ပုသိမ်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်၊ မြိတ်မြို့တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လုပ်ငန်းပေါင်း ၄၀နှင့် ဆုရရှိသူလုပ်ငန်းရှင် ၁၂၂ ဦးတို့ကို ထပ်မံယှဉ်ပြိုင်စေပြီး ဆုများရွေးချယ်ချီးမြှင့်သည့် ပြပွဲပြိုင်ပွဲဖြစ်သည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ၊ ဆုပေးပွဲတွင် ရေစကြိုမြို့ 555 Shwe Hintha Co.,Ltd. မှ ထုတ်လုပ်သော မြန်မာ့ပထမဆုံး Royal Jagger ထန်းလျက်အမှုန့်လုပ်ငန်းမှာ နိုင်ငံတော်အဆင့် အငယ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆုကို ရရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အငယ်စားစီးပွားရေးလုပ်ငန်း ဒုတိယဆုကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကျင်းပသည့် နဝမအကြိမ် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSMEs) ပြပွဲ၊ ပြိုင်ပွဲတွင် ရရှိခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs) များ၏ နိုင်ငံတော်အဆင့်ပြပွဲပြိုင်ပွဲတွင် နိုင်ငံတော်မှအသိအမှတ်ပြု SME ဒုတိယဆုရရှိသည့် 555 Shwe Hintha Co.,Ltd. မှ CEO ဦးကောင်းဆက်နိုင်က ဆုရရှိသည့်အတွက် အတိုင်းမသိပျော်ရွှင်ကြောင်း၊ ရှေ့ဆက်မည့်ခရီးအတွက် အားအင်တစ်ခုဖြစ်ကြောင်း၊ မိမိတို့ လုပ်ငန်းငယ်လေးများ အများကြီးကြိုးစားမှ နိုင်ငံတော်လည်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဆက်လက်ပြီး အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောသည်။ **ဖေထွဏ်းဇော် (ရေစကြို)**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

“ဘယ်သူပဲဖြစ်ဖြစ် မိမိအကျိုးမပါဘဲ မလုပ်နိုင်ကြပါကြောင်း၊ အကုန်လုံး အသက်မွေးဝမ်းကျောင်းအတွက် လုပ်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အမြတ်အစွန်းယူကြပါ၊ သို့သော် ကလေးများ လက်လှမ်းမီအောင် လုပ်ပေးကြပါဟု ပြောလိုပါကြောင်း၊ နောက်တစ်ခုက ပြည်တွင်းစာရေးဆရာများ ရေးသလို ပြည်ပမှ ကလေးစာပေ ကောင်းနိုးရာရာများကို ဘာသာပြန်ပြီး ထုတ်ဝေသည်ကိုလည်း တွေ့ရ”




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကားပြောကြားစဉ်။




ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျေးဇူးတင်စကားပြောကြားစဉ်။

*✻ ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် ကလေးစာပေပွဲတော်သည် ပဲခူးတိုင်းဒေသကြီးတွင်ရှိသည့် ကလေးများအတွက် ပျော်စရာ၊ ရွှင်စရာပွဲတော်ကြီး ဖြစ်ပါကြောင်း၊ သူတို့၏ နဂိုရှိပြီးသည့် စာပေမြတ်နိုးသောစိတ်များ၊ ပိုပြီးထက်သန်လာအောင်၊ ပိုပြီးစာပေဖတ်ချင်စိတ် ပေါ်လာအောင် ထပ်ပြီးအားပေးသည့်၊ လှုံ့ဆော်ပေးသည့် ပွဲတော်ကြီးဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဤပွဲတော်ကြီးတွင် ကလေးများအတွက် စာပေဆိုင်ရာ ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ အားကစားပွဲများ၊ ဖျော်ဖြေပွဲများ၊ စာဖတ်သည့်ကိစ္စများ၊ စာပေဆွေးနွေးသည့်ကိစ္စများ၊ ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်နှင့် ပြုစုပျိုးထောင်ပေးသည့် အခန်းကဏ္ဍများ အများကြီးထည့်ပေးထားသည်ကို တွေ့ရပါကြောင်း၊ မိမိတို့ အနာဂတ်၏ ခေါင်းဆောင်ဖြစ်လာမည့် ကလေးသူငယ်များအတွက် ယခုလိုလုပ်ပေးခြင်းမှာ အင်မတန်အားရကျေနပ်ဖွယ် ကောင်းပါကြောင်း။

**သက်လုံကောင်းအောင် လုပ်ပေးခြင်းဖြစ်**

ဤပွဲကြီးတွင် ကလေးများပါဝင်ပတ်သက်ခြင်း၊ ပါဝင်ဆင်နွှဲခြင်းအားဖြင့် ဘဝအတွက် ပျော်ရွှင်ခြင်းများဖြစ်မည်၊ အတူပူးပေါင်းဆောင်ရွက်ချင်စိတ်များဖြစ်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ရှိရင်းစွဲ စာပေမြတ်နိုးသည့်စိတ်များ ပိုပြီးလေးနက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိ ဤနေရာတွင် တစ်ခုပြောချင်သည်မှာ စာအုပ်စာပေ လှူမိတ်ဆွေဆိုသည့် စကားရှိပါကြောင်း၊ ထို စကားအတိုင်း ကလေးသူငယ်များ စာဖတ်ချင်သည့်စိတ်များ သန္ဓေတည်သည့်အချိန်တွင် ယခုလိုပွဲတော်များ လုပ်ပေးခြင်းသည် ကလေးများ ဘဝတစ်လျှောက် အများကြီး သက်လုံကောင်းအောင် လုပ်ပေးခြင်းဖြစ်ပါကြောင်း။

စာအုပ်စာပေလှူမိတ်ဆွေဆိုသည့်အတိုင်း စာဖတ်ဝါသနာပါသည့် ကလေးများစိတ်က သူတို့ဘဝ တစ်သက်တာတွင် အထီးမကျန်တော့ပါကြောင်း၊ သူတို့လက်တစ်ကမ်းတွင် စာအုပ်တစ်အုပ် ရှိနေမည်ဆိုလျှင်၊ စာအုပ်လက်လှမ်းမီနေမည်ဆိုလျှင် ဘယ်နေရာမှာပဲရောက်ရောက် စာအုပ်သည် သူတို့၏ မိတ်ဆွေတစ်ယောက်ဖြစ်မည်ဖြစ်ပါကြောင်း၊ စာအုပ်မှာ အထီးကျန်သည်ဆိုတာ မဖြစ်ပါကြောင်း၊ သူတို့နှစ်သက်ရာစာအုပ်များ ဖတ်ရင်းဖြင့် အသိပညာကြွယ်ဝလာစေမည်၊ အတွေးအခေါ် ပိုပြီးမြင့်မားလာစေမည်၊ ဗဟုသုတကြွယ်ဝလာစေမည်၊ ပျော်ရွှင်မှု ဖြစ်လာစေမည် ဖြစ်ပါကြောင်း၊ စာအုပ်များဖတ်ပြီး သိတာ ပိုများလာမည်၊ အမြင်ပိုကျယ်လာမည်ဖြစ်ပါကြောင်း၊ ဘဝတွင် အခက်အခဲများကို ရင်ဆိုင်သည့်နေရာတွင်လည်း ဘယ်လို ကျော်လွှားရမည်ဆိုသည့် သင်ခန်းစာကို တဖြည်းဖြည်း ရလာမည်ဖြစ်ပါကြောင်း၊ ငယ်ငယ်က စာဖတ်လာသည့် အလေ့အကျင့်မှ အသက်အရွယ်ကြီးလာသည်နှင့် အမျှ၊ သူတို့ ဖတ်သည့် ကဏ္ဍများ တိုးမြှင့်လာသည်နှင့်အမျှ ပိုပိုပြီး ရင့်ကျက်လာကာ နိုင်ငံတော်အတွက် အများကြီးအကျိုးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း။

ယနေ့ ကမ္ဘာမှာကြည့်လိုက်လျှင်လည်း တိုးတက်သည့် နိုင်ငံတွင် စာဖတ်အားကောင်းသည့် ပုဂ္ဂိုလ်များ၊ စာဖတ်ချိန်များများပေးသူများ၊ လေ့လာဗဟုသုတရှာသူများကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မိမိတို့ ကလေးသူငယ်များ၊ တစ်နေ့လူကြီးဖြစ်လာမည့်ကလေးများက ငယ်ငယ်ကတည်းက စာဖတ်ချင်သည့်စိတ် သန္ဓေတည်သွားမည်ဖြစ်ပါကြောင်း၊ ဒီလိုသန္ဓေတည်သွားသည့်အခါ ဝါသနာကို အစပျိုးထောင်သည့်အချိန်တွင် ဆရာသမားများ၊ မိဘများ၏ သင်ပြမှုသည်လည်း အင်မတန်မှ အရေးကြီးပါကြောင်း၊ အထူးသဖြင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်လာသည့် ယခုလို အချိန်မျိုးတွင် လမ်းမှားကိုရောက်နိုင်တာမျိုး၊ အမြင်မှားနိုင်တာမျိုးရှိပြီး မိမိတို့ အဲဒီလို အကျင့်စာရိတ္တနှင့် ပတ်သက်၍ အားနည်းယိုယွင်းစေနိုင်သည့် စိန်ခေါ်မှုများ ရှိပါကြောင်း၊ ထို့ကြောင့် ဆရာသမားများက မိမိတို့၏ သားငယ်၊ သမီးငယ်များကို စာကောင်းပေကောင်းဖတ်ဖို့ လမ်းညွှန်ပေးရန် လိုအပ်ပါကြောင်း။

**သားကောင်းရတနာလေးများဖြစ်လာမည်**

စာဖတ်ခန်းများရှိရန်၊ စာကြည့်တိုက်များရှိရန် လိုပါကြောင်း၊ စာဖတ်ချင်စိတ်ဖြစ်အောင်လုပ်ရန် လိုအပ်ပါကြောင်း၊ ကလေးများ စာဖတ်ရန်ပြောသည့်အခါ ကလေးများသည် စာအုပ်များကို လက်လှမ်းမီရန် လိုပါကြောင်း၊ စာဖတ်ခန်းများရှိရန်၊ စာကြည့်တိုက်များရှိရန်၊ စာအုပ်စာပေဖတ်ခြင်းအားဖြင့် ကလေးကနေ လူကြီးဖြစ်လာမည်၊ ဘဝတစ်သက်တာ စာဖတ်ရင်းဖြင့် သူတို့ဘဝမှာ အခက်အခဲတစ်ခု ဘယ်လိုကျော်လွှားရမည် ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမည်၊ ဘယ်လို စူးစမ်းလေ့လာမည်၊ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးစိတ်များ ပေါ်လာမည်၊ သနားကြင်နာစိတ်များ ပေါ်လာမည်ဖြစ်ကြောင်း၊ စာနာစိတ်များပေါ်မည်၊ မကောင်းစိတ်ထားခြင်းသည် ကိုယ့်ဘဝမှာ အကျိုးမပေးဘူးဆိုသည့် အသိစိတ်ဓာတ်များဝင်လာမည် ဖြစ်ပါကြောင်း၊ သူတို့ဘဝအတွက် ဘဝတစ်သက်တာ စာဖတ်သွားရင်းဖြင့် တဖြည်းဖြည်း ပိုပိုပြီး ရင့်ကျက်လာသည့် အင်မတန်အဖိုးတန်သော သားကောင်းရတနာလေးများ ဖြစ်လာမည်ဖြစ်ပါကြောင်း။

ကလေးများ စာဖတ်နိုင်ရန်အတွက် စာကောင်းပေကောင်းများ ရေးပေးနိုင်သည့် စာရေးဆရာကြီးတွေ များများလိုပါကြောင်း၊ တကယ့်စေတနာထားပြီး ကဗျာကောင်းလေးများလည်း လိုမည်ဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးလာအောင် ချစ်ခင်လာအောင်၊ ထိန်းသိမ်းချင်စိတ် ပေါ်လာအောင်၊ စွန့်စားချင်စိတ် ပေါ်လာအောင်၊ ရဲရင့်ချင်စိတ် ပေါ်လာအောင်၊ သူတို့ဘဝတွင် ဘဝလုံခြုံရေးအတွက် ကိုယ်ခံအားကောင်းအောင် တွန်းအားပေးမည့် စာပေမျိုးများ ရေးနိုင်သည့် စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများ အများကြီး လိုပါကြောင်း၊ ရေးပေးပါဟုလည်း မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း။

**ကလေးများ လက်လှမ်းမီအောင်**

အလားတူ ဆရာကြီး ဆရာမကြီးများ ရေးပြီးသည့်အခါ ထုတ်ဝေပေးရန် စာပေထုတ်ဝေရေးသမားများ၏ အခန်းကဏ္ဍကလည်း အင်မတန်အရေးကြီးပါကြောင်း၊ စာရေးဆရာကြီးများ ရေးပြီးကာမှ ထုတ်ဝေသူမရှိလျှင် မဖြစ်ပါကြောင်း၊ အလားတူ စာအုပ်အဖြစ်ရောက်ပြီးနောက် ကလေးများ လက်လှမ်းမီအောင်၊ ဖတ်နိုင်အောင် အမြတ်အစွန်းနည်းနည်းဖြင့်၊ မိမိ၏ အနာဂတ် သားကောင်းရတနာများကို ပညာရေးကို အားပေးသည့် အနေဖြင့်၊ စာဖတ်ရှိန်ကောင်းအောင် လုပ်ပေးသည့်အနေဖြင့် စာအုပ်များဖြန့်ချိပေးနိုင်ရန် စေတနာရှေ့ထားသည့် စာပေ ဖြန့်ချိရေးသမားများလည်း အများကြီးလိုသည်ဟု မိမိအနေဖြင့် ယူဆပါကြောင်း။

ဘယ်သူပဲဖြစ်ဖြစ် မိမိအကျိုးမပါဘဲ မလုပ်နိုင်ကြပါကြောင်း၊ အကုန်လုံး အသက်မွေးဝမ်းကျောင်းအတွက် လုပ်နေခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမြတ်အစွန်းယူကြပါ ၊ သို့သော် ကလေးများ လက်လှမ်းမီအောင် လုပ်ပေးကြပါဟု ပြောလိုပါကြောင်း၊ နောက်တစ်ခုက ပြည်တွင်းစာရေးဆရာများ ရေးသလို ပြည်ပမှ ကလေးစာပေ ကောင်းနိုးရာရာများကို ဘာသာပြန်ပြီး ထုတ်ဝေသည်ကိုလည်း တွေ့ရပါကြောင်း။

**အလွယ်တကူ စုတ်ပြဲမသွားရန်လို**

စာပေထုတ်ဝေရေးလောကတွင်လည်း ယနေ့ တော်တော်လေး စာအုပ်စာပေများ ပုံနှိပ်ခြင်း၊ စာငှားခြင်းမှအစ၊ ပုံများ၊ စက္ကူစာသားများ အင်မတန်အဆင့်မြင့်လာပြီး အင်မတန်ကောင်းသည်ကို တွေ့ရပါကြောင်း၊ စာအုပ်ချုပ်သည့်နေရာတွင် ကော်ကပ်သည်ပဲဖြစ်ဖြစ်၊ ကလေးများဖြစ်သည့်အတွက် စာအုပ်ကိုင်တာသည် လူကြီးနှင့် မတူပါကြောင်း၊ စာအုပ်များ အလွယ်တကူ စုတ်ပြဲမသွားရန် လိုပါကြောင်း၊ ကော်ကပ်သည့်စာအုပ်များက ကလေးက ဘာမှမကြည့်ရသေးဘဲ အနှောင့်ပြုတ်ထွက်လာပါကြောင်း၊ ကြာကြာမခံပါကြောင်း၊ ၎င်းကို ဂရုပြုပြီး ညီအစ်ကိုမောင်နှမ တစ်ဆက် သိမ်းဆည်းနိုင်အောင်၊ ပျက်စီးမလွယ်အောင် လုပ်ပေးစေချင်ပါကြောင်း။

နောက်တစ်ခုက ဘာသာပြန်သည့်နေရာတွင် တစ်ခုလေး မေတ္တာရပ်ခံချင်ပါကြောင်း၊ ဘာသာပြန်သက်သက်သည် သူ့ဟာနှင့်သူ ဆီလျော်ပြီး ဖတ်၍ကောင်းပါကြောင်း၊ မိဘက ဖတ်ပြရင်ပဲ ဖြစ်ဖြစ်၊ ကလေးများ ကိုယ့်ဘာသာကိုယ် ဖတ်ရင်ပဲဖြစ်ဖြစ် အဆင်ပြေပါကြောင်း၊ တချို့ကျတော့ စေတနာလည်း ပါပါကြောင်း၊ ဘာတွေ့ရသလဲဆိုတော့ အပေါ်မှာ အင်္ဂလိပ်စာတစ်ပုဒ် အောက်မှာ မြန်မာစာတစ်ပုဒ်ဖြင့် ကလေးများ အင်္ဂလိပ်စာလည်း ပိုပြီးသိလာအောင်လုပ်သည့် သဘောဖြစ်ပါကြောင်း၊ တစ်ခု သတိပြုမိသည်မှာ ဘာသာပြန်သည့်နေရာတွင် တချို့က အမှုမဲ့ အမှတ်မဲ့ ဖြစ်ချင်တာလည်းဖြစ်မည်၊ မိမိစိတ်ထဲ ကောင်းနိုးရာရာလေးများထင်ပြီး ပြန်ပေးလိုက်သည်ကို တွေ့ရပါကြောင်း၊ ဒီလိုဟာမျိုးတွင် ကလေးများ အမှတ်မှားမည်ဖြစ်ပါကြောင်း၊ ဖတ်ပြသည့် မိဘများမှာလည်း တချို့က သတိထားမိမည်၊ တချို့လည်း ဒီအတိုင်း ဖတ်လျှင် ဖတ်မည်ဖြစ်ပါကြောင်း၊ လွဲတာလေးတွေ ရှိပါကြောင်း၊ ထို့ကြောင့် အပုဒ်လိုက် တစ်ခုချင်းလိုဟာမျိုးကို ဘာသာပြန်ပေးမည်ဆိုလျှင် တတ်နိုင်သမျှ အနီးစပ်ဆုံး၊ အဆီလျော်ဆုံးဖြစ်အောင် ၊ အမှတ်မမှားရအောင် ဂရုစိုက်ပြီး ပြန်ဆိုပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။




**ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပဲခူး)ဖွင့်ပွဲအခမ်းအနား၌ တက်ရောက်လာသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။** သတင်းစဉ်

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယနေ့ ပဲခူးတွင် ပြုလုပ်သည့် ကလေးစာပေပွဲတော်၌ ပြီးခဲ့သည့်ပွဲတော်များထက် ယခင်က မပါသေးသည့် ကဏ္ဍလေးများကို ထပ်မံဖြည့်စွက်ထားသည်ဟု သိရပါကြောင်း၊ နည်းပညာအရ စာဖတ်သည့်ကလေးများကို ဆွဲဆောင်မှုပေးနိုင်သည့်ဟာမျိုး အခန်းကဏ္ဍလေး ပါလာသည်ဟု သိရပါကြောင်း၊ AR ၊ VR ဟု ပြောပါကြောင်း၊ အဲဒီလိုကဏ္ဍများလည်း တိုးလာပါကြောင်း၊ ပြိုင်ပွဲတွေလည်း လုပ်ဖြစ်မည်ထင်ပါကြောင်း၊ တိုင်းရင်းသားဘာသာနှင့် ကဗျာရွတ်ဆိုခြင်းလည်း ပါမည်ဟု သိရပါကြောင်း၊ ဒီလိုလုပ်ခြင်းအားဖြင့် ကလေးများအနေဖြင့် ငယ်ငယ်ဘဝကတည်းက မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဘာသာစကားလေးများကို နားမလည်လျှင်တောင်မှ ကြားဖူးမည် ဖြစ်ပါကြောင်း၊ ဒီလို ခပ်ဝဲဝဲလေးနှင့် ပြောရင်းဆိုရင်း၊ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်စိတ်များ ပေါ်လာမည်၊ နားလည်စိတ်များ ပေါ်လာမည်ဖြစ်ပါကြောင်း၊ တစ်ယောက်၏ ယဉ်ကျေးမှုကို တစ်ယောက်က သိချင်စိတ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့ငယ်ငယ်တုန်းက ကျောင်းအိပ် ကျောင်းစားနေသည့်အချိန်ဆိုလျှင် ယခုလိုပင် ကျောင်းမှာ ဒေသပေါင်းစုံမှလာသည့် မိတ်ဆွေများကို တွေ့ရသည့်အတွက် ဒေသပေါင်းစုံ၏ ယဉ်ကျေးမှုများကို တစ်ယောက်နှင့်တစ်ယောက် သူငယ်ချင်းများ နားလည်ရန် ပြောပေးကြပါကြောင်း၊ ပိုပြီးချစ်ခင်ရင်းနှီးမှုရပြီး ပြည်ထောင်စုကြီးအတွက် အင်မတန်အားရှိသည့် ကိစ္စဖြစ်ပါကြောင်း။




**ဆရာမင်းသုဝဏ်၏ ပြခန်း၌ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်




**နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် ပြည်ထောင်စုဝန်ကြီးများ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

နောက်ဆုံးအနေဖြင့် ပြောလိုသည်မှာ မိမိတို့ ယခုလို နိုင်ငံတော်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စသည်ဖြင့် အားလုံးပူးပေါင်းပြီး စာပေဝါသနာရှင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံများ ပူးပေါင်းသည့် ပွဲများတွင် ပွဲပြီးမီးသေမဖြစ်ရန်၊ နဂိုရှိရင်းစွဲ ကလေးများ၏ စာဖတ်ချင်စိတ်ကို ပိုပြီး ဒီပွဲကြီးမှတစ်ဆင့် ပွားပေးလိုက်သည့်အနေဖြင့် မှတ်ယူပြီး သူတို့ဘဝတစ်သက်တာတွင် ဘဝလုံခြုံရေးအတွက် အာမခံချက်ရစေနိုင်သည့် စာအုပ်စာပေချစ်မြတ်နိုးခြင်းဖြစ်အောင်၊ ကလေးစာပေကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပြီး ဆရာ ဆရာမများ၊ ဒေသခံများက ဒီနေရာမှနေပြီး လုပ်ပေးကြရန်၊ စာကြည့်တိုက်များ ပွားများလာအောင် အားပေးပြီး အရှိန်မြှင့်တင်ပေးပါ၊ အနာဂတ်၏ သားကောင်းရတနာများ၊ ဉာဏ်ပညာဗဟုသုတများ ကြွယ်ဝပြီး ဆင်ခြင်တုံတရားမြင့်မားသည့် ကလေးများ၊ ဆုံးဖြတ်နိုင်စွမ်းရှိသည့် ပုဂ္ဂိုလ်များ၊ တိုင်းပြည်ချစ်သည့်ပုဂ္ဂိုလ်များ၊ သဘာဝကို မြတ်နိုးသည့် ပုဂ္ဂိုလ်များ ၊ စူးစမ်းတတ်သည့် ပုဂ္ဂိုလ်များ၊ လေ့လာတတ်သည့်ပုဂ္ဂိုလ်များ သားကောင်းရတနာလေးများဖြစ်အောင် အားပေးကြပါဟု ပြောကြားသည်။

**(၈)ကြိမ်ရှိပြီဖြစ်**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားမှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ဖြစ်ပါကြောင်း၊ ကလေးစာပေပွဲတော်များ ကျင်းပလာခဲ့သည်မှာ နိုင်ငံတော်အဆင့် (၈)ကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် နဝမအကြိမ်မြောက် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကလေးစာပေပွဲတော်ကြီးများ ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ခရိုင်၊ မြို့နယ်များတွင်လည်း ကျင်းပလျက်ရှိပါကြောင်း။




**ကလေးစာပေပွဲတော်(ပဲခူး)တွင် ကလေးငယ်များ ပုံပြောပြိုင်ပွဲဝင်နေမှုကို တွေ့ရစဉ်။** သတင်းစဉ်

**ပျော်ရွှင်မှုရှိရန် အရေးကြီး**

ကလေးစာပေပွဲတော်ကျင်းပရခြင်း အဓိကရည်ရွယ်ချက်မှာ ကလေးများ ပျော်ရွှင်စေရန်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကလေးများကို ပျော်ရွှင်စေချင်ပါကြောင်း၊ ကလေးများသာမက လူသားအားလုံး ပျော်ရွှင်မှုရှိရန် အရေးကြီးပါကြောင်း၊ ကလေးများ ပျော်ရွှင်ရန်ဆိုပြီး ပျော်ပွဲရွှင်ပွဲများသာ ကျင်းပပေးခြင်းမျိုး မဟုတ်ပါကြောင်း၊ ခေတ္တခဏသာ ပျော်ရွှင်ခြင်းမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့ ကြာရှည်သည့် ပျော်ရွှင်မှုမျိုးဖြစ်အောင် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

**အမှတ်တရဖြစ်စေချင်**

ကလေးစာပေပွဲတော်ဆိုပြီး ကလေးပွဲများ သက်သက်မဟုတ်ဘဲ စာပေပွဲများလည်း ထည့်သွင်းကျင်းပပေးပါကြောင်း၊ ခန်းမအတွင်းနှင့် အပြင်ဘက်တွင် စာအုပ်များ ခင်းကျင်းပြသထားသကဲ့သို့ ဈေးတန်းများတွင်လည်း စာအုပ်များရောင်းချပေးလျက်ရှိပါကြောင်း၊ ကလေးများကို စာအုပ်စာပေနှင့် ထိတွေ့စေချင်ပါကြောင်း၊ ကလေးစာပေပွဲတော်မှ လက်ဆောင်ပေးသော စာအုပ်များ၊ ဈေးတန်းမှရောင်းချသော စာအုပ်များ ဝယ်သွားခြင်းဖြင့်လည်း အမှတ်တရဖြစ်စေချင်ပါကြောင်း။

**စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်ရလာ**

ကလေးများ စာအုပ်စာပေနှင့် ထိတွေ့ပျော်ရွှင်စေရန်သာမက လူအများနှင့် ပူးပေါင်းလုပ်ဆောင်တတ်သည့် အဖွဲ့အစည်း စိတ်ဓာတ်များ ရှိစေရန်လည်း ရည်ရွယ်ပါကြောင်း၊ Theme Song ဆိုသည့် ကလေးတွေကို ရေတွက်ကြည့်သည့်အခါ ၃၈ ယောက်ရှိပါကြောင်း၊ သူတို့လေးတွေအနေဖြင့် သီချင်းဆိုရန် ဇာတ်တိုက်လေ့ကျင့်ရမည်၊ ဆရာ ဆရာမများက လေ့ကျင့်ပေးရမည်၊ ဘယ်သူက ဘယ်လိုစသည်ဖြင့် ညှိရမည်ဖြစ်ပါကြောင်း၊ ညီညီညာညာဖြစ်အောင် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်ရလာပါကြောင်း။

ကလေးစာပေပွဲတော်များ ကျင်းပရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင် / မြို့များ၏ တက္ကသိုလ်များ၏ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပလေ့ရှိပါကြောင်း၊ ကျင်းပရသည့် ရည်ရွယ်ချက်မှာ နေရာထိုင်ခင်း ကျယ်ကျယ်ဝန်းဝန်းရှိခြင်း၊ ပွဲတော်လာသည့် ကလေးများမှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအရွယ် ကလေးများဖြစ်၍ သူတို့ဘာသာ တက္ကသိုလ်သို့ လာရောက်ရန် ခက်ခဲပါကြောင်း၊ ကြုံကြိုက်မှသာ ရောက်ရှိနိုင်ပါကြောင်း၊ ကလေးစာပေပွဲတော် ကျင်းပသည့်အခါ

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

တစ်နယ်လုံးမှ ကလေးငယ်များ တက္ကသိုလ်အတွင်း ရောက်ရှိလာသည့်အခါ အထင်ကြီးအားကျလာနိုင်ပါကြောင်း၊ တစ်နေ့ငါတို့လည်း တက္ကသိုလ်ရောက်ရမည်ဆိုသည့် အတွေးများ ရှိလာနိုင်ပါကြောင်း၊ ခမ်းနားသည့် ခန်းမကြီးအတွင်း ရောက်ရှိသည့်အခါ ဂုဏ်ယူတတ်သည့်စိတ်များလည်း ဖြစ်ပေါ်လာနိုင်ပါကြောင်း။

**ဝိုင်းဝန်းကူညီပံ့ပိုးပေး**

ကလေးစာပေပွဲတော် လာရောက်ရင်း၊ ဆက်စပ်မိရင်း စေတနာ သဒ္ဓါတရားထက်သန်သည့် ပုဂ္ဂိုလ်များလည်း ကြုံဖူးပါကြောင်း၊ မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် ကလေးစာပေပွဲတော်တွင် မော်လမြိုင်တက္ကသိုလ် ကျောင်းသားဟောင်းများပါဝင်သည့် ရပ်မိရပ်ဖများက ခန်းမရှေ့တွင် ကွန်ကရစ်ခင်းပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဝိုင်းဝန်းကူညီပံ့ပိုးပေးပါကြောင်း။

**စာအုပ်များကို တတ်နိုင်သလောက်ပြသ**

နေပြည်တော်တွင် ကျင်းပသည့် စာတတ်သူတိုင်း စာဖတ်ရေးလှုပ်ရှားမှုတွင် ပထမဆုံးအကြိမ်အဖြစ် စာအုပ်ပေါင်း ၄၂၀၀ ကျော်ကို ခင်းကျင်းပြသခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စာမဖတ်ကြောင်း၊ စာအုပ်စာပေ မထွန်းကားကြောင်း ပြောဆိုသည်များရှိရာ စာဖတ်မှုနှင့် ပတ်သက်၍ အားနည်းချက်များ ရှိသည်မှန်သော်လည်း စာမဖတ်ကြဘူး၊ စာအုပ်စာတမ်း မထွက်ဘူးဆိုသည့်အချက်မှာ မမှန်ပါကြောင်း၊ စာဖတ်ချင်သူများအတွက် စာအုပ်တွေရှိပါတယ်ဆိုသည့်အချက်ကို ပြချင်သည့်အတွက် ၂၀၁၈ တစ်နှစ်လုံးထွက်သည့် စာအုပ်များကို တတ်နိုင်သလောက် ပြသပေးခြင်းဖြစ်ပါကြောင်း။

**စေတနာထက်သန်သည့် ပုဂ္ဂိုလ်များရှိ**

မြစ်ကြီးနားတက္ကသိုလ်တွင် ကျင်းပသည့် ကလေးစာပေပွဲတော်တွင် စာပေကို စိတ်ဝင်စားသည့် စေတနာရှင်များက စာပေပွဲတော်နှင့် ဟောပြောပွဲများသာမက စာအုပ်များခင်းကျင်းပြသသည့်အတွက် ဝမ်းသာကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း ကလေးစာပေပွဲတော်များ ကျင်းပပေးပါ၊ တတ်နိုင်သလောက် ဝိုင်းဝန်းကူညီပေးပါမည်ဟု ပြောသည့်အတွက် ပူတာအိုဦ ကလေးစာပေပွဲတော် ဆက်လက်ကျင်းပပေးခဲ့ပါကြောင်း၊ ပူတာအိုလိုနေရာမျိုးသည် သွားလာရခက်ခဲသလို စာအုပ်စာပေရောက်ရန်လည်း ခဲယဉ်းပါကြောင်း၊ သို့သော် ပူတာအို ကလေးစာပေပွဲတော်တွင် ယခုကဲ့သို့ စာအုပ် ၄၂၀၀ ကျော်ကို ခင်းကျင်းပြသခဲ့ပါကြောင်း၊ စေတနာရှင်ပုဂ္ဂိုလ်များက ပူတာအိုတွင်ပြသထားသည့် စာအုပ်များကို ပြန်မသယ်ရန်နှင့် သူတို့လှူဒါန်းမည်ဟု ပြောပါကြောင်း၊ မိမိတို့ဘက်မှ အချို့စာအုပ်များကို လှူဒါန်းခဲ့သည့်အတွက် စေတနာရှင်များဘက်မှ သိန်း ၆၀ ကျော်သာ ဝယ်ရပါကြောင်း၊ အဓိက ပြောချင်တာက ကလေးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထက်သန်သည့် ပုဂ္ဂိုလ်များရှိခြင်းကို ပြောချင်တာဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ကလေးစာပေပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း။




နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် ကလေးစာပေပွဲတော်(ပဲခူး)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

အချုပ်ဆိုရသော် ကလေးများဖွံ့ဖြိုးတိုးတက်ပြီး လူတော်လူကောင်းများဖြစ်လာစေရန်၊ တိုင်းပြည်၏အနာဂတ် ပိုမိုတောက်ပြောင်စေရန်အတွက် ကလေးစာပေပွဲတော်များကို ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ဒီပွဲတင်သာမက စာပေဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးများစာဖတ်ရေး၊ အသိပညာပြန့်ပွားရေးတွင် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပြီးကူညီဆောင်ရွက်ပေးကြရန် ထပ်ဆင့်မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားသည်။

**ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေ**

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေကြသည်။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကျေးဇူးတင်စကား ပြောကြားရာတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ်၌ ကျင်းပပြုလုပ်သည့် ကလေးစာပေပွဲတော်တွင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့် ကလေးများကို ဉာဏ်ရည်ဉာဏ်သွေး ဗဟုသုတများ ထက်မြက်လာစေရန်နှင့် တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေ၌ရင်းနှီးပြီး စာဖတ်ဝါသနာ ပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ပျော်ရွှင်လာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ တက်တက်ကြွကြွဖြင့် ကဏ္ဍအသီးသီးမှ ဝိုင်းဝန်းအားပေးကူညီပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ ပဲခူးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အထူးသဖြင့် ဖျော်ဖြေရေးကဏ္ဍတွင် ပါဝင်ဖြည့်ဆည်းပေးပါသော အခြေခံပညာကျောင်းများမှ တာဝန်ရှိသူများ အားလုံးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ကလေးစာပေအပါအဝင်နှလုံးပြည့်ဝ၊ ပညာဉာဏ်ပြည့်ဝသော နိုင်ငံသူ၊ နိုင်ငံသားများဖြစ်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်နှင့်အဖွဲ့သည် ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ပါဝင်ဆင်နွှဲ**

ကလေးစာပေပွဲတော်(ပဲခူး)ကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပဲခူးတက္ကသိုလ်၌ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




ကလေးစာပေပွဲတော် (ပဲခူး) ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေကြစဉ်။ သတင်းစဉ်

## စာပေဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပဲခူး မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပထမနေ့ကို ယနေ့နံနက် ၉ နာရီက စတင်ဖွင့်လှစ်ခဲ့သည်။

စာပေပွဲတော်ပထမနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ခြိမ့်က "ကိုယ်တိုင်ရေးတဲ့ ဒိုင်ယာရီ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ ခိုင်ချစ်အောင် (ပဲခူး)က "ယနေ့ပွင့်သော ပန်းကလေးများ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ပြီး ဦးဆန်းဝင်း၊ နန်းခင်မွှေး (ဇာတ်သဘင်)၊ ရုပ်ရှင်သရုပ်ဆောင် မင်းညီနှင့် ဟံသာစိုးဝင်း (ဇာတ်သဘင်)တို့က "ပညာရှာသူ တို့ဝိုင်းကူ"ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

**ရဲမိုး**

## ကလေးစာပေပွဲတော်(ပဲခူး) ပထမနေ့တွင် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ပဲခူး မတ် ၂၈**

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော် (ပဲခူး) ပထမနေ့ စက္ကူခေါက်ပြိုင်ပွဲတွင် မူလတန်းအဆင့် ၃၀၃ ဦး၊ အလယ်တန်းအဆင့် ၁၅၄ ဦး၊ စကားပုံဆက်ပြိုင်ပွဲတွင် ၃၆၆ ဦး၊ အရုပ်ဆက်ပြိုင်ပွဲတွင် ၅၃၂ ဦး၊ အိမ်ဆောက်ပြိုင်ပွဲတွင် ၃၂၂ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ၄၅၀ ၊ အလယ်တန်းအဆင့် ၄၂၀ ၊ Team Building Game ပြိုင်ပွဲတွင် ၅၀၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ဝေလျှံ**



# သမီးရေးတဲ့ အဖေ့အကြောင်း

ချစ်နိုင်(စိတ်ပညာ)

**ကျွန်တော်ရင်းနှီးကျွမ်းဝင်ခြင်းမရှိတဲ့ အမျိုးသမီးကလောင်တစ်ချောင်း။ အမည်က ခင်ဦးတဲ့။ ကျွန်တော်နဲ့ တပ်ရင်းတစ်ရင်းတည်းအတူတကွ တာဝန်ထမ်းဆောင်ခဲ့ရပြီး နောင်အခါ ကျောက်မျက်ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးဆိုတာရှိဖူးတော့ သူ့ဝတ္ထုတိုလေးကို စိတ်ဝင်စားမိတာနဲ့ စဖတ်ကြည့်တယ်။ ကလောင်သစ်ဆရာမခင်ဦး (သို့မဟုတ်) ခင်မေခ။**

"ကျွန်မငယ်ငယ်တုန်းက အဖေ့ကို မချစ်ခဲ့ပါ"တဲ့။ "ကြောက်စိတ်နှင့်ရွံစိတ်သာရှိခဲ့ပါတယ်" တဲ့။ ဟာဗျာ အဖွင့်ဝါကျကို ဒီလိုစတာတော့ ကျွန်တော်ခံတွင်း မတွေ့လှ။ "အဖေနဲ့တူတဲ့ သမီးလို့ ကျွန်မကိုပြောတဲ့အခါတိုင်း မကြိုက်ခဲ့ပါဘူး" တဲ့။ ဒီလေသံမျိုးဆို ကျွန်တော် မကြိုက်ချင်ပါဘူး။ သို့ပေမယ့် သူ့အဖေပုံပန်းကို ဆက်ရေးတော့ ဆက်ဖတ်ဖြစ်ပါတယ်။ "အဖေ သို့မဟုတ် ကျွန်မ၏ စံပြပုဂ္ဂိုလ်" ဟူသောစာတစ်ပုဒ်ကို။

**ပုံပန်း**

"ညိုမှောင်တဲ့အသားအရေ၊ အရပ်မြင့်မြင့်၊ ခေါင်းဖြူဖြူ၊ မျက်ခုံးမျက်လုံး ကောင်းကောင်းတွေဟာ အဖေရဲ့ ထင်ရှားတဲ့ အမှတ်သညာတွေပါပဲ" တဲ့။ စသည်ဖြင့် ရုပ်လုံးပေါ်အောင် ရေးဖွဲ့လာပါတယ်။

**သဘောထား**

စာဖတ်သူရဲ့ မျက်စိထဲမှာသူ့ဖခင်ရဲ့ ရုပ်ဆင်းအင်္ဂါ ပုံပန်းသဏ္ဌာန်ကို ထင်ရှားပေါ်လွင်အောင် သရုပ်ဖော်တင်ပြပြီးတဲ့အခါမှာတော့ အဖေ့သဘောထားကို ဖော်ပြလာပါတယ်။

"အဖေအိမ်မှာရှိရင် ကျွန်မတို့ကတော့ ကြောင်ရှိတဲ့ ကြွက်တွေလိုပါပဲ။ စကားကျယ်ကျယ်ပြောပြီး အငြင်းအခုံ မလုပ်ရဲ၊ ရန်မဖြစ်ရဲ၊ မဆော့ရဲကြပါဘူး။ အဖေကိစ္စတစ်ခုခုနဲ့ အပြင်သွားတိုင်း အလွန်ပျော်ကြတာ ကျွန်မတို့အငယ်မောင်နှမ သုံးယောက်ပါပဲ။ ကျွန်မတို့ မွေးချင်း ၁၁ ယောက် ရှိခဲ့တယ်။ အဖေမရှိရင် အိမ်မှာလွတ်လပ်ရေးပါပဲ။ ပြောင်းဆန်အောင် ဆော့ကြ၊ ရန်ဖြစ်ကြ၊ ငြင်းကြ၊ ခုံကြ၊ ငိုကြ၊ ပူကြဆူကြတာ ကျွန်မတို့တွေပေါ့။

"အဖေပြန်လာလို့ အတိုင်ခံရရင်တော့ တန်းစီပြီး ကြိမ်လုံးနဲ့ ဆော်ခံတာ ထိပါတယ်။"

အင်းပေါ့လေ။ အဖေ့ကို ကြောက်ရတာ များခဲ့ပေတာကိုး။ ကျွန်မငယ်ငယ်က အဖေ့ကိုမချစ်ခဲ့ပါဆိုတာ သဘောပေါက်ပြီ။

အဖေဟာ အရပ်ထဲမှာ လူချစ်လူခင်ပေါပါတယ်။ ရပ်ထဲလမ်းထဲမှာ အလှူပွဲ မင်္ဂလာပွဲလုပ်မယ်ဆိုရင် အဖေကဦးစီးဦးဆောင်ပြီး အကုန်စီမံခန့်ခွဲတယ်။ ဘယ်သူဘယ်ဝါ ချက်ပြုတ်ရေးအဖွဲ့၊ မဏ္ဍပ်ဆောက်လုပ်ရေး အဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ ဖျော်ဖြေရေးအဖွဲ့ စသည်ဖြင့် အကုန်လုံး ထောင့်စေ့အောင် စီမံပါတယ်။ အလှူရှင်လောင်းလှည့်မယ်ဆိုရင် မြင်းငှား၊ နတ်ပြ၊ ကွမ်းတောင်ကိုင်တွေအထိ မလစ်ရ၊ မဟာရအောင် ကြီးကြပ်နိုင်ပါတယ်။ ဦးဆောင်စီမံရုံတင်မက အောက်ခြေသိမ်းလည်းလိုအပ်ရင် ဝင်လုပ်ပေးသေးတယ်။

**ရပ်ရေးရွာရေး**

တစ်ရက်မှာ အလှူတစ်ခုရှိလို့ ကိုယ့်လမ်းထဲကအိမ်ကို အဖေသွားပြီးကူညီလုပ်ကိုင်ပေးနေတာတစ်နေကုန်။ အလှူသာပြီးသွားတယ် အဖေအိမ်ပြန်ရောက်မလာသေး။ အိမ်ကိုဧည့်သည်လာလို့၊ အဖေနဲ့တွေ့ချင်ပါတယ်ဆိုလို့ အမေက အဖေ့ကို သွားခေါ်ခိုင်းပါတယ်။

မဏ္ဍပ်ထဲမှာ အဖေ့ကိုရှာမတွေ့ပါ။ မဏ္ဍပ်အလွန် ကွင်းစပ်ဘက်အသံတွေကြားလို့ သွားကြည့်လိုက်တဲ့အခါ ဒန်အိုးအကြီးကြီးတစ်လုံး တိုက်ချွတ်ဆေးကြောနေပါတယ်။ ခေါ်လာပြီး အိမ်ပြန်ရောက်တဲ့အခါ အမေ့ကိုပြောပြတဲ့အခါ အမေကအဖေ့ကို "ကိုကြိုင်-ရှင်ကလေ သူများကိစ္စကူတာတော့ ကူပေ့ါတော်။ လွန်လွန်းတယ်။ ဒန်အိုး တောင်တိုက်ရသလား"လို့ အငေါ်တူးပါတယ်။

အဖေကတော့.....

"မရီရယ် အားလုံးကအလှူရက် မတိုင်ခင်ကတည်းက လုပ်ကိုင်နေကြရလို့ ပင်ပန်းနေကြပြီ။ အလုပ်ဆိုတာသာတယ်၊ နာတယ်မဟုတ်ပါဘူးဟယ်။ ကိုယ်နိုင်တဲ့ဘက်က ဝင်ကူတာ ကုသိုလ်ရပါတယ်"တဲ့။

အမေကတော့ အဖေ့ကို ယောက်ျားရွှေမိဆိုပြီး "ကိုရွှေမိ"လို့ ခေါ်တတ်ပါတယ်။ (ကလေးဆယ့်တစ်ယောက်ရဲ့ အဖေနဲ့အမေ ကိုကြိုင်နဲ့ မရီရဲ့ ချစ်စနိုးလေးတွေ အမြတ်တနိုးခေါ်တတ်ပုံကလည်း သတိပြုမိစရာပါ)။

အရပ်ထဲကတော့ ဦးလေးကြိုင်၊ ဘကြီးကြိုင်နဲ့ခေါ်ကြပြီး ရပ်ရေးရွာရေး ဟူသမျှ ကိုရွှေမိပါမှ။ အဖေဟာငယ်ဘဝ၊ အိမ်ထောင်သည်ဘဝ သားသမီး တစ်ကျိပ်ကျော်ကို မပူမပင်ရအောင် လုပ်ဆောင်ကျွေးမွေးခဲ့ပေမယ့် အသက် ၆၀ နီးတော့ သမီးကြီးကတစ်လှည့် တစ်အိမ်လုံးကိုကြည့်ရှုနိုင်တဲ့ ကုန်သည်ကြီး ဖြစ်လာတဲ့အခါ အဖေငွေရှာတဲ့တာဝန် မထမ်းရတော့ပါ။

အဖေဟာ အိမ်မှုကိစ္စတွေမှာ မနေနိုင်စွာ အိမ်သားအားလုံးအတွက် ဝင်ကူရှာပါတယ်။ ထမင်းချက်၊ အဝတ်လျှော်၊ ပန်းပင်ရေလောင်း၊ ချုံရှင်း၊ မီးပူတိုက်တာက အစ အမေ့ကို ကူလုပ်ပေးတယ်။ အလုပ်လုပ်ဖို့ရာ မပျင်း။

ရပ်ရွာလူမှုရေးလုပ်ငန်းဟူသမျှလည်း သူကရှေ့ဆုံးပဲ။ ရပ်ကွက်ထဲ ရေမြောင်းသန့်ရှင်း၊ ရေဆိုးလဲ၊ ပုဆိုးတိုတိုနဲ့ သူပါတာပဲ။

အဖေဦးဆောင်ပြီဆိုရင်လည်း တစ်ရပ်ကွက်လုံး သူ့နောက်ကတစ်အုပ်တစ်သင်း အားလုံးပါဝင်လာကြတာပဲ။ "လုပ်အားပေးပွဲပြီးရင်ကျွေးဖို့ ကောက်ညှင်းပေါင်းပါဦး မရီရယ်။ ငါးရံ့ခြောက်လေးလည်း ရှိတယ်မဟုတ်လား၊ ဖုတ်ထားနှင့်ကွယ်" ကိုယ်တိုင်လည်းပါဝင် ဦးဆောင်လုပ်အားပေးတဲ့အပြင် အကျွေးအမွေးလည်း ကူညီသေး။ တစ်ရပ်လုံးက ချစ်ခင်ကြ၊ ရိုသေကြတာပေ့ါ။

မြို့နယ်လူကြီးတွေက လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူထုလှုပ်ရှားမှုပါရမယ့် လုပ်ငန်းဟူသမျှ ဦးလေးကြိုင်ကို ထိပ်ဆုံးကပင့်ဖိတ်တိုင်ပင်ပြီး စီမံချက်ဆွဲ၊ အကောင်အထည်ဖော်။ လူထုအင်အားနဲ့ စုပေါင်းလုပ်ရင် အောင်မြင်တာချည်းပဲလေ။

အရပ်ထဲလူငယ်ဘဝ ခိုက်ရန်ဒေါသဖြစ်ကြရင်လည်း ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ကျေအေးပပျောက်အောင် နှစ်ဖက်ဖျောင်းဖျဆုံးမပြီး ဒဏ်ကြေးအဖြစ် မြောင်းပေါက်၊ မြက်ခုတ်ခိုင်းလိုက်တာပါပဲ။ ရဲစခန်းမရောက်ရ၊ တရားရုံးမရောက်ရ။ ရပ်ကွက်ရုံးမှာတင်ပြီးပြတ်အောင် ဦးဆောင်နိုင်တဲ့ သြဇာရှိတယ်။ (ရာထူးသူကြီး၊ ဆယ်အိမ်မှူးမဟုတ်ပေမယ့် အာဏာမသုံးရဘဲ သြဇာသက်ရောက်မှုနဲ့ စီမံဝေဖန်တတ်တယ်) ရပ်မိရပ်ဖလူကြီး။

> **"မိဘဆုံးမလို့မနိုင်တဲ့ သားသမီးတချို့ဆို အဖေ့ဆီကိုအပ်ကြတယ်။ အဖေက ချိုချိုသာသာနဲ့ နားဝင်အောင် ပြောပြတတ်လို့ ပြုပြင်ပြောင်းလဲသွားကြတာပဲ။ ရပ်ကွက်၊ ကျောင်း၊ မိဘဆရာအသင်းမှာလည်း ဥက္ကဋ္ဌလုပ်ရတယ်။ ကျောင်းတိုးတက်ရာ တိုးတက်ကြောင်းကို ကျောင်းအုပ်ဆရာကြီးတွေထက် အဆများစွာ ပါဝင်လှုပ်ရှားတယ်၊ ပင်ပန်းခံနိုင်ပါတယ်။ ရပ်ရွာအပေါ် စေတနာသန့်သူ မဟုတ်လား။ ဥပမာကျောင်းကို မပျက်စီးအောင် ထိန်းသိမ်းဖို့၊ ကျောင်းနံရံ သစ်သား၊ ဝါးထရံတွေကို ရေနံချေးသုတ်တဲ့အခါ လူငယ်တွေနဲ့အတူ သူကိုယ်တိုင် ဝင်သုတ်တဲ့ အဖေပါ"**

မိဘဆုံးမလို့မနိုင်တဲ့ သားသမီးတချို့ဆို အဖေ့ဆီကိုအပ်ကြတယ်။ အဖေက ချိုချိုသာသာနဲ့ နားဝင်အောင် ပြောပြတတ်လို့ ပြုပြင်ပြောင်းလဲသွားကြတာပဲ။ ရပ်ကွက်၊ ကျောင်း၊ မိဘဆရာအသင်းမှာလည်း ဥက္ကဋ္ဌလုပ်ရတယ်။ ကျောင်းတိုးတက်ရာ တိုးတက်ကြောင်းကို ကျောင်းအုပ်ဆရာကြီးတွေထက် အဆများစွာပါဝင်လှုပ်ရှားတယ်၊ ပင်ပန်းခံနိုင်ပါတယ်။ ရပ်ရွာအပေါ် စေတနာသန့်သူမဟုတ်လား။ ဥပမာ ကျောင်းကို မပျက်စီးအောင် ထိန်းသိမ်းဖို့၊ ကျောင်းနံရံသစ်သား၊ ဝါးထရံတွေကို ရေနံချေးသုတ်တဲ့အခါ လူငယ်တွေနဲ့အတူ သူကိုယ်တိုင် ဝင်သုတ်တဲ့အဖေပါ။ (တခြားလူတွေက ရေနံချေး စွန်းပေမှာစိုးလို့ အနားတောင်မလာပါ။)

လူကြီးလူငယ်မရွေးအဖေ့ကို ချစ်ကြလွန်းလို့၊ ကြည်ညိုကြလို့ အမေက မျက်စိဆံပင်မွေးစူးပါတယ်။

ဟိုကလည်း ဦးလေးကြိုင်၊ ဒီကလည်း ဘကြီးကြိုင်နဲ့ "ကိုရွှေမိ" ဖြစ်နေတဲ့ အဖေ့ကို ..

"ဆပ်ပြာကောင်းလို့ ခေါင်းပေါင်းဖြူတယ်။ သမီးကောင်းလို့ ရှင်အခုလိုခေါင်းပေါင်းဖြူရတာ ကိုကြိုင်ရဲ့။ အမလေး၊ ကိုယ့်ထမင်းကိုယ်စားပြီး ဘကြီးနွားကျောင်းတာလည်း လွန်လွန်းတယ်တော်"တဲ့။

အဖေကတော့ ဟဲဟဲ.. ဟဲဟဲနဲ့ ရယ်နေတာပါပဲ။ အပြင်မှာ မျက်နှာချိုလှတဲ့အဖေဟာ ကျွန်မတို့အပေါ်မှာတော့ မျက်နှာအင်မတန်တည်ပါတယ်။ မျက်နှာသာမပေးပါဘူး။ အဲဒါကြောင့်လည်း ကျွန်မတို့က အဖေ့ကို မချစ်ပါဘူးတဲ့။

ဒါပေမယ့် ........

အရွယ်ရောက်လာတဲ့အခါမှာ စဉ်းစားကြည့်တော့ အဖေက သားသမီးတွေကို လိမ္မာစေချင်လို့၊ စာတော်စေချင်လို့၊ ဒီလိုနေထိုင်တာပဲဆိုတာ တွေးမိလာပါတယ်။ ပညာရေးကိုလည်း အင်မတန်အားပေးတဲ့ အဖေပါ။

**သျှောင်ထုံး၊ နားပေါက်၊ ထိုးကွင်း**

ကြည့်ဦး။ သမီးတွေစာကျက်ပျက်မှာစိုးလို့ သမီးတွေရဲ့ ချွေးခံအင်္ကျီကအစ လျှော်ပေးတဲ့ အဖေပါ။ စာကျက်ရင်လည်း နားထောင်နေတတ်ပါတယ်။

ငယ်ငယ်က ရွာမှာနေရတဲ့အဖေဟာ ဘုန်းကြီးကျောင်းထွက်ပါ။ ဘဝအခြေအနေနဲ့ အလုပ်တွေကရခဲ့တဲ့ အတွေ့အကြုံကြောင့် အင်္ဂလိပ်စကားနဲ့ ကုလားစကားကို ထမင်းစားရေသောက် ပြောနိုင်ပါတယ်။ (ပညာကိုလိုလားတဲ့ အကျင့်၊ ပညာကို အားပေးတဲ့ အလေ့အထရှိတာ ထင်ရှားသိသာပါတယ်။)

အဖေ့ကို ကျွန်မကြိုက်တဲ့အချက်က ပေါင်မှာထိုးကွင်းတွေ အပြည့်ထိုးတာပဲ... တဲ့။

နားမှာလည်း နားပေါက်ကြီးနဲ့ ။ "အဖေ ဒါကဘာလဲ" လို့မေးရင် "လူပျိုဘဝက သျှောင်ထုံးနဲ့၊ နားကပ်နဲ့" လို့ ပြောပါတယ်။ အဖေ့ကိုကြည့်ပြီး ကျွန်မသီချင်းတစ်ပုဒ်ကို သတိရပါတယ်တဲ့။ (အဲဒါ ဆရာရွှေပြည်အေးရေးပြီး ရုပ်ရှင်မင်းသမီး မေချစ်ဆိုခဲ့တဲ့ ထိုးကွင်းလေးနဲ့ ခြင်းခတ်သူသီချင်းပါ)

"ချစ်တဲ့သူ ကိုဆံရှည် သျှောင်ကြီးဗွေ၊ ရွာတောင်ခြေ၊ ညောင်ပင်မလေ၊ အရိပ်ဖြာဝေ၊ လူပျိုတစ်တွေ၊ မိတ်သဟာဆွေ၊ ဒီမြေတလင်း၊ လယ်ကွင်းဆင်းတာလေ... ဘယ်ခြေညာခြေ၊ ဒူးပေါင်ရိုးအတွင်းမှာလေ၊ ထိုးကွင်းနဲ့အလှသားအေး၊ ခြင်းလုံးကို သူခတ်ကစားနေ... ခါးတောင်းမြှောင်အောင်ကျိုက်ကာထား......."

ယောက်ျားပီသတဲ့အပြင် သတ္တိလည်းရှိလှတဲ့အဖေ။ သူ့အဖေရဲ့ ရုပ်သွင်ကို မြင်ယောင်အောင် ရေးဖွဲ့ပြီးစိတ်ဓာတ်သတ္တိကိုလည်း မျက်မြင်အဖြစ်အပျက် တစ်ခု ဖော်ပြပြီးရေးလိုက်တယ်။

**မမေ့နိုင်တဲ့ဖြစ်ရပ်တစ်ခု**

သတ္တိရှိလှတဲ့ အဖေနဲ့ပတ်သက်ပြီး မမေ့နိုင်တဲ့ အဖြစ်အပျက်တစ်ခုဟာ ကျွန်မမျက်စိထဲမှာ စွဲနေပါတယ်။ ကျွန်မတို့ငယ်ငယ်က ကျွန်မတို့လမ်းနဲ့ကပ်လျက် တပ်ဖွဲ့လမ်းထိပ်မှာ လူငယ်တွေရန်ဖြစ်ရာက ဓားတွေ၊ တုတ်တွေနဲ့ ခုတ်နေကြပါတယ်။

သွေးရဲရဲဖြစ်နေတဲ့ ရန်ပွဲကို ဖြေရှင်းဖို့ အဖေ့ကို အပြေးအလွှားလာခေါ်ကြပါတယ်။ အဖေဟာ စွပ်ကျယ်ချိုင်းပြတ်နဲ့ အိမ်ကပြေးဆင်းသွားပါတယ်။

စပ်စုလှတဲ့ ကျွန်မကလည်း အဖေ့နောက်ကနေ ပြေးလိုက်သွားပါတယ်။

ရန်ပွဲကလည်း ကြောက်ခမန်းလိလိပါပဲ။ ခေါင်းမှာ သွေးချင်းချင်းနီနေတဲ့ တစ်ယောက်။

ပခုံးမှာ ဓားခုတ်ရာနဲ့ အင်္ကျီတစ်ခုလုံး သွေးတွေရွှဲနေတဲ့ တစ်ယောက်။

ခေါင်းကိုရိုက်ခံထားရလို့ ပုံလျက်သား လဲကျနေတာက တစ်ယောက်။

အုပ်စုလိုက်ရန်ပွဲဟာ မြင်မကောင်းတော့ပါဘူး။ ရပ်ကွက် ကောင်စီဥက္ကဋ္ဌနဲ့ အဖွဲ့က ကွမ်းယာဆိုင်ကနေ လှမ်းအော်နေပါတယ်-

"ဟော့ကောင်တွေ တော်တော့၊ တော်တော့" ပြောနေပေမယ့် ဘယ်သူမှ အသိစိတ်မကပ်တော့ဘူး။ (အကုန်သွေးရူးသွေးတမ်း ကြမ်းရမ်း နေကြတာ)

အဲဒီမှာရန်ပွဲကို ရောက်လာတဲ့အဖေဟာ လမ်းထိပ်ထင်းဆိုင်က တုတ်တစ်ချောင်းကိုယူပြီး ရန်ပွဲအလယ်ကောင်ထဲကို ဝင်သွားပါတော့တယ်။ ဂျပန်ကင်ဒိုဓားကိုင်ပြီး ခုတ်နေတဲ့ကောင်ရဲ့လက်ကို အဖေက ထင်းတုတ်နဲ့ ရိုက်ချလိုက်ပါတယ်။

ပြီးတော့ တုတ်အကြီးကြီးကိုင်ပြီး ရိုက်နေတဲ့ကောင်ရဲ့ ခြေထောက်ကိုထပ်ပြီး ရိုက်ချလိုက်ပါတယ်။ အဓိကလူ နှစ်ယောက် ဖယ်ပြီးသွားတဲ့အခါမှာ ရန်ပွဲဟာ ငြိမ်ကျသွားပြီ။ အဖေ့ကိုခုတ်မလို့ ပြေးလာတဲ့ ကောင်လေးက အဖေ့မျက်နှာကိုလည်း မြင်ရော "ဘကြီးကြိုင်" ဆိုပြီး ဓားချသွားပါတယ်။ ဆေးရုံပို့တဲ့လူပို့ ၊ ရဲစခန်းပို့တဲ့လူပို့။ အဖေကတော့ ဆေးရုံလိုက်သွားပြီး အားလုံးစီမံပေးပါတယ်။

**နောက်ဆုံးခရီး**

အဖေ့အသက် ၆၃ နှစ်မှာ ကွယ်လွန်ပါတယ်။ အများကြည်ညို လေးစားကြတဲ့ အဖေဆုံးတဲ့အခါ ဘုန်းကြီးပျံလောက် စည်ကားခဲ့ပါတယ်။ ရပ်ကွက်လူငယ် အဖွဲ့ကဦးဆောင်ပြီး အဖေ့ရုပ်အလောင်းကို... 

အဖေ့ကိုရွှေ့ပြောင်းတဲ့အခါ ဘုန်းကြီးပျံလောက် စည်ကားခဲ့ပါတယ်။

# ရေပေးမြောင်းကွန်ရက်တိုးချဲ့ နိုင်ရေးအတွက် အဓိကကျသည့်တောင်သူများက တက်ကြွစွာပူးပေါင်းပါဝင်ကြရန် လိုအပ်

နေပြည်တော် မတ် ၂၈

**ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှု "Joint Irrigation Management" ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ကျင်းပသည်။**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးမှုသာမက အခြားသော သီးနှံများကိုပါ ဘက်စုံစိုက်ပျိုးထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးစနစ်သို့ ဦးတည်ဆောင်ရွက်ရာ၌ သီးနှံများ ဖြစ်ထွန်းအောင်မြင်ရန် ဆည်ရေသောက်စနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စိုက်ပျိုးရေပိုမိုဖြန့်ဝေ ဆောင်ရွက်ပေးနိုင်ရေးသည် အထူးအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ရေပေးမြောင်းကွန်ရက်တိုးချဲ့နိုင်ရေးအတွက် အဓိကကျသည့် တောင်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်ကြရန် လိုအပ်သကဲ့သို့ သတ်မှတ်ထားသော ဆည်ရေအသုံးချမှုဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဆည်ရေသောက်စနစ်များ ပိုမိုဖွံ့ဖြိုးလာရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ရေးဆွဲခဲ့ပြီး ဆည်မြောင်းစနစ်များနှင့် လယ်ယာသုံး ရေစီမံခန့် ခွဲမှုတိုးတက်ရေး၊ ဆည်မြောင်းလုပ်ငန်းများ အကျိုးရှိထိရောက်ရေး၊ အခြေခံအဆောက်အဦများ ပြန်လည်ပြုပြင်ထူထောင်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရေကြီးရေလျှံမှုထိန်းချုပ်ရေး၊ ရေငန်တားလုပ်ငန်းများနှင့် ဆည်တမံများ ကြံ့ခိုင်မှုရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းဒေသရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုရေလှောင်တမံများ၏ ဆည်ရေသောက်စနစ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆည်မြောင်းကဏ္ဍ ပူးတွဲဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

ယနေ့ဆွေးနွေးပွဲ ရလဒ်များအပေါ် အခြေခံပြီး ဆည်ရေသောက်စနစ် အခြေခံ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ စိုက်ပျိုးရေမျှဝေသုံးစွဲခြင်းလုပ်ငန်း၊ လက်ရှိဆည်မြောင်းစနစ်များဖြင့် ဆည်ရေသောက်လယ်မြေများ၊ ရေပေးမြောင်းကွန်ရက်တိုးချဲ့ရေးလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် စီမံကိန်းဒေသများမှ ရေသောက်မြောင်း စီမံခန့်ခွဲမှုတောင်သူအစုအဖွဲ့ (wateruser) များ အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နော်ဝေအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် မတ် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Dag-Inge Ulstein နှင့်အဖွဲ့အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် Kempinski ဟိုတယ်၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ရခိုင်ပြည်နယ် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာ-နော်ဝေ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ တည်ထောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။

နေ့လယ်စာစားပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။

သတင်းစဉ်



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နော်ဝေနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Mr. Dag-Inge Ulstein နှင့်အဖွဲ့အား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။** သတင်းစဉ်

---

## မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



**မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။**

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မိမိတို့နိုင်ငံတွင် ကလေးဦးရေ ၁၂ သန်းရှိသည့်အနက် ၁ ဒသမ ၁ သန်းကျော်သည် ကလေးအလုပ်သမားများဖြစ်နေပြီး ကလေးဦးရေခြောက်သိန်းကျော်သည် အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု လေ့လာသိရှိရပါကြောင်း။

ကလေးသူငယ်များသည် မိဘများ၏ အနာဂတ်၊ မိမိတို့၏ အနာဂတ်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတော်၏ အနာဂတ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ကလေးအလုပ်သမား ပပျောက်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ အမျိုးသားကော်မတီ၏ အောက်တွင် လုပ်ငန်းကော်မတီရှစ်ခု ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မိမိတို့လုပ်ငန်းကော်မတီသည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း။

အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းကော်မတီအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ၁၂ ရပ်ကို ချမှတ်ပေးထားပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်ကို ပြည့်ပြည့်စုံစုံရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာသူများက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန်နှင့် မိမိတို့နိုင်ငံအတွင်း ကလေးအလုပ်သမား ပပျောက်ရေးအတွက် တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများက ဌာနနှင့် အဖွဲ့အစည်းများအလိုက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး ပြီးပြည့်စုံသည့် လုပ်ငန်းစီမံချက် ရေးဆွဲနိုင်ရေးအတွက် ပါဝင်သင့်သည့်အချက်များ၊ ဥပဒေ၊ နည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို အကြံပြုဆွေးနွေးကြသည်။ **သတင်းစဉ်**

---

## သစ်တောပြန်လည်ထိန်းသိမ်းခြင်း စီမံကိန်းအကြိုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

သစ်တောပြန်လည်ထိန်းသိမ်းခြင်း စီမံကိန်းအကြိုအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်တွင် ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များကလည်း သစ်တောများပြန်လည်ပြုစုပျိုးထောင်ရေးအခွင့်အလမ်းများကို အကဲဖြတ်ခြင်းနည်းလမ်းနှင့် ရေမြေတောတောင်သစ်တောဝန်းကျင် ပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ်များကိုလည်း မိတ်ဆက်ရှင်းလင်းသည်။

မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်မည့် The Restoration Initiative (TRI) စီမံကိန်းသည် ၂၀၁၁ ခုနှစ်တွင် စတင်ခဲ့သည့် Bonn Challenge အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဖော်ဆောင်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာအဖြစ် ဧကသန်းပေါင်း ၁၅၀ ပြန်လည်ပြုစုပျိုးထောင်ရေး ဦးတည်ချက်နှင့်အတူ လက်ရှိနိုင်ငံတကာကတိကဝတ်အများအပြားကို အကောင်အထည်ဖော်ဆောင်ရွက်သည့် မူဝါဒလမ်းစဉ်အဖြစ် The Bonn Challenge က အဓိကအခန်းကဏ္ဍကနေ ပါဝင်လျက်ရှိသည်။

ပြုန်းတီးနေသည့် သစ်တောမြေများကို ဘက်စုံအသုံးချနိုင်သည့် မြေအဖြစ် ဒေသနှင့် နိုင်ငံတော်စီးပွားရေးကို တိုးတက်စေခြင်း၊ အစားအစာနှင့် ရေသန့်လုံလောက်မှုရှိခြင်းနှင့် ဇီဝသက်ရှိ ကွဲပြားစေခြင်းစသည့် အထောက်အပံ့ ဖြစ်စေပြီး ဒေသတစ်ခုတွင်ရှိသည့် သစ်တောသစ်ပင်များ၏ ရှင်သန်ပေါက်ရောက်မှု၊ အရေအတွက်ပိုမိုတိုးပွားလာအောင် ဆောင်ရွက်ခြင်းနှင့်ဒေသတစ်ခု၏ ဇီဝထုတ်လုပ်မှုကို ပြန်လည် ဖြစ်ထွန်းရန်ဖြစ်သည်။ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် ဂေဟစနစ်ခိုင်မာလာရုံသာမက ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှုများ၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်မှုများ စသည့် အကျိုးကျေးဇူးများ ချက်ချင်းခံစားရမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ IUCN၊ TNC နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ပြီး ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ European Chamber of Commerce in Myanmar ၏ Country Manager ဖြစ်သူ Mr. Tobias Fischer အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ကလေးအလုပ်သမားပပျောက်ရေး၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် European Chamber of Commerce in Myanmar ၏ Country Manager ဖြစ်သူ Mr. Tobias Fischer နှင့် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီစွာ အသစ်ပြင်ဆင်ရေးဆွဲနေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ (OSH)ကို အတည်ပြုနိုင်ခဲ့မှု၊ ဥပဒေများပြင်ဆင်ရေးဆွဲရာတွင် အလုပ်ရှင်၊ အလုပ်သမားနှင့် အစိုးရတာဝန်ရှိသူများ ပါဝင်သော အမျိုးသားအဆင့် သုံးပွင့်ဆိုင် အပြန်အလှန်ဆွေးနွေး ပြောဆိုခြင်းဆိုင်ရာ ဖိုရမ်ကျင်းပခဲ့မှု၊ ကလေးအလုပ်သမား ပပျောက်ရေး၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှု ပပျောက်ရေးတိုင်ကြားမှု ယန္တရား ထူထောင်ရေး၊ လွတ်လပ်စွာသင်းပင်းဖွဲ့စည်းရေးတို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်လွင်ဦး<br>ဌာနမှူး(သင်ကြားရေး)<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးမင်းမင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

# မသန်စွမ်းသူများ၏အခွင့်အရေးကို မီဒီယာများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးကို မီဒီယာများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နိုင်ငံတော်အစိုးရ၏ မသန်စွမ်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များတွင် မသန်စွမ်းအဖွဲ့အစည်းများနှင့် မသန်စွမ်းသူများ၏ စိတ်ခံစားမှုများကို အစိုးရနှင့် ပြည်သူများ သိရှိမှုအားနည်းနေသည့်အတွက် မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မသန်စွမ်းများ၏ ဂုဏ်သိက္ခာနှင့် ပြည့်စုံသော ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ပေါ်လာရန် မီဒီယာများ၏ အင်အားလိုအပ်သည့်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများ မသန်စွမ်းသူများ၏ အခွင့်အရေးကို မီဒီယာများနှင့်ပူးပေါင်း၍ ထိထိရောက်ရောက်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုအစည်းအဝေးသည် မသန်စွမ်းသူများ အများနည်းတူ အခွင့်အရေး တန်းတူညီမျှမှုရရှိရန် အတွက် ဥပဒေနှင့်နည်းဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မီဒီယာများ၏အင်အားကို ရယူလိုသည့် အစည်းအဝေးဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ နစ်နာမှု၊ ဆုံးရှုံးမှု၊ အခွင့်အရေးများအား ဖော်ထုတ်ပြီး ကာကွယ်စောင့်ရှောက်ရန် မီဒီယာ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးပါကြောင်း၊ ယနေ့ အစည်းအဝေးတွင် မသန်စွမ်းသူများနှင့် ပတ်သက်၍ အလုပ်အကိုင်ရရှိရေး လက်စွဲစာအုပ်၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာများ၊ မသန်စွမ်းမှုစစ်တမ်းကောက်ယူခြင်းစသည်တို့ကို ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ အဓိကကျသည့် မီဒီယာသမားများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် Voluntary Service Overseas မှ ဌာနေကိုယ်စားလှယ် (ကိုယ်စား) MS. Amy Hamerton က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတော် အစိုးရမှဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းအစီအစဉ်များ၊ မသန်စွမ်းမှုနှင့် မသန်စွမ်းသူများဆိုင်ရာ သဘောတရားများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ မသန်စွမ်းသူများ၏ ဥပဒေနှင့် နည်းဥပဒေများ၊ ASEAN Enabling Masterplan (2025)၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးဆိုင်ရာ လက်စွဲစာအုပ်၊ ASEAN Hometown Impowerment စီမံကိန်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်း၊ မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်း လက်စွဲစာအုပ်၊ မသန်စွမ်းမှု စစ်တမ်းကောက်ယူရေး၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်တို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေဘာသာပြန်ကော်မရှင် စတုတ္ထအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုရှေ့နေချုပ်ဥက္ကဋ္ဌ အဖြစ်ပါဝင်သော ဥပဒေဘာသာပြန် ကော်မရှင်၏ စတုတ္ထအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဥပဒေဘာသာပြန်ကော်မရှင်၏ စတုတ္ထအကြိမ်အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈ ဖြင့် ဥပဒေ ၉ ခု၏ ဘာသာပြန်ဆိုချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ကော်မရှင်၏ အတည်ပြုထုတ်ပြန်သော မြန်မာဘာသာပြန်ဆိုချက်သည် မူရင်းဥပဒေနှင့် အလားတူ အာဏာတည်ပါကြောင်း၊ သို့ဖြစ်၍ ဘာသာပြန်ဆိုသော လုပ်ငန်းများကို အသေးစိတ်စိစစ်၍ အမှားအယွင်းမရှိစေရန် ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တတိယအကြိမ်အစည်းအဝေးတွင် ဆွေးနွေးပြီးဖြစ်သည့် ဥပဒေ ၆ ခုကို ဆက်လက် ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဥပဒေ ၅ ခုကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း၊ ဘာသာပြန်လုပ်ငန်းအဖွဲ့များ၏ ဘာသာပြန်ဆိုဆဲ ဥပဒေ ၇ ခုကို အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း နေပြည်တော်၌ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၂၈**

အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း (International School Yangon-ISY) ကို နေပြည်တော်၌ လာမည့်စက်တင်ဘာတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသား ၂၄ ဦး လက်ခံသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

Junction Hotel ဝင်းကြီးကို အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း (ISY) နေပြည်တော်အဖြစ် ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ပြီး ရန်ကုန် ISY ကျောင်း တွင် သင်ကြားပေးနေသော အမေရိကန် သင်ရိုးညွှန်းတမ်းများအတိုင်း မူလတန်းကြိုမှ Grade- 8 အထိ သင်ကြားမည်ဖြစ်ကြောင်း ISY ဒါရိုက်တာ Dr.Gregory A.Hedger က ပြောသည်။

ကျောင်းဝင်ကြေးနှင့် အသေးစိတ်ကို အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း (ISY) ဝက်ဆိုက်ဖြစ်သည့် https://www.isyedu.org/isy-nay-pyi-taw/isy-nay-pyi-taw-admiss- ions တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ကလေးများကျောင်း (ISY)သည် Western Association of Schools and Colleges (WASC)၏ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရကျောင်းတစ်ခု ဖြစ်ပြီး ရန်ကုန်မြို့၌ ၁၉၅၅ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ Grade- 12 အထိ သင်ကြားပေးနေပြီး နိုင်ငံပေါင်း ၄၈ နိုင်ငံမှ ပြည်တွင်း၊ ပြည်ပကျောင်းသားပေါင်း ၈၀၀ ခန့်တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။ **သတင်းစဉ်**

# စွမ်းအင်ဖူလုံပြည့်ဝရေးသည် မိမိတို့အားလုံးအတွက် ဦးစားပေးလုပ်ငန်းစဉ်ဖြစ်

**နေပြည်တော် မတ် ၂၈**

ဘင်္ဂလားပင်လယ်အော် ဒေသအတွင်း ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiative for Multi-Sector Technical and Economic Cooperation, BIMSTEC) အရ စွမ်းအင်ကဏ္ဍဆိုင်ရာ ကျွမ်းကျင်ပညာရှင်အစည်းအဝေး (Expert Group Meeting on Energy) ကို ယနေ့တွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ BIMSTEC အထွေထွေ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်သော မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြန်မာနိုင်ငံသည် BIMSTEC အစီအစဉ်အရ စွမ်းအင်ကဏ္ဍ၏ ဦးဆောင်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း ပြည်သူများ၏ လူမှုအကျိုးစီးပွားအခြေအနေသည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက သဘာဝသယံဇာတ အရင်းအမြစ်များအား မှန်ကန်စွာစီမံခန့်ခွဲမှုအပေါ်တည်မှီပါကြောင်း၊ စွမ်းအင်ဖူလုံပြည့်ဝရေးသည် မိမိတို့အားလုံးအတွက် ဦးစားပေးလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အကန့်အသတ်ပမာဏသာရှိသော စွမ်းအင်သယံဇာတများအား သန့်ရှင်းသော စွမ်းအင်သုံးစွဲမှုဆိုင်ရာမူဝါဒများ ချမှတ်သုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာပြောင်းလဲမှုများကို ကုစားရန်ဖြစ်ကြောင်း၊ အားလုံးနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများ အကြား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် ပိုမိုထိရောက် အကျိုးဖြစ်ထွန်းမည့် စွမ်းအင်ကဏ္ဍတို့အတွက် ယေဘုယျစီမံကိန်းများချမှတ်၍ ပူးပေါင်းဆောင်ရွက်မှုများ အဆင့်အလိုက် မြှင့်တင်သွားရန် လိုအပ်ပါကြောင်း။

ဒေသတွင်း အရင်းအမြစ်များနှင့် ဘူမိပထဝီဝင်ဆိုင်ရာ အခွင့်အလမ်းများအပေါ် အဖွဲ့ဝင်နိုင်ငံများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းအင်ဖူလုံရေးတိုးမြှင့်ရန်၊ ဆက်သွယ်မှုပိုမိုမြှင့်တင်၍တစ်စုတစ်စည်းတည်းဖြစ်စေရန်၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် သဘာဝစွမ်းအားကို ထိန်းချုပ်အသုံးချမှုအား မျှဝေခြင်းနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် အရှိန်အဟုန်မြှင့်တင်ရန်တို့ကို ရည်ရွယ်ပါကြောင်း။



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် စွမ်းအင်ကဏ္ဍဆိုင်ရာ ကျွမ်းကျင်ပညာရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ယနေ့ကျင်းပသော ကျွမ်းကျင်ပညာရှင်များအဖွဲ့အစည်းအဝေး (Expert Group Meeting) သည် ပထမခြေလှမ်းဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရမည့်အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ကုန်သွယ်မှုကဏ္ဍတိုးချဲ့ ချဲ့ထွင်ရေးရည်မှန်းချက်များအား အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံအစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ ဟန်ချက်ညီသော ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက်မူဘောင် (United Nations Framework on Sustainable Development Goals) နှင့်အညီ မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုအစီအမံ ၂၀၁၈-၂၀၃၀ (Myanmar Sustainable Development Plan 2018-2030) အတွက် မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နှစ်ရက်တာကျင်းပမည့် အစည်းအဝေးတို့မှ အဖွဲ့ဝင်နိုင်ငံများအကြား ခိုင်မာသောအောင်မြင်မှုများ ဖော်ဆောင်ပေးနိုင်မည်ဟု အလေးအနက်ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ BIMSTEC ၏ အထွေထွေအတွင်းရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးဟန်သိန်းကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ "Interconnection for Regional၊ Aspect"၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းတိုးတက်မှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်နည်းလမ်းများ ဖော်ထုတ်ရေးကိုလည်းကောင်း၊ လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်ဓာတ်အားလိုင်းများ ဆက်သွယ်တည်ဆောက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ လုပ်ငန်းစဉ်များချမှတ်မှုအပေါ် ညှိနှိုင်းခြင်း၊ Master Plan နှင့် လေ့လာသုံးသပ်မှုစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Peter Batchelor က ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်စဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၂၈**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nationŝ Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Peter Batchelor အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် Mr. Peter Batchelor က ၎င်း၏ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်သည်။

ယင်းနောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ် (၂၀၁၈-၂၀၂၂) အရ ငြိမ်းချမ်းရေးနှင့်အုပ်ချုပ်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊ တရားဥပဒေစိုးမိုးရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအပါအဝင် နယ်ပယ်များတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ရခိုင်ပြည်နယ်၌ ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ၂၉ ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ မြို့ပြအမွေအနှစ်အထိမ်းအမှတ်အဖြစ် ၂၉ ခုမြောက် အပြာရောင်ကမ္ပည်းပြားကို ယနေ့နံနက်ပိုင်းက တပ်ဆင်ခဲ့သည်။ ယင်းအပြာရောင်ကမ္ပည်းပြားကို ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ အစောဆုံးတည်ဆောက်ခဲ့သော အဆောင် D တွင် တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။ ၂၉ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ်က ပြောကြားရာတွင် "ရန်ကုန်မြို့ရဲ့မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။ ဒီထိန်းသိမ်းစောင့်ရှောက်မှုကို ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ထိန်းသိမ်းစောင့်ရှောက်သွားမှ အောင်မြင်မှာ ဖြစ်ပါတယ်။ အခုဆိုရင် ရန်ကုန်မြို့ပေါ်မှာရှိတဲ့ မြို့ပြအမွေအနှစ် အဆောက်အအုံတွေကို နိုင်ငံတကာ ခရီးသွားတွေကော၊ မြန်မာနိုင်ငံတွင်းက ခရီးသွားတွေကော၊ ပြည်သူလူထုတွေကောက အင်မတန် စိတ်ဝင်စားပါတယ်။ ဒီစိတ်ဝင်စားမှုထဲမှာ ကျွန်တော်တို့ ဗဟိုအမျိုးသမီးဆေးရုံကြီးကလည်း တစ်ခုအပါအဝင်ပဲ ဖြစ်ပါတယ်။ ဒီဆေးရုံကြီးကို အပြာရောင်ကမ္ပည်းပြား တပ်ထားပြီးပြီဆိုရင် ကျွန်တော်တို့ နောက်ပိုင်း ပြုပြင်တည်ဆောက်မှုတွေကို လုပ်တဲ့နေရာမှာ ဒီအဆောက်အအုံကြီးကို မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်မှုနဲ့အတူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ဗဟိုအမျိုးသမီးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ပါမောက္ခ


**ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့ဗဟိုအမျိုးသမီးကြီးဆေးရုံ၌ (၂၉) ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ဒေါက်တာခင်ပြုံးကြည်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး အထောက်အကူပြုအဖွဲ့ နာယကဆရာကြီး ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာခင်ပြုံးကြည်နှင့် တာဝန်ရှိသူများက အပြာရောင်ကမ္ပည်းပြားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းခဲ့ကြသည်။

ရန်ကုန်မြို့၏ သမိုင်းကိုအထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံးဖော်ပြနိုင်ရန်အတွက် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့က ရှေးဟောင်းအဆောက်အအုံများတွင် ယခုကဲ့သို့ အပြာရောင်ကမ္ပည်းပြားများ လိုက်လံတပ်ဆင်နေခြင်း ဖြစ်သည်။

ယနေ့ ၂၉ ခုမြောက် အပြာရောင်ကမ္ပည်းပြား တပ်ဆင်ခြင်းခံရသော ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီးသည် လေ့ဒပ်ဖရင်၏ ကြင်ရာတော် လေဒီဒပ်ဖရင်၏ ရန်ပုံငွေဖြင့် မတည်တည်ထောင်ခဲ့၍မူလက ဒပ်ဖရင်ဆေးရုံအဖြစ် ထင်ရှားခဲ့သည်။ ရန်ကုန်ဆေးရုံကြီးရှိ အမျိုးသမီးဆောင်ကို သားဖွားဆေးရုံအဖြစ် ပြောင်းလဲထားရှိရန် အထမမြောက်သည့်အတွက် ယခုနေရာအနီးရှိ ဘန်ဂလိုတစ်လုံးကို ၁၈၈၇ ခုနှစ်တွင် ငှားရမ်းကာ စတင်ဖွင့်လှစ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် လက်ရှိဆေးရုံ၏ ပထမဆုံးအဆောင် ဖြစ်သည့် (ဒီဆောင်)ကို ဆောက်လုပ်ရန် လေဒီဒပ်ဖရင်ကိုယ်စား မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ၏ ဇနီးလေဒီ ဖရိုင်ရာက အုတ်မြစ်ချပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ဒပ်ဖရင်ဆေးရုံအဖြစ် စတင်အသုံးပြုခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် အေဆောင်၊ ၁၉၂၉ ခုနှစ်တွင် ဘီဆောင်နှင့် စီဆောင်တို့ ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည်။

ဂျပန်ခေတ်အတွင်း ဆေးရုံမီးဖွားဆောင်ကို ဒိုင်အိုစီဇင် မိန်းကလေးကျောင်း (ယခုဒဂုံမြို့နယ်စစ်ရုံးဝင်းအတွင်း)တွင် ဖွင့်လှစ်ထားသော ဘီအိုင်အေဆေးရုံ(နောင်တွင် ပြည်သူ့ဆေးရုံအဖြစ် အမည်ပြောင်းသည်) သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဗျိုင်းရေအိုးစင်လမ်းရှိ Salvation Army အဆောက်အအုံသို့ ထပ်မံပြောင်းရွှေ့ခဲ့သည်။

မဟာမိတ်များ ပြန်လည်ဝင်ရောက်လာပြီး ၁၉၄၅ ခုနှစ် မေလတွင် ယခုဆေးရုံဝင်းသို့ ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဗဟိုမီးဖွားဆေးရုံအဖြစ် အမည်ပြောင်းလဲခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဗဟိုအမျိုးသမီးဆေးရုံကြီးအဖြစ် ထပ်မံပြောင်းလဲခေါ်ဆိုခဲ့သည်။

ဆေးရုံစတင်ဖွင့်လှစ်စဉ်က သူနာပြုနှင့် ဝမ်းဆွဲပညာသင်တန်းများပေးခဲ့ပြီး နွမ်းပါးသူများအတွက်လည်း ပညာသင်ဆုများ ချီးမြှင့်ခဲ့သည်။

ဗဟိုအမျိုးသမီး ဆေးရုံကြီးကို ဒေါက်တာဒေါ်စောဆ၊ ဒေါက်တာဒေါ်ရင်မေစသည့် မြန်မာ့ရှေ့ဆောင်အမျိုးသမီးဆရာဝန်ကြီးများက အစဉ်အဆက် ဦးစီးခဲ့ကြကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# အိမ်ရှင်မများ စိတ်စွမ်းအားဖြင့် ကင်ဆာရောဂါကာကွယ်ပါ

ဒေါက်တာအေးမြတ်လွင်(ဟဿာတ)

**၂၀၁၉ ခုနှစ် မတ်လ ၁၇ ရက်နေ့ (တနင်္ဂနွေနေ့)မှာ ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းမှာရှိတဲ့ သူနာပြုတက္ကသိုလ် ခန်းမမှာ "မိမိအတွက်၊ မိမိချစ်ခင်မြတ်နိုးသူများအတွက်၊ မိမိချစ်တဲ့ ကမ္ဘာမြေအတွက် ကင်ဆာကာကွယ်ဖို့၊ စောစီးစွာတွေ့ရှိဖို့ အိမ်ရှင်မတို့၏ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲ" ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းက ဦးဆောင်စီစဉ် ကျင်းပခဲ့ပါတယ်။**

ဒီဆွေးနွေးပွဲမှာ ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းရဲ့ ဆောင်ရွက်မှုတွေကို မိတ်ဆက်ပြီးနောက် ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အူမကြီးနဲ့ အစာအိမ်ဟောင်းကင်ဆာ၊ ခံတွင်းကင်ဆာတွေအကြောင်း ဗဟုသုတရနိုင်အောင်၊ ကြိုတင် ကာကွယ်နိုင်အောင် သက်ဆိုင်သူ ဆရာဝန်ကြီးများက ဟောပြောတင်ပြသွားကြပါတယ်။ ပါဝင်ဆွေးနွေးတက်ရောက်သူ အားလုံးကလည်း စိတ်ပါဝင်စားစွာနဲ့ နားထောင်ကြပါတယ်။

ကင်ဆာရောဂါကို ကာကွယ်နိုင်အောင်၊ ကြိုတင်ကုသနိုင်အောင် အိမ်ရှင်မများရဲ့အခန်းကဏ္ဍကို ဖွင့်လှစ်တဲ့ ဒီပွဲမှာ ဆက်လက်ပြီး သက်ဆိုင်ရာ ဆရာဝန်ကြီးများက မဖြစ်မနေ တစ်ထောင့်တစ်နေရာက ပါဝင်ကြတဲ့ အိမ်ထောင်ရှင် အမျိုးသားတို့ရဲ့ ကဏ္ဍကို ချန်လှပ်မထားဘဲ ထည့်သွင်းဆွေးနွေးခြင်း၊ ကာကွယ်နိုင်အောင် အစားအစာစားသုံးတဲ့ ကောင်းမွန်သော အလေ့အထ ရှိလာအောင် ဆွေးနွေးပေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကာကွယ်နိုင်ပုံအကြောင်းများကို ဆက်လက်ဆွေးနွေးကြပါတယ်။

ကျွန်မဆွေးနွေးတဲ့ ခေါင်းစဉ်ကတော့ အိမ်ရှင်မများအနေဖြင့် ကင်ဆာရောဂါကာကွယ်ရာမှာ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်လုပ်ဆောင် အောင်မြင်နိုင်ဖို့၊ စိတ်စွမ်းအား၊ စိတ်ခွန်အားတွေကို အသုံးချနိုင်ဖို့ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လာရောက် နားထောင်သော အိမ်ရှင်မများသာ မဟုတ်ဘဲ အိမ်ရှင်မတိုင်းကို စိတ်ခွန်အားတွေ၊ စိတ်စွမ်းအားတွေ ရစေချင်လို့ မိမိဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကို ကောက်နုတ်တင်ပြပေးလိုက်ပါတယ်။



**မိမိအတွက်၊ မိမိချစ်ခင်မြတ်နိုးသူများအတွက်၊ မိမိချစ်တဲ့ ကမ္ဘာမြေအတွက် ကင်ဆာကာကွယ်ဖို့၊ စောစီးစွာတွေ့ရှိဖို့ အိမ်ရှင်မတို့၏ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။**

**စိတ်ဆိုတာ**

လူတိုင်း လူတိုင်း စိတ်နဲ့ ရုပ်က ဒွန်တွဲပြီး ဖြစ်ပေါ်နေပါတယ်။ စိတ်ပျိုကိုယ်နုသလို စိတ်ထောင်းရင်လည်း ကိုယ်ကြေကြပါတယ်။ တစ်ခါတစ်ရံမှာ ကိုယ်မနှစ်မြို့တတ်တဲ့ အရာတွေနဲ့အတူ စိတ်ခံစားချက်တွေဟာ ကိုယ်နဲ့ ကိုယ်ချစ်တဲ့သူတွေနားကို မခေါ်ဘဲနဲ့ ရောက်လာတတ်သလို နှင်ထုတ်သည်ဖြစ်စေ၊ မနှင်ထုတ်သည်ဖြစ်စေ ဆက်လက်ခံစားနေကြရသလို ပြန်ထွက်သွားရင်တောင် ကိုယ်တွေကတော့ ဆက်လက်ခံစားမြဲ ခံစားနေတာတွေလည်း ရှိတတ်ကြပါတယ်။

**အိမ်ရှင်မတို့ရဲ့ စိတ်ဓာတ်**

အိမ်ရှင်မတာဝန်ယူပြီဆိုတဲ့ အမျိုးသမီးတွေဟာ ကိုယ်တိုင်အိမ်အတွက် စီမံကြပါတယ်။ အိမ်ကြီးအမြဲထာဝရရှင်သန်နေဖို့၊ အိမ်မှာနေတဲ့ မိသားစုဝင်တွေ၊ အိမ်သူအိမ်သားတွေရဲ့စားဝတ်နေရေးကို အဆင်ပြေစေဖို့ စိတ်ပါဝင်စားကြရပါတယ်။ စိတ်အားထက်သန်စွာ ဆောင်ရွက်ကြပါတယ်။

မိသားစုဝင်တွေ ကျန်းမာပြီး အဆင်ပြေရင် ပျော်ရွှင်ကြည်နူးစိတ်ချမ်းသာပေမယ့် တစ်ဦးတစ်ယောက်များ နေမကောင်းရင်တော့ စိုးရိမ်ပူပန်စိတ်၊ ဝမ်းနည်းစိတ်၊ ခြေမကိုင်မိ လက်မကိုင်မိဖြစ်တဲ့အထိ သောကမီးတွေ တောက်လောင်တတ်ပါတယ်။ ဘာလုပ်ရမှန်းမသိအောင် စိတ်လှုပ်ရှားတတ်ပါတယ်။

ဒါပေမယ့် ဒီလိုမျိုးကြုံလာရင် အိမ်ရှင်မတွေဆိုတာ အပူရုပ်ကို ဟန်လုပ်ပြီး အရေးမကြီးသလိုမျိုးနဲ့ စောင့်ရှောက်တတ်သလို တချို့သော အိမ်ရှင်မတွေကတော့ ဘာဆက်လုပ်ရမယ်ဆိုတာအတွက် မိမိရင်ဖွင့်လိုသော တခြားတစ်ယောက်ယောက်ထံ အကူအညီတောင်းခံဖို့ ရှာဖွေလိုစိတ် ရှိကြပါတယ်။ ရင်ဖွင့်တောင်းခံပြီးလည်း တစ်ဖက်လူရဲ့ အကြံပေးချက်ကို အမှားအမှန်မချိန်ဆနိုင်အောင် လိုက်ပါဆောင်ရွက်လိုစိတ်တွေနဲ့အတူဆောင်ရွက်ပြီး မိမိရဲ့ စိတ်သက်သာမှုကို ရှာဖွေတတ်ကြပါတယ်။

လိုက်ပါဆောင်ရွက်ရင်း မိမိစိတ်ကို မိမိဖြေသိမ့်နိုင်အောင် ကြိုးစားတတ်ကြပါတယ်။ နေမကောင်းသူ အိမ်သားတွေကိုလည်း မိမိပြဋ္ဌာန်းသလောက်နဲ့ အားပေးနှစ်သိမ့်တတ်ကြပါတယ်။ ရောဂါသက်သာပျောက်ကင်းသွားရင် စိတ်အေးချမ်းသာမှုရပေမယ့် ဝေဒနာကို အလူးအလဲခံစားရတဲ့ မိသားစုဝင်တွေ၊ စိုးရိမ်ပူပန်စရာကောင်းတဲ့ မိသားစုဝင်တွေအတွက်တော့ စောင့်ရှောက်နိုင်စွမ်း မရှိလောက်အောင် ပဋိဒေဝသောကမီးကို ပြင်းပြင်းထန်ထန် ခံစားစိတ်ပူပင်တတ်ကြပါတယ်။

စိတ်ခံစားဖိစီးနေတဲ့ အိမ်ရှင်မတစ်ယောက်ရဲ့စီမံခန့်ခွဲမှုဟာလည်း ပြည့်စုံလုံလောက်မှု မရှိနိုင်တော့ဘူးဆိုရင် ကျန်မိသားစုဝင်တွေအတွက်လည်း အစစအရာရာ လိုအပ်ချက်တွေ ပေါ်လာတတ်ပါတယ်။ ဝေဒနာခံစားနေရသူကလည်း ဝေဒနာခံစားနေရင်း စောင့်ရှောက်ပေးသူကို ပြန်လည်အားပေးရတာတွေ ရှိတတ်ကြပါတယ်။

**အိမ်ရှင်မတွေကိုယ်တိုင် နေထိုင်မကောင်းဖြစ်တဲ့အခါ**

မိမိကိုယ်တိုင် နေထိုင်မကောင်းဖြစ်တဲ့အခါမှာ အိမ်အလုပ်တွေလုပ်ဖို့၊ မိသားစုဝင်တွေအဆင်ပြေစေဖို့ဆိုတဲ့ ဇောနဲ့ မိမိကိုယ်မိမိ ဂရုမစိုက်နိုင်လောက်အောင် တာဝန်ကျေတတ်ကြပါတယ်။ ခဏတဖြုတ် ဝင်ရောက်လာတဲ့ ရောဂါဝေဒနာတွေအတွက် ပြဿနာ မရှိတာကို အိမ်ရှင်မတွေက လက်ခံနိုင်စွမ်းရှိတတ်ကြပါတယ်။

စောစောစီးစီးကာကွယ်ဖို့လိုတဲ့ ရောဂါ၊ စောစောစီးစီး သိဖို့လိုတဲ့ ရောဂါတွေအကြောင်းကိုလည်း အိမ်ရှင်မတွေသိဖို့ လိုပါတယ်။ သိခဲ့ရင်တောင် တစ်ခါတစ်ရံ စစ်ဆေးလိုစိတ်၊ ချက်ချင်းကုသလို စိတ်မရှိကြပါဘူး။ သို့သော် စိတ်ပူပင်သောကကိုတော့ ကြိတ်ခံစားတတ်ကြပါတယ်။ ဘာကြောင့်လဲဆိုရင် အိမ်တာဝန်မကျေမှာစိုးတာ၊ အိမ်သားတွေသိရင် စိတ်ပူမှာစိုးတာ၊ မိမိကိုယ်တိုင် လက်ခံလိုစိတ် မရှိတာ၊ လက်မခံရဲတာတွေကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အသိနောက်ကျပြီး အပ်နဲ့ထွင်းရမှာ ဆောက်နဲ့ထွင်းရတဲ့ ကိစ္စရပ်တွေကို ရင်ဆိုင်ကြရပါတယ်။

**ရောဂါဆိုတာ**

ကာကွယ်လို့ရတဲ့ရောဂါ၊ ပျောက်ကင်းအောင် ကုသလို့ရတဲ့ ရောဂါ၊ ဆက်မတိုးအောင် ထိန်းထားလို့ရတဲ့ရောဂါ၊ နာတာရှည်ရောဂါ၊ လူတို့ရဲ့နေထိုင်မှုပုံစံတွေနဲ့ ပတ်သက်တဲ့ရောဂါ စသည်တို့ ရှိကြပါတယ်။

အိမ်ရှင်မတွေအပါအဝင် အိမ်ထောင်စုဝင်တွေလည်း ဘယ်ရောဂါပဲ ခံစားရခံစားရ မိသားစုစိတ်ဓာတ်ရှိသူများဖြစ်ကြလို့ ခံစားရတဲ့ရောဂါနဲ့အတူ စိတ်ဖိစီးမှုများကလည်း ပါဝင်ဒွန်တွဲခံစားကြရပါတယ်။

ရောဂါတိုင်းအတွက် ဆေးရှိပါတယ်။ စနစ်တကျ တာဝန်ယူကုသပေးနေတဲ့ ကျွမ်းကျင်သော ကျန်းမာရေးစောင့်ရှောက်ပေးသူတွေ ရှိကြပါတယ်။ အနာနဲ့ဆေးမလွဲဖို့ ဆရာဝန်ဆရာမတွေမှာသာ တာဝန်ရှိကြတာ မဟုတ်ပါဘူး။ လူတိုင်းကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိဖို့ မိမိတို့ကိုယ်တိုင်လည်း တာဝန်ယူစိတ်ရှိဖို့၊ တာဝန်ယူဖို့လိုအပ်ပါတယ်။ အနာရှိရင် မှန်ကန်တဲ့၊ သက်ဆိုင်တဲ့ ကာကွယ်ကုသမှုကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လိုစိတ်ရှိတဲ့ အိမ်ရှင်မတွေဖြစ်ဖို့လိုပါတယ်။

**ကင်ဆာနဲ့ပတ်သက်လာရင်**

လူတွေဟာ ကင်ဆာဖြစ်မှာကို စိုးရိမ်ကြသလို ဖြစ်လာရင်လည်း အဆုံးစွန်တွေး၊ အဆုံးစွန်စဉ်းစား၊ အဆုံးစွန်ထင်တာတွေ အကောင်အထည်ဖော်ပြီး ထင်ရာစိုင်းတတ်ကြပါတယ်။

တကယ်တော့ စောစီးစွာ ကာကွယ်၊ စောစီးစွာကုသ၊ စောစီးစွာ လူနေမှုပုံစံတွေကို လက်ခံကျင့်သုံးလိုစိတ်၊ လက်ခံကျင့်သုံးမယ်လို့ ဆုံးဖြတ်လိုစိတ်တွေ ရှိဖို့လိုပါတယ်။

အိမ်ရှင်မတွေအနေနဲ့လည်း ကိုယ်တိုင်အပါအဝင် မိသားစုဝင်တွေကြား ကာကွယ်နိုင်တဲ့ လူနေမှုပုံစံတွေကို လိုက်နာကျင့်သုံးလိုစိတ်တွေထားရှိရင်း အိမ်မှာစီမံခန့်ခွဲချက်ပြုတ်စားသောက်မှုပုံစံတွေကို အလေ့အထဖြစ်အောင် ဆောင်ရွက်ဖို့လိုပါတယ်။

ကိုယ်တိုင်မဖြစ်ခင် စောစီးစွာကာကွယ်လိုစိတ်၊ ဖြစ်လာရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့စောစီးစွာ ကုသခံယူလိုစိတ်၊ တည်ငြိမ်စွာ ရင်ဆိုင်ဖြေရှင်းလိုစိတ်တွေကို ထားမယ်ဆိုရင် ရောဂါဖြစ်ဖို့ ဝေးသည်ထက် ဝေးသွားနိုင်ပါတယ်။ ရောဂါဖြစ်လာရင်လည်း မှန်ကန်တဲ့ ရုပ်ပိုင်းဆိုင်ရာစောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတွေကို ခံယူနိုင်စွမ်းရှိခဲ့မယ်ဆိုရင် သက်ရှည်ကျန်းမာပျော်ရွှင်စွာနဲ့ မိသားစုဝင်တွေကို ဆက်လက်စောင့်ရှောက်နိုင်စွမ်းရှိလာမှာပါ။

မိသားစုဝင်အတွင်းမှာလည်း ကင်ဆာရောဂါမဖြစ်အောင် ဆိုတဲ့ စိတ်ဆန္ဒနဲ့ အတူစားသောက်နေထိုင်တတ်တဲ့ လူနေမှုပုံစံကို ဖော်ဆောင်နိုင်ဖို့ တာဝန်ရှိရပါ့မယ်။ မိသားစုအတွင်းမှာ တစ်စုံတစ်ဦးဦးက ဝေဒနာခံစားနေရပြီဆိုရင်လည်း စောစီးစွာ ကုသမှုခံယူဖို့၊ မှန်ကန်သောဆုံးဖြတ်ချက်ချနိုင်ဖို့ အားပေးတတ်ရပါ့မယ်။

**ကင်ဆာရောဂါကို ကာကွယ်တိုက်ဖျက်သော အိမ်ရှင်မတို့ကဏ္ဍ**

အထက်ပါအတိုင်း ကင်ဆာရောဂါကာကွယ်တားဆီးတိုက်ဖျက်ရေး အခန်းကဏ္ဍတွေမှာ အိမ်ရှင်မတို့က မိမိတို့ရဲ့ ကာယစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ လုပ်ဆောင်နိုင်စွမ်းကဏ္ဍတွေကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ခဲ့ရင် အိမ်ရှင်မတို့ရဲ့ လိုက်နာဆောင်ရွက်ချက်တွေဟာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် မိမိအတွက်၊ မိမိချစ်မြတ်နိုးသူတွေအတွက်၊ မိမိချစ်တဲ့ ကမ္ဘာမြေအတွက် အကျိုးသက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်။ ။

**"ကိုယ်တိုင်မဖြစ်ခင် စောစီးစွာကာကွယ်လိုစိတ်၊ ဖြစ်လာရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်နဲ့ စောစီးစွာ ကုသခံယူလိုစိတ်၊ တည်ငြိမ်စွာ ရင်ဆိုင်ဖြေရှင်းလိုစိတ်တွေကို ထားမယ်ဆိုရင် ရောဂါဖြစ်ဖို့ ဝေးသည်ထက် ဝေးသွားနိုင်ပါတယ်။ ရောဂါဖြစ်လာရင်လည်း မှန်ကန်တဲ့ ရုပ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှု၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုတွေကို ခံယူနိုင်စွမ်းရှိခဲ့မယ်ဆိုရင် သက်ရှည်ကျန်းမာပျော်ရွှင်စွာနဲ့ မိသားစုဝင်တွေကို ဆက်လက်စောင့်ရှောက်နိုင်စွမ်း ရှိလာမှာပါ"**

## ညောင်ဦးမြို့၌ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ကုသခြင်းဆိုင်ရာသင်တန်းဖွင့်

**ညောင်ဦး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သက်ရှည်ကျန်းမာစွာ နေထိုင်သွားနိုင်စေရန်နှင့် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါများနှင့် ပတ်သက်ပြီး ထိရောက်သော ကျန်းမာရေးပြုစုကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ပြုစုကုသခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့က ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ မန္တလေးမြို့ ခုတင် ၁၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာ သန်းထွန်းဦး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့က ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံရှိ ဆရာဝန်နှင့် ဆရာ ဆရာမ သင်တန်းသား ၅၀ ကျော်အား အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါဝေဒနာရှင်များကို ပြုစုကုသရာတွင် ထိရောက်သော ကျန်းမာရေးပြုစုကုသမှုများ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ အစာအိမ်၊ အူလမ်းကြောင်းနှင့် ပတ်သက်သည့် ရောဂါရှာဖွေပြုစုကုသနည်းစနစ်များကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ အစာအိမ်၊ အူလမ်းကြောင်းရောဂါ အထူးကုဆရာဝန်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် မတ် ၂၈ ရက်တွင် ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အစာအိမ်နှင့် အူလမ်းကြောင်း ရောဂါဝေဒနာရှင် လူနာ ၂၀ ကို အခမဲ့ ဆေးဝါးကုသမှုများ ပြုလုပ်ဆောင်ရွက်ပေးကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



ညောင်ဦးမြို့၌ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ ကုသခြင်းဆိုင်ရာ လက်တွေ့သင်တန်းပို့ချပေးနေစဉ်။

# ရွှေတိဂုံစေတီတော်ကြီး၏ (၅၇၁)ကြိမ်မြောက် အလှူတော်ငွေလှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကျင်းပသော (၅၇၁)ကြိမ်မြောက် အလှူတော်ငွေလှူဒါန်းပွဲနှင့် အလှူရှင်များအား ထုတိ အနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက စေတီတော်ရင်ပြင်တော်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိနှင့် အဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဂေါပကအဖွဲ့ ဩဝါဒစရိယ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဝရ ဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်နှင့် အလှူရှင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယနေ့ပြုလုပ်သော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော် (ရွှေပြား ) အလှူရှင် ၁၈၇ ဦးက ရွှေပြား ပေါင်း ၁၉၃ ချပ် လှူဒါန်းခဲ့ကြပြီး ငွေသား အလှူရှင် သုံးဦး အပါအဝင် လှူဒါန်းငွေ စုစုပေါင်းကျပ် ၁၉၅၄၇၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရွှေတိဂုံစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် အလှူရှင်များက ရွှေပြားပေးအပ်လှူဒါန်းစဉ်။

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၇) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၇)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့ကျေးရွာ ဂျာနယ်

Our Village Journal

ရိုးရာသင်္ကြန်ပွဲ ပျော်ရွှင်နွဲ့ ထိန်းသိမ်းရေးရှု ယဉ်ကျေးမှု

သီးနှံအထွက်တိုးဖို့ စိုက်ပျိုးမြေကို ပြုပြင်စို့

ဖရဲစိုက်တောင်သူများနှင့် တွေ့ဆုံခြင်း

မြိတ်ငါးပိလုပ်ငန်းအကြောင်း တစေ့တစောင်း

ရာသီဥတုပြောင်းလဲမှုနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း

ယားယံခြင်းကိုကာကွယ်ရန် တစ်ကိုယ်ရေသန့်ရှင်းဆောင်ရွက်ပါ

၁-၄-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၇)တွင် "ဖောဆိုမှဖော အပြောနဲ့တော့ မရနိုင်ဘူး ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းမှ ဖြစ်မယ်၊ သီးနှံအထွက်တိုးဖို့ စိုက်ပျိုးမြေကို ပြုပြင်စို့၊ စိုက်ပျိုးရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးစနစ်များ၊ မြေပဲဥများအောင် ဘယ်လိုလုပ်ရမလဲ၊ ဒန့်သလွန်သီး လှိုင်လှိုင်ပေါ် ဈေးကောင်းရပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာ၊ ကုလားပဲမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ဖြစ်ထွန်းအောင်မြင်မှု တောင်သူကွင်းပြပွဲကျင်းပ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ရေမြေရာသီဥတုနှင့် ကိုက်ညီသော နွားနောက်မွေးမြူခြင်း၊ မြိတ်ငါးပိလုပ်ငန်းအကြောင်း တစေ့တစောင်း၊ ကူးစက်မြန် သိုး၊ ဆိတ် ပလိပ်ရောဂါ ဂရုပြုကာကွယ်ပါ၊ သီရိခေမာဈေးအတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ အသိပညာပေးဟောပြော၊ ရာသီဥတုပြောင်းလဲမှုနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "ဖရဲစိုက်တောင်သူများနှင့် တွေ့ဆုံခြင်း" ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "ရှာလကာရည် ပုလင်းအိမ်ထဲမှ အဘွားကြီး" ပုံပြင်၊ "ရိုးရာသင်္ကြန်ပွဲ ပျော်ရွှင်နွဲ့ ထိန်းသိမ်းရေးရှု ယဉ်ကျေးမှု၊ ဆုပ်ထားတဲ့ လက်တွေဖြေ(ဖြည်)ချိန်တန်၊ အဟောအပြော" စသည့် သုတရသဆောင်းပါးများ၊ "ယားယံခြင်းကို ကာကွယ်ရန် တစ်ကိုယ်ရေသန့်ရှင်းရေး ဆောင်ရွက်ပါ၊ သတိပြုစရာ ဆီးချိုရောဂါ၊ နည်းလမ်းမှန်စွာ နားသန့်ရှင်းရေး လုပ်ဆောင်ရာတွင်" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့်ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်း မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက်စသည့် ဗဟုသုတ ရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဒုတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၂၀၃၃၃ ပါး အနက် ၁၆၄၆၇ ပါး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၂၈**

မအူပင်တက္ကသိုလ် ရူပဗေဒဌာနမှ ကြီးကြပ်သူ ဆရာ ဆရာမခုနစ်ဦးနှင့် ကျောင်းသားကျောင်းသူ ၄၁ ဦး စုစုပေါင်း ၄၈ ဦးတို့သည် လည်းကောင်း၊ ပြင်သစ်နိုင်ငံသား ဧည့်သည်ခြောက်ဦးနှင့် ဧည့်လမ်းညွှန်တစ်ဦးတို့သည် ယနေ့တွင် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာသည့် ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၉၀၅၄ ဦးနှင့် ပြည်ပဧည့်သည် ၁၈၇၁ ဦးရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် မတ် ၂၈**

ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အစီအစဉ်အဖြစ် ဒါရိုက်တာ Pedro Almodóvar ၏ All About My Mother ဇာတ်ကားကို မတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

ထိုသို့လေ့လာခြင်းကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၄) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာအောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကုန်ပစ္စည်းများတင်ပို့မှု မီဇိုရမ်ဘက်ခြမ်းမှ ရက်အကန့်အသတ်မရှိ ပိတ်ပင်ထား

**ရိခေါဒါရ် မတ် ၂၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဝင်ထွက်ပေါက်မှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အတွင်းသို့ ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းခရိုင် All Vehicles Association အဖွဲ့မှ မတ် ၂၇ ရက်မှစ၍ ကုန်ပစ္စည်းများတင်ပို့မှုကို ရက်အကန့်အသတ်မရှိပိတ်ပင်ထားကြောင်း သိရသည်။

ကုန်ပစ္စည်းများတင်ပို့မှု ပိတ်ပင်ထားရှိမှုကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ကျန်ဖိုင်းခရိုင်ရှိ Champhai Transport Union (CTU) လက်အောက်ရှိ All Vehicles Association အဖွဲ့က မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၊ အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ဇိုခေါထာရ်ကျေးရွာမှ ကျန်ဖိုင်းခရိုင်သို့ ကုန်ပစ္စည်းများတင်ဆောင်သည့် မည်သည့်မော်တော်ယာဉ်များကိုမဆို ပိတ်ပင်ထားခြင်းဖြစ်ကြောင်း၊ ထိုသို့ပိတ်ပင်ရခြင်းမှာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် အိန္ဒိယဘက်ခြမ်းရှိ ဇိုခေါထာရ်ကျေးရွာ ကုန်စည်ပို့ဆောင်ရေးအသင်းက ကျန်ဖိုင်းခရိုင် ကုန်စည်ပို့ဆောင်ရေအသင်း (CTU)နှင့် ညှိနှိုင်းမှုမရှိဘဲ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ကုန်ပစ္စည်းများတင်ဆောင်သည့် မော်တော်ယာဉ်များအား အလှည့်ကျစနစ်ဖြင့် စီစဉ်ခြင်း၊ ဇိုခေါထာရ်ကျေးရွာမှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကုန်တင်ယာဉ်များအား ယာဉ်ကြီး၊ ယာဉ်ငယ်အလိုက် ရန်ပုံငွေကောက်ခံခြင်းတို့ကို All Vehicles Association က ကျေနပ်မှုမရှိခြင်းကြောင့် ပိတ်ပင်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ကုန်ပစ္စည်းများတင်ဆောင်သည့် ယာဉ်များ ပိတ်ပင်ခြင်းကြောင့် မြန်မာနိုင်ငံမှတင်ပို့သည့် ကုန်ပစ္စည်းများကို မြန်မာ-အိန္ဒိယနယ်စပ်၊ အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ဇိုခေါထာရ်ကျေးရွာအထိသာတင်ပို့နိုင်ပြီး ဇိုခေါထာရ်ကျေးရွာမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အတွင်းရှိ အခြားမြို့များသို့ ဆက်လက်တင်ပို့နိုင်ခြင်းမရှိတော့ဘဲ ဇိုခေါထာရ်ကျေးရွာ၌သာ ကုန်ပစ္စည်းများ စုပုံလျက်ရှိကြောင်း သိရသည်။

ရိခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့သည့်ကုန်ပစ္စည်းများကို အိန္ဒိယနိုင်ငံဘက်ခြမ်းရှိ ဇိုခေါထာရ်ကျေးရွာမှ ကျန်ဖိုင်းခရိုင်သို့ ပို့ဆောင်လေ့ရှိပြီး ထိုမှတစ်ဆင့် မီဇိုရမ်ပြည်နယ်အတွင်းရှိ အခြားမြို့များသို့ ပြန်လည်တင်ပို့ထားခြင်းဖြစ်သဖြင့် ကျန်ဖိုင်းခရိုင် All Vehicles Association မှ ကုန်ပစ္စည်းများတင်ဆောင်သည့် ယာဉ်မှန်သမျှ ကျန်ဖိုင်းခရိုင်သို့ ဝင်ရောက်တင်ပို့မှုကို ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားခြင်းကြောင့် ကုန်သည်များ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ **ရိခေါဒါရ် (မြန်/ဆက်)**


# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့်ချေးငွေ (JICA Two Step Loan) ရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးနှိုးဆော်ချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ဂျပန်နိုင်ငံ JICA ချေးငွေအထောက်အပံ့ဖြင့် တောင်သူတစ်ဦးချင်းနှင့် တောင်သူအစုအဖွဲ့များသို့ ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့် စက်များဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ ( JICA Two Step Loan ) ချေးငွေများကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ထုတ်ချေးပေးလျက်ရှိသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး ကျပ်သိန်း ၅၀၀၊ တောင်သူအစုအဖွဲ့တစ်ဖွဲ့အတွက် အများဆုံး ကျပ်သိန်း ၅၀၀၀ အထိ သတ်မှတ်ပြီး ချေးငွေများကို စိစစ်ထုတ်ချေးပေးလျက်ရှိသည်။ ၂၀၁၉ ခုနှစ် မတ်လကုန်အထိ မြို့နယ် ၁၅၄ ခုမှ တောင်သူ ၂၀၅၁ ဦး အတွက် ချေးငွေပမာဏ ငွေကျပ်သန်း ၈၀၀၀၀ ကျော် ထုတ်ချေးထားပြီးဖြစ်သည်။

ထုတ်ချေးထားသည့် ချေးငွေအရင်းအား ထုတ်ချေးသည့်နေ့မှ စတင်၍ ထော်လာဂျီ၊ လက်တွန်းထွန်စက် ချေးငွေအတွက် သုံးနှစ် သုံးရစ်၊ အဆိုပါ စက်များမှအပ ကျန်ချေးငွေများအတွက် ငါးနှစ် ငါးရစ် ပေးဆပ်ရမည်ဖြစ်သည်။

ငွေချေးလိုသူသည် ချေးငွေ၏ ၃၀ ရာခိုင်နှုန်းအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် စုဆောင်းရမည်ဖြစ်ပြီး ၎င်း၏အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)မူရင်းအား ဘဏ်သို့ အာမခံအဖြစ် တင်သွင်းရမည်ဖြစ်သည်။ ထို့အပြင် ငွေချေးယူလိုသူနှင့် ပူးတွဲအာမခံသူနှစ်ဦး၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အာမခံအဖြစ် တင်သွင်းရမည်ဖြစ်သည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့အမြဲတမ်းနေထိုင်ရာ မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲနှင့် ဆက်သွယ်၍ ချေးငွေများအား လျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၏ လိပ်စာ၊ အမှတ် ၂၆၊ ၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ ၃၉၁၂၃၅၊ Fax - ၀၁ ၃၈၁၇၀၃သို့လည်း မေးမြန်းစုံစမ်းနိုင်သည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# စာရေးဆရာ၊ ကဗျာဆရာ ကိုငြိမ်း( မန္တလေး)ကွယ်လွန်

(၁၉၄၄-၂၀၁၉)

စာရေးဆရာ၊ ကဗျာဆရာ ကိုငြိမ်း (မန္တလေး)သည် အမည်ရင်း ဦးလှကို ဖြစ်ပြီး ၁၉၄၄ခုနှစ် ဇွန်လ ၈ရက်နေ့တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။

ငယ်စဉ်က မင်းသားစုရပ်ရှိ ဆရာမကြီး ဒေါ်သက်ရှည်၏ မူလတန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ထို့နောက် မြို့မဦးလှကျော်၏ မြို့မ အလွတ်ပညာသင်ကျောင်း၊ စာတိုက်ကွေ့ ဆရာဦးလှမောင်၏ လှသိပ္ပံ အလွတ် ပညာကျောင်းနှင့် ဗဟို အမျိုးသားအထက်တန်းကျောင်းတို့တွင် ဆက်လက်ပညာသင်ကြားခဲ့ကြောင်း သိရသည်။

ဆရာသည် ၁၉၆၅ ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီ မဂ္ဂဇင်းတွင်ပါဝင်သော "ပစ္စည်းမဲ့တော်လှန်ရေး"ကဗျာဖြင့် စာပေနယ်ထဲသို့ ဝင်ရောက်လာခဲ့ပြီး ကလောင်အမည် မောင်ငြိမ်းအေး (မန္တလေး)မှ ကိုငြိမ်း (မန္တလေး)ဟု ပြောင်းလဲခဲ့ကြောင်း သိရသည်။

ဆရာသည် ၁၉၆၅ ခုနှစ်ဝန်းကျင်



တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ လူထုသတင်းစာကဗျာကဏ္ဍ၊ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းနှင့် နောင်တွင် မိုးဝေ မဂ္ဂဇင်းဖြစ်လာမည့် ဆရာမိုးဝေ၏ စုံထောက်မဂ္ဂဇင်းတွင် နယ်ချဲ့ဆန့်ကျင်ရေးကဗျာများ ရေးသားခဲ့သည်။

၁၉၆၆ ခုနှစ်တွင် အာရှ-အာဖရိက သွေးစည်းညီညွတ်ရေးကော်မတီ (ဗမာနိုင်ငံ)နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (ဗမာနိုင်ငံ)တို့မှ ဖိတ်ခေါ်သော ဗီယက်နမ်နှင့် သွေးစည်းညီညွတ်ရေး ဆန္ဒတင်ပြပွဲသို့ မောင်ငြိမ်းအေး (မန္တလေး)ကလောင်အမည်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး ကဗျာများပေးပို့ခဲ့သည်။

၁၉၉၀ ပြည့်နှစ်တွင် ဆရာမောင်သင်းပန်နှင့်တွဲကာ "နွေရောင်ကောင်းကင် ကဗျာများ"စာအုပ်ကို ထုတ်ဝေခဲ့ကြောင်း သိရသည်။

၂၀၀၂တွင် အိပ်မက်သုံးဆင့် ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၅ တွင် စက်ဘီးမန္တလေးဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၇ ခုနှစ်တွင် မြင်းတယော ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၉ ခုနှစ်တွင် မခူးဖြစ်သော စပျစ်သီးလေးများ အက်ဆေးများ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် အသက် ၇၀ပြည့် မွေးနေ့ အမှတ်တရ ဘုရားသခင် ဒုတိယအမည် အမေ ကဗျာ ၇၀ ပုဒ်၊ ၂၀၁၅ ခုနှစ်တွင် ကိုယ်တိုင်ရေးဖဲချပ်များ အတ္ထုပ္ပတ္တိကဗျာရှည်၊ ၂၀၁၈ တွင် အမေ့ခံ မန္တလေး လုံးချင်းဝတ္ထုစာအုပ်များကို ထုတ်ဝေခဲ့သည်။

ဆရာသည် စာအုပ်စာပေများ ရေးသားရင်းဖြင့် ၂၀၁၉ ခုနှစ် မတ် ၂၆ရက် မွန်းလွဲ ၂ နာရီခွဲတွင် ၎င်း၏ နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၇၄ နှစ်)ရှိပြီဖြစ်ကာ ဇနီးဒေါ်ရီရီစိုးနှင့် သားသမီးလေးယောက် ကျန်ရစ်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နွေရာသီ အခြေခံပြေးခုန်ပစ်သင်တန်းဆင်း

**ရန်ကုန် မတ် ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံပြေးခုန်ပစ်သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ကျိုက္ကဆံကွင်း)ရှိ ပြေးခုန်ပစ်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပြေးခုန်ပစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းရှိန်နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ပြေးခုန်ပစ် အဖွဲ့ချုပ်သို့ အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက Myanmar Fitness Dance အကဖြင့် စုပေါင်းပါဝင်လှုပ်ရှားကြပြီး သင်တန်းသား သင်တန်းသူ ၂၅၀ တို့က ပြေးခုန်ပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြကာ ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

❒ *ကျောဖုံးမှ*

မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မကွေးအသင်း၊ ဝေဿလီကွင်း၌ ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်းတို့ တွေ့ဆုံလျက်ရှိသည်။ ရန်ကုန်နှင့် ရောဝတီအသင်းတို့၏ တွေ့ဆုံမှုအပြင် ရှစ်မှတ်စီရထားသည့် ရခိုင်နှင့် စစ်ကိုင်း၏ တွေ့ဆုံမှုမှာလည်း ပြိုင်ဆိုင်မှု ပြင်းထန်ဖွယ်ရှိနေသည်။ ရန်ကုန်အသင်းသည် ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် ယခုပွဲတွင် အမှတ်လျော့၍ မရဘဲ ရောဝတီအသင်းမှာလည်း နည်းပြသစ် ဦးမျိုးလှိုင်ဝင်း လက်ထက် တတိယမြောက်ပွဲတွင် ရလဒ်ကောင်း ထပ်မံရယူနိုင်ရန် ရှန်းကန်ရဖွယ်ရှိနေသည်။ ဦးမျိုးလှိုင်ဝင်းလက်ထက်တွင် ရောဝတီအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပြီး ဒဏ်ရာရကစားသမားများလည်းရှိနေသောကြောင့် အဝေးကွင်း၌ အားကုန်ထုတ် ကစားရမည်ဖြစ်သည်။ ပွဲစဉ် (၅) အပြီးတွင် ဇယားထိပ်ဆုံး၌ ဦးဆောင်ခွင့်ရမည့် အခွင့်အရေးကို သရေရလဒ်ကြောင့် လက်လွှတ်ခဲ့ရသည့် စစ်ကိုင်းအသင်းသည် ယခုရာသီတွင် ပုံစံကောင်းရနေသည့် ရခိုင်အသင်းနှင့် တွေ့ဆုံနေရာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ထို့ပြင် ဇယားအောက်ဆုံး ရောက်နေသည့် ဒဂုံနှင့် Chinland အသင်းတို့၏ ရုန်းကန်မှုများကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

ပွဲစဉ် (၅) အပြီးတွင် ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းက ၁၀ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းက ကိုးမှတ်စီ၊ စစ်ကိုင်း၊ ရခိုင်နှင့် ရတနာပုံအသင်းတို့က ရှစ်မှတ်စီ၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ မကွေးနှင့် Southern အသင်းက လေးမှတ်စီ၊ ဒဂုံအသင်းက သုံးမှတ်၊ Chinland အသင်းက တစ်မှတ်ရထားသည်။ အမှတ်ရထားမှုများတွင် တစ်သင်းနှင့်တစ်သင်း ကွာခြားမှုမရှိသောကြောင့် အမှတ်လျော့ပါက အဆင့်ရပ်တည်မှုများလည်း ပြောင်းလဲသွားမည်ဖြစ်ရာ အသင်းများ၏ ရုန်းကန်မှုများမှာ စိတ်ဝင်စားဖွယ်ကောင်းနေသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ရန်ကုန်အသင်း။

# မြန်မာ့ဘောလုံးလောကကို စောင့်ကြိုနေသည့် အာရှအဆင့် အမျိုးသမီးခြေစစ်ပွဲများ

**ရန်ကုန် မတ် ၂၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည့် အိုလံပစ် အမျိုးသမီးဘောလုံး အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲနှင့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲတို့ ဧပြီလအတွင်း မန္တလေးမြို့၌ ကျင်းပမည်ဖြစ်သည်။

အိုလံပစ်ဒုတိယအဆင့် ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စုပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) ၌ ပါဝင်နေကာ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားအသင်းတို့နှင့် ကျရောက်နေသည်။ ခြေစစ်ပွဲ အုပ်စုပွဲများကို ဧပြီ ၃၊ ၆၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဧပြီ ၃ ရက်တွင် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်ကာ ဧပြီ ၆ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဧပြီ ၉ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုးက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ တတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ပွဲတိုင်း ရလဒ်ကောင်းရန် လိုအပ်နေသည်။ သင်္ကြန်အပြီး ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲမှာ ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ဒုတိယအဆင့်ခြေစစ်ပွဲဖြစ်ပြီး ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် သြစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ နီပေါတို့နှင့် ကျရောက်နေသည်။ ယင်းခြေစစ်ပွဲကိုလည်း မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဧပြီ ၂၆ ရက်တွင် ဥဇဘက်ကစ္စတန်၊ ဧပြီ ၂၈ ရက်တွင် သြစတြေးလျ၊ ဧပြီ ၃၀ ရက်တွင် နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သောကြောင့် မြန်မာအမျိုးသမီးအသင်း အနေဖြင့် အခွင့်အရေးရှိနေသည်။ ယင်းအသင်းကို ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာအသင်းများအနေဖြင့် ယခုနှစ်ဆန်းပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် ရလဒ်မကောင်းသေးသောကြောင့် ဧပြီတွင်ကစားမည့် အမျိုးသမီးခြေစစ်ပွဲများမှာ အရေးပါလျက်ရှိပြီး လက်ရွေးစင်အသင်းက တတိယအဆင့်တက်ရန်၊ ယူ-၁၉ အသင်းက ခြေစစ်ပွဲအောင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

# ဂျပန်နိုင်ငံ၌ကျင်းပမည့် MMA ပြိုင်ပွဲ၏ ချန်ပီယံခါးပတ်ကာကွယ်ပွဲ အောင်လအန်ဆန်နှင့် ဂျပန်မှ ကန်ဟာစဲဂါဝါ ထိုးသတ်မည်

**ရန်ကုန် မတ် ၂၈**

ဂျပန်နိုင်ငံတွင် A New Era အမည်ဖြင့် ကျင်းပမည့် MMA (One Championship)ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကို မတ် ၂၈ ရက်က တိုကျိုမြို့ရှိ The Ritz-Carlton Hotel ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ MMA ပြိုင်ပွဲကို မတ် ၃၁ ရက်တွင် တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာမှ ကချင်တိုင်းရင်းသား အောင်လအန်ဆန်နှင့် ဂျပန်ဖိုက်တာ ကန်ဟာစဲဂါဝါတို့၏ မစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲ အပါအဝင် တွဲဆိုင်း ၁၆ ဆိုင်း ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံခါးပတ်ကာကွယ်ပွဲ လေးပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဖိုလာရန်နှင့် ဂျပန်နိုင်ငံသား အာအိုကီတို့က လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲ ထိုးသတ်မည်ဖြစ်သည်။

မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် အောင်လအန်ဆန်နှင့် ဂျပန်နိုင်ငံသား ကန်ဟာစဲဂါဝါ၊ အမျိုးသမီး ၅၂ ဒသမ ၂ ကီလို စတောဝိတ်(Strawweight) တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် တရုတ်နိုင်ငံသူ ရှောင်ကျန်နန်နှင့် စင်ကာပူနိုင်ငံသူ အန်ဂျလာလီ၊ ဘင်တန်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဘယ်လင်ဂွန်နှင့် ဘရာဇီးနိုင်ငံသား ဖာနန်ဒက်စ်တို့ ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**မန်ယူအသင်း အမြဲတမ်းနည်းပြအဖြစ် ဆိုးလ်ရှားအား ခန့်အပ်**

မန်ယူအသင်းသည် ဆိုးလ်ရှားအား သုံးနှစ်စာချုပ်နှင့်အတူ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ နော်ဝေနိုင်ငံသား ဆိုးလ်ရှား (၄၆နှစ်) သည် ဒီဇင်ဘာလတွင် ယာယီနည်းပြအဖြစ် မန်ယူအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၉ ပွဲတွင် ၁၄ ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားကြောင်းလည်း ဖော်ပြထားသည်။

**မန်ယူအသင်း ဆန်ချို၊ ရိုက်စ်နှင့် ဝန်ဘီဆာကာတို့အား ဦးစားပေးခေါ်ယူမည်**

မန်ယူအသင်းသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဦးစားပေးခေါ်ယူမည့် ကစားသမားများမှာ ဆန်ချို (၁၉နှစ်)၊ ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား ရိုက်စ် (၂၀နှစ်)၊ ခရစ္စတယ်ပဲလေ့စ်ခံစစ်ကစားသမား ဝန်ဘီဆာကာတို့ဖြစ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဘာစီလိုနာအသင်း ရက်ချ်ဖို့ဒ်အား နျူးကမ့်သို့ ခေါ်ယူလို**

ဘာစီလိုနာအသင်းသည် ရက်ချ်ဖို့ဒ် (၂၁နှစ်) ကို နျူးကမ့်သို့ ခေါ်ယူနိုင်ရေးအတွက် အသင်းမှ ကော်တင်ဟို (၂၆နှစ်) သို့မဟုတ် မယ်လ်ကွန် (၂၂နှစ်) တို့အား အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် မန်ယူအသင်းသို့ ကမ်းလှမ်းသွားရန် ဆန္ဒပြင်းပြနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**လက်စတာစီးတီး မက်ဂွိုင်ယာနှင့် ဘင်ချီဝဲလ်တို့အား ရောင်းချသွားမည်မဟုတ်**

လက်စတာစီးတီးအသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော မက်ဂွိုင်ယာ (၂၆နှစ်) နှင့် မန်စီးတီးအသင်းက ခေါ်ယူရန် ချိတ်ဆက်ခြင်းခံနေရသော အင်္ဂလန်အသင်းဖော် ခံစစ်ကစားသမား ဘင်ချီဝဲလ် (၂၂နှစ်) တို့အား ရောင်းချသွားမည်မဟုတ်ကြောင်း မေးလ်တွင် ဖော်ပြထားသည်။

**မန်ယူအသင်း ဆန်းချက်ဇ်အား ရောင်းချသွားရန် မရှိ**

မန်ယူအသင်းသည် အသင်းမှ အသက် ၃၀ အရွယ် ဆန်းချက်ဇ်အား ရောင်းချသွားရန် မရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**လော်ဗရန်သည် ရိုးမား၊ နာပိုလီနှင့် အေစီမီလန်တို့ ပစ်မှတ်ဖြစ်**

လီဗာပူးအသင်းမှ ခံစစ်ကစားသမား လော်ဗရန်သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရိုးမား၊ နာပိုလီနှင့် အေစီမီလန်အသင်းတို့၏ ပစ်မှတ်ဖြစ်လာကြောင်း မေးလ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

# တောင်ငူမြို့တွင်ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးရမိ

**တောင်ငူ မတ် ၂၈**

တောင်ငူမြို့လယ် အမှတ်(၁၆)ရပ်ကွက် ကုန်သည်ကြီးလမ်းရှိ လက်ဖက်ရည်ဆိုင်၌ မတ် ၂၆ ရက် ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့သော လူသတ်မှုမှ ပြစ်မှုကျူးလွန်သူသည် မတ် ၂၇ ရက် ညနေပိုင်းက တောင်ငူမြို့ အမှတ်(၂)နယ်မြေ ရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့ကြောင်း စခန်းမှူး ရဲအုပ်အောင်ကိုကိုက ပြောသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေသူ ဦးမြင့်လွင်(ခ) ဦးမင်းလွင် (၅၀ နှစ်)သည် ဓားထိုးခံရမှုကြောင့် ဒဏ်ရာများရရှိခဲ့ပြီး တောင်ငူဆေးရုံကြီးတွင် သေဆုံးသွားသည်။ ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့က စီစီတီဗွီမှတ်တမ်းများအား စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ထန်းတပင်မြို့နယ် မိကျောင်းခေါင်းကျေးရွာနေသူ နေဝင်းအောင် (၃၅ နှစ်) ဖြစ်ကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား ဆိုင်ကယ်ဖြင့် ပို့ဆောင်သူမှာ ဦးမြင့်လွင်(ခ) ဦးမင်းလွင်၏ ဇနီး ဒေါ်အေးခိုင်၏ တူတော်စပ်သည့် မိကျောင်းခေါင်းကျေးရွာနေသူ ပိုင်ဇင်စိုး (၂၀ နှစ်) ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား ရှာဖွေဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့ အမှတ် (၂) နယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူ နေဝင်းအောင်နှင့် ဆိုင်ကယ်ဖြင့်လိုက်ပါပို့ဆောင်ပေးသူ ပိုင်ဇင်စိုးတို့အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**



နေဝင်းအောင်နှင့် ပိုင်ဇင်စိုးတို့နှင့်ဦးကို တွေ့ရစဉ်။

# မြို့သစ်မြို့နယ်၌ ပုပ်ပွနေသော လူသေအလောင်းတွေ့ရှိ

**မြို့သစ် မတ် ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ညောင်ကုန်းကျေးရွာအနီး၌ မတ် ၂၇ ရက် ညနေ ၃ နာရီခွဲခန့်က ပုပ်ပွနေသောလူသေအလောင်းတွေ့ရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ညောင်ကုန်းကျေးရွာ၏ တောင်ဘက် နှစ်ဖာလုံခန့်အကွာ ညောင်ကုန်းမှဆားတဲသို့သွားသည့် လမ်းဘေးတွင် အမျိုးသားအလောင်း တစ်လောင်းအား တွေ့ရသဖြင့် ရဲဆေးစာဖြင့် မြို့သစ်ဆေးရုံသို့ ပို့အပ်ခဲ့သည်။

သေဆုံးသူမှာ မြို့သစ်မြို့နယ် ချောက်ကြားကျေးရွာနေသူ ဦးညိုမောင်(၅၃နှစ်) ဖြစ်ကြောင်းနှင့် ၎င်းသည် အဆိုပါကျေးရွာတွင် နေထိုင်ခြင်းမရှိဘဲ နီးစပ်ရာကျေးရွာများသို့ သွားလာနေထိုင်လျက်ရှိသူဖြစ်ကာ လွန်ခဲ့သောသုံးရက်ခန့်က နေအိမ်မှထွက်သွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများနှင့် ၎င်း၏ မိသားစုဝင် ကိုဘိုအောင်၏ ပြောပြချက်အရ သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒန့်ဒလွန်ပင်နယ်မြေရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်းထွန်း (မြို့သစ်)**

# နောင်ချိုနှင့် ပင်လုံမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ်(၈၀/၄)တွင် ဖိုးလပြည့် မောင်းနှင်ပြီး ရှိုင်းဇော်ထက်(ခ)ကိုရှိုင်း လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လုံမြို့ ရပ်ကွက်(၂)ရပ်ကွက်၊ ပရဟိတလမ်းနေ ခွန်ကျော်မြင့်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၀ ၊ ဘိန်းဖြူ ၁၁ ဂရမ်၊ ဘိန်းစိမ်း ၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဖိုးလပြည့်၊ ရှိုင်းဇော်ထက်(ခ)ကိုရှိုင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ မှ မတ် ၂၄ ရက် အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၂၁၂ ဒသမ ၃၅၀၄ တန်၊ သစ်မာ ၁၃၉ ဒသမ ၁၃၇၃ တန်၊ အခြား ၁၈၆ ဒသမ ၉၀၃၆ တန် စုစုပေါင်း ၅၃၈ ဒသမ ၃၉၁၃ တန်၊ ပြစ်မှုကျူးလွန်သူ ၂၉ ဦးနှင့် ယာဉ်၊ ယန္တရား ၂၄စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# စစ်ကိုင်းမြို့တွင် ဓားပြ၍ ရွှေထည်ပစ္စည်းများကို လုယူသွားသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်နေ မစန်းယုဖြိုးသည် မတ် ၉ ရက် နံနက် ၆ နာရီခန့်က ယခင်သိရှိခဲ့သော ဝက်လက်မြို့နယ် ကမ်းဖြူကျေးရွာနေ ထက်နေအောင်(ခ)ထက်မြက်အောင်က စစ်ကိုင်းမြို့ဘက်သို့ ဘုရားဖူးသွားလိုသဖြင့် လိုက်ပါပို့ဆောင်ပေးရန် အကူအညီတောင်းခံသောကြောင့် ထက်နေအောင်(ခ) ထက်မြက်အောင်၏ ဆိုင်ကယ်ဖြင့် လိုက်ပါသွားခဲ့သည်။

ကောင်းမှုတော်ဘုရား မြောက်ဘက်တောလမ်းအတိုင်း မောင်းနှင်လာခဲ့ပြီး လူပြတ်သည့်နေရာအရောက် ဆိုင်ကယ်ကို ရပ်တန့်ကာ မစန်းယုဖြိုး ဝတ်ဆင်ထားသော အလေးချိန်ခြောက်ပဲ တစ်ရွေးခန့်ရှိ အဝိုင်းပုံလက်စွပ် တစ်ကွင်းနှင့် လည်ပင်းတွင် ဆွဲထားသည့် အလေးချိန်လေးပဲ တစ်ရွေးခန့် ဘောလုံးပုံ ဆွဲသီးပါ အလေးချိန် ၁၂ ပဲ နှစ်ရွေးခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးတို့အား ဆွဲဖြုတ်လုယူသဖြင့် အော်ဟစ် အကူအညီတောင်းခံစဉ် ထက်နေအောင်(ခ)ထက်မြက်အောင်က ခါးကြားရှိ ဓားမြှောင်ကို ထုတ်ပြကာ ရွှေထည်စွဲပစ္စည်းများကို ယူဆောင်ထွက်ပြေးသွားသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ၎င်းကို စစ်ကိုင်းမြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ထက်နေအောင်(ခ) ထက်မြက်အောင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မရမ်းကုန်းမြို့နယ်ရှိ စတိုးဆိုင်မှ ငွေနှင့်ပစ္စည်းများ ခိုးမြောက်ယူဆောင်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် နတ်သျှင်နောင် ၃ လမ်းထောင့်ရှိ One Stop Mart စတိုးဆိုင်၌ မတ် ၂၆ ရက် နံနက် ၂နာရီက အမျိုးသားသုံးဦး ဈေးဝယ်ဟန်ဆောင်၍ အရောင်းဝန်ထမ်းတစ်ဦးအား ဓားဖြင့်ထောက်ကာ ကောင်တာ စားပွဲအံဆွဲအတွင်းမှ ငွေစက္ကူရောရော ၁၆၂၄၅၀၀ ၊ ဆိုင်အတွင်းရှိ ပစ္စည်းများနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို ယူဆောင်သွားသဖြင့် ဥပဒေအရအရေးယူပေးရန် ဘုရင့်နောင်နယ်မြေရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးက ကြီးကြပ်၍ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး လိုက်လံစုံစမ်း ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် လှိုင်သာယာမြို့နယ် ရှမ်းချောင်းရပ်ကွက်နေ အောင်ကိုဦး (ခ) ငချူ၊အောင်ပိုင်မျိုး(ခ)အသေးလေးနှင့် ဇာနည်အောင်(ခ)ချစ်ထူးတို့ဖြစ်ကြောင်းသိရှိရသဖြင့် လိုက်လံဖမ်းဆီးရာ ၎င်းတို့အား မတ် ၂၇ ရက်တွင် အောင်ပိုင်မျိုး(ခ) အသေးလေးနှင့် ဇာနည်အောင်(ခ)ချစ်ထူးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ အောင်ကိုဦး(ခ)ငချူကိုလည်း အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မူဆယ် (၁၀၅)မိုင်တွင် ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦးဒဏ်ရာရ

**မူဆယ် မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ရှေ့၌ ယနေ့ နံနက် ၇ နာရီခန့်က ကားနှင့်ဆိုင်ကယ်တိုက်မိကာ ဆိုင်ကယ်သမားနှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဇင်ကိုမောင်းနှင်သည့် ယာဉ်အမှတ် MDY/6K----- ယာဉ်လိုင်စင်(စိစစ်ဆဲ)လိုက်ထရပ်ယာဉ်သည် မိုင်းယုကျေးရွာ ပန်းမြင့်မိုလ်လမ်းကြားမှ ပြည်ထောင်စုလမ်းမကြီးပေါ်အတက်တွင် မူဆယ်မြို့နယ် ဖွေးဟုန်းကျေးရွာ နေထိုင်ကြသူများဖြစ်သည့် ကိုသန်းမြင့်နှင့် ကိုအောင်နိုင်ဝင်း(ခ)ကိုအိုက်ခေတို့စီးနင်းလာသည့် ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဆိုင်ကယ်မောင်းနှင်သူ ကိုအောင်နိုင်ဝင်း(ခ)ကိုအိုက်ခေနှင့် ကိုသန်းမြင့်တို့တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသွားခဲ့ကြောင်း၊ အဆိုပါ ဒဏ်ရာရရှိသူနှစ်ဦးအား ဆေးကုသမှုခံယူရန်အတွက် (၁၀၅)မိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့အသင်းပိုင်ယာဉ်ဖြင့် မူဆယ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# တနင်္သာရီမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းဆောင် မီးလောင်မှုဖြစ်

**တနင်္သာရီ မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် အောက်ကင်း အနောက်ကမ်းကျေးရွာ၌ မတ် ၂၇ ရက် ည ၉ နာရီခန့်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် ည ၉ နာရီခန့်က ကပ္ပိယဖြစ်သူ ဦးထွန်းလှကြည် (၅၃နှစ်) သည် အောက်ကင်း အနောက်ကမ်းကျေးရွာရှိ ဆုတောင်းပြည့်ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ သက်တော် (၉၂)နှစ် ဝါတော်(၇၂)နှစ်ရှိ ဆရာတော်အား ဝေယျာဝစ္စဆောင်ရွက်ပြီး ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ ကျောင်းဆောင်ကို မီးကူးစက်လောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများက အပေါ့စား မီးသတ်စက်လေးလုံးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်း ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၁၀း၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၄း၁၅ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဒါရိုက်တာ-စံရွှေမောင်)

**ညပိုင်း**

- ၁၆း၃၅ - "နမ့်မွန်ကြီးသို့အလည်တစ်ခေါက်"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "ဝက်သက်ရောဂါအကြောင်း သိကောင်းစရာ"(အပိုင်း-၁)
- ၁၇း၂၀ - Catch Asia News (Season-II)(Epi-31)
- ၁၈း၂၀ - BBC Click
- ၁၈း၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "မင်္ဂလာဦးည" + "နို့ဘီလူး"
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပြည်သူ့အတွက်ဥပဒေစကားဝိုင်း "မသန်စွမ်းသူများနှင့် ဥပဒေ"
- နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၁၂)
- ပြည်သူ့နီတိ "ရိုးဂုဏ်"

## လက်တင်အမေရိကနိုင်ငံများကို ဗင်နီဇွဲလားပြစ်တင်ရှုတ်ချ

**ကရာကတ် မတ် ၂၈**

ဗင်နီဇွဲလား တပ်မတော်နှင့် ရုရှားတို့ စစ်ရေးအရ ပူးပေါင်းမှုကို ကန့်ကွက်ခဲ့သည့် လက်တင်အမေရိက နိုင်ငံများအား သူတော်ကောင်းအယောင်ဆောင်နေသူများအဖြစ် ဗင်နီဇွဲလားနိုင်ငံက ပြစ်တင်ရှုတ်ချလိုက်သော်လည်း ၎င်းတို့၏ မြေပေါ်၌ အမေရိကန်စစ်အခြေစိုက်စခန်းများထားရှိမှုကိုမူ ကြိုဆိုလိုက်သည်။

အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် စစ်သည်များကို လက်တင်အမေရိက မြေပေါ်တွင် ထားရှိပြီး သူတော်ကောင်း အယောင်ဆောင်နေသော ဒေသတွင်း အစိုးရများကို အံ့သြကြောင်း ဗင်နီဇွဲလား ပြည်ပရေးရာဝန်ကြီး ဂျော့အာရီရာဇာက တွစ်တာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် နိုင်ငံအများအပြားကို အင်အားသုံး ခြိမ်းခြောက်ရန်၊ နှစ်စဉ်စစ်ရေး အသုံးစရိတ် အမေရိကန် ဒေါ်လာ ၇၀၀ ဘီလီယံကို ရရှိရန်၊ ကုလသမဂ္ဂ၏ ခွင့်ပြုချက် မရရှိဘဲ ရေနံကို အကြောင်းပြုလျက် စစ်မက်ဖြစ်ပွားစေရန်နှင့် နျူကလီးယား လက်နက်ကိုအသုံးပြုလျက် အရပ်ဘက်ပြည်သူများကို ဆန့်ကျင်သည့် ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော နိုင်ငံဖြစ်ကြောင်း အာရီရာဇာက ပြောကြားခဲ့သည်။

အရာရှိများနှင့် တပ်ဖွဲ့ဝင် ၁၀၀ နီးပါး ပါဝင်သည့် ရုရှားတပ်မတော်လေယာဉ် နှစ်စင်း စနေနေ့က ဗင်နီဇွဲလား၌ ဆင်းသက်ရပ်နားခဲ့ပြီးနောက်တွင် ဒေသတွင်းနိုင်ငံအချို့နှင့် အမေရိကန်ပြည်ထောင်စုတို့က သတိပေးခဲ့ကြသည်။

ဝါရှင်တန်သည် ဆိုရှယ်လစ်ဝါဒီ တစ်ဦးဖြစ်သည့် လက်ရှိဗင်နီဇွဲလားသမ္မတ နီကိုလပ် မာဒူရိုကို ဖြုတ်ချရန် လက်ယာယိမ်းအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ကျောထောက်နောက်ခံပေးထားပြီး သမ္မတနီကိုလပ်မာဒူရိုအစိုးရအဖွဲ့အပေါ် ရုရှား၏ အားပေးထောက်ခံမှုက ၎င်းတို့၏ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေခဲ့သည်။

ဗင်နီဇွဲလား၌ ရုရှားတပ်ဖွဲ့ဝင်များ တည်ရှိမှုက ဗင်နီဇွဲလားပြည်သူများ၏ ထိခိုက်ခံစားရမှုများ ပိုမိုကြာမြင့်စေလိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဘာရော့နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့စဉ်အတွင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အီးယူမှ ခွဲထွက်ပြီးနောက်ပိုင်း နိုင်ငံ့ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ပြော

လန်ဒန် မတ် ၂၈

**ဗြိတိန်သည် ဥရောပသမဂ္ဂမှ ခွဲထွက်ပြီးနောက်ပိုင်းတွင် နိုင်ငံ့ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ယမန်နေ့က ပြောသည်။ ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် နှစ်ကြိမ်တိုင်တိုင် ညှိနှိုင်းပြီး တင်ပြခဲ့သည့် ထရီဆာမေ၏ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေး သဘောတူညီချက် အဆိုပြုချက်ကို ဇန်နဝါရီလနှင့် မတ်လအစောပိုင်းတွင် လွှတ်တော်မှ နှစ်ကြိမ်တိုင်တိုင် ပယ်ချခဲ့သည်။**



လွှတ်တော်တွင် တွေ့ရသည့် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ။

ထရီဆာမေအနေဖြင့် မည်သည့်အချိန်တွင် ရာထူးမှ နုတ်ထွက်မည်ဆိုသည်ကို တိတိကျကျ ပြောဆိုထားခြင်း မရှိသေးကြောင်း သိရသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက လွှတ်တော်အမတ်များကို ၎င်း၏ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး သဘောတူညီချက် တင်ပြချက်အပေါ် လက်ခံရန် မဲဆွယ်သည့်အနေဖြင့် ဘရီးဇစ်အရေးအောင်မြင်လျှင် ၎င်းအနေဖြင့် ရည်ရွယ်ထားသည့်အချိန်ထက်စောပြီး ရာထူးမှ နုတ်ထွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုတွင် ဒုတိယအဆင့်အနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများလုပ်သည့်အခါ ခေါင်းဆောင်အသစ်၊ ချဉ်းကပ်မှုပုံစံအသစ်နှင့် လုပ်ဆောင်ချင်သည်ကို ၎င်းအနေဖြင့် နားလည်ကြောင်း ပြောခဲ့သည်။ ထိုသို့လုပ်ဆောင်ချိန်တွင် ထရီဆာမေက သူ့အနေဖြင့် ဝန်ကြီးချုပ်အဖြစ် ရှိတော့မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ဗြိတိန်လွှတ်တော်က ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးဆိုင်ရာ အစီအစဉ်များအတွက် ငါးနာရီကြာ ငြင်းခုံဆွေးနွေးမှုများလုပ်ရန် စီစဉ်ထားသလို လွှတ်တော်အမတ်များက လက်ခံနိုင်မည့် အဆိုပြုချက်များအတွက် မဲခွဲဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

မဲခွဲရာတွင် အများလက်ခံနိုင်သည့် အစီအစဉ်များအတွက် ဒုတိယအကြိမ်မဲခွဲမှုကို ဧပြီ ၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး အများထောက်ခံမှု ရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ယမန်နေ့က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် ရွေးချယ်စရာ ၁၆ ခုကို တင်ပြခဲ့ပြီး အဆိုပါရွေးချယ်စရာ ၁၆ ခုတွင် ဥရောပ ၂၈ နိုင်ငံပါသည့် ဥရောပသမဂ္ဂမှ မည်သည့် သဘောတူညီချက်မျှ မရဘဲ ခွဲထွက်ရေး၊ ဥရောပသမဂ္ဂတွင် ဆက်လက်တည်ရှိနေရန် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအသစ် ကျင်းပရန်စသည့် ရွေးချယ်စရာများ ပါရှိကြောင်း သိရသည်။

ဧပြီ ၁၂ ရက်တွင် မည်သည့်သဘောတူညီချက်မျှ မရဘဲ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေးအဆိုကို ထောက်ခံမဲ ၁၆၀ နှင့် ကန့်ကွက်မဲ ၄၀၀ ဖြင့် ပယ်ချခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဂိုလန်ကုန်းမြင့်သည် အစ္စရေးပိုင်နက်မဟုတ်ကြောင်း ဥရောပသမဂ္ဂပြောကြား

**ဘရပ်ဆဲလ် မတ် ၂၈**

ဥရောပသမဂ္ဂသည် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများအား အမေရိကန်၏ ဂိုလန်ကုန်းမြင့်ကို အစ္စရေးပိုင်နက်အဖြစ် ကြေညာချက်အပေါ် သံယောင်လိုက်ထောက်ခံခြင်း မပြုရန် ယမန်နေ့က တိုက်တွန်းပြောကြားလိုက်သည်။

ဥရောပသမဂ္ဂ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ဖယ်ဒရီကာက အဖွဲ့ဝင်နိုင်ငံများကိုယ်စား ၎င်းတို့၏ သဘောထား ကြေညာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ဥရောပသမဂ္ဂ၏ ဂိုလန်ကုန်းမြင့်အပေါ် ထားရှိသော ရပ်တည်ချက်မှာ ပြောင်းလဲခြင်း မရှိကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။ အဆိုပါကြေညာချက်ကို ဂိုလန်ကုန်းမြင့်အရေး အမေရိကန်၏ ကြေညာချက်နှင့် ပတ်သက်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးမစတင်မီ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၄၂ နှင့် ၄၉၇ အရ ဥရောပသမဂ္ဂသည် ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့ပိုင်ဆိုင်ကြောင်း အသိအမှတ် မပြုခဲ့ပေ။

မတ် ၂၅ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂိုလန်ကုန်းမြင့်ကို အစ္စရေးပိုင်အဖြစ် တရားဝင်ကြေညာချက် ထုတ်ပြန်ခဲ့သည်။ အစ္စရေးသည် ဆီးရီးယားနှင့် ၁၉၆၇ ခုနှစ်တွင် ခြောက်ရက်ကြာ စစ်ပွဲဖြစ်ပွားပြီးနောက် ဂိုလန်ကုန်းမြင့်ကို သိမ်းပိုက်ခဲ့သည်။



ဂိုလန်ကုန်းမြင့်တစ်နေရာကို တွေ့ရစဉ်။

အစ္စရေး၏ ဂိုလန်ကုန်းမြင့်ကို သိမ်းယူခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာက အသိအမှတ် မပြုခဲ့ပေ။ ထို့အတူ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များက သိမ်းယူထားသော ဂိုလန်ကုန်းမြင့်ကို ပြန်ပေးရန် တိုက်တွန်းထားသည်။

**အေအက်ဖ်ပီ**

## ဗင်နီဇွဲလားကို ကူညီရန် အမေရိကန်အား အတိုက်အခံခေါင်းဆောင်၏ဇနီးက တောင်းဆို

**ဝါရှင်တန် မတ် ၂၈**

မကြာသေးမီက ဗင်နီဇွဲလားနိုင်ငံသို့ ရုရှားတပ်ဖွဲ့ဝင်များရောက်ရှိသွားပြီးနောက်ပိုင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားတပ်ဖွဲ့ဝင်များ ဗင်နီဇွဲလားနိုင်ငံမှ ထွက်သွားရန် ပြောကြားလိုက်သည်။

ရုရှားတပ်ဖွဲ့ဝင်များ ဗင်နီဇွဲလားနိုင်ငံမှ ထွက်သွားရေး အမေရိကန်တပ်ဖွဲ့ဝင်များ ဗင်နီဇွဲလားနိုင်ငံတွင် ချထားရန် ဆန္ဒရှိ မရှိ ယမန်နေ့က သတင်းထောက်များက မေးမြန်းရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရွေးချယ်စရာလမ်းအားလုံးကို ဖွင့်ပေးထားကြောင်း၊ ယခင်အကြိမ်က ပြောကြားခဲ့သလို ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားအစိုးရက အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်ကို ကောင်းကောင်းနားလည်ပါကြောင်း ပြောသည်။ ယခုသီတင်းပတ်အကုန်တွင် ရုရှားစစ်လေယာဉ်များ ဗင်နီဇွဲလားနိုင်ငံကို ဆိုက်ရောက်လာခြင်းသည် ဒေါသထွက်စရာ လုပ်ဆောင်မှုတစ်ရပ်အဖြစ် အမေရိကန်က ရှုမြင်ကြောင်း ဒုတိယသမ္မတ မိုက်ပန့်စ်က ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင်လည်းဖြစ် မိမိကိုယ်ကိုယ် ယာယီသမ္မတအဖြစ် ကြေညာထားသည့် ဂျူအန်ဂွိုက်ဒို၏ဇနီး ဖာဘီယာနာ ရိုဆေးလ်အား ပြောကြားလိုက်သည်။

ရိုဆေးလ်အနေဖြင့် အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် တွေ့ဆုံပြီးနောက် အိမ်ဖြူတော် ဘဲဥပုံရုံးခန်းထဲတွင် သမ္မတထရမ့်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဗင်နီဇွဲလားသမ္မတ မာဒူရိုအတွက် ပံ့ပိုးမှုများအားလုံးကို ရပ်တန့်ပြီး ဗင်နီဇွဲလားလွတ်လပ်မှုပြန်ရရေးနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို ထောက်ခံပေးရေး အမေရိကန်က ရုရှားကို တိုက်တွန်းလိုက်ကြောင်းလည်း သိရသည်။

အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒို၏ ဇနီးဖြစ်သူက ဗင်နီဇွဲလားနိုင်ငံကြုံတွေ့နေရသော ယနေ့အခြေအနေများသည် အလွန်ဆိုးရွားကြောင်း၊ လွတ်လပ်ရေး ရမလား၊ အာဏာရှင် အုပ်စိုးမှုအောက်တွင် နေရမလားဆိုသည့် သေရေးရှင်ရေးတမျှ အရေးကြီးနေသော အချိန်ဖြစ်ကြောင်း၊ ကလေးငယ်များလည်း အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း၊ ဆေးရုံများတွင်လည်း ကုစရာဆေးဝါးများ မရှိကြောင်း ပြောကြားခဲ့သည်။

ရိုဆေးလ်သည် ဗင်နီဇွဲလားနိုင်ငံနှင့် အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုအား ကူညီထောက်ပံ့ရေး၊ လက်ရှိသမ္မတ မာဒူရိုအား အာဏာရှင်စနစ်မှ ဖြုတ်ချရေး စသည့် အရေးများနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံ အိမ်ဖြူတော်သို့ ရောက်ရှိလာခဲ့သည်။

ရိုဆေးလ်နှင့် အခြားအတိုက်အခံများသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့နှင့် တွေ့ဆုံခဲ့သည်။

**အေအက်ဖ်ပီ**

ဗင်နီဇွဲလား အတိုက်အခံ ခေါင်းဆောင် ဂျူအန်ဂွိုက်ဒို၏ ဇနီး အိမ်ဖြူတော်တွင် အမေရိကန်သမ္မတ ထရမ့်နှင့် တွေ့ဆုံနေစဉ်။




## အမေရိကန်မှ လက်နက်များဝယ်ယူရန် ထိုင်ဝမ်သမ္မတ ကြိုးပမ်း

**ဝါရှင်တန် မတ် ၂၈**

ထိုင်ဝမ် (တရုတ်တိုင်ပေ) သမ္မတ ဆိုင်အင်ဝမ်သည် တရုတ်နိုင်ငံမှ စစ်ရေးအရ ကျရောက်လာနိုင်သည့် ဖိအားများကို ရင်ဆိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုမှ လက်နက်များ ဝယ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သမ္မတ ဆိုင်အင်ဝမ်သည် ပြီးခဲ့သည့် မတ် ၂၇ ရက်က ဟာဝိုင်ယီသို့ အလည်အပတ်ရောက်ရှိခဲ့ပြီး ဝါရှင်တန်ရှိ Heritage Foundation အကြံပေးအဖွဲ့က လက်ခံကျင်းပသည့် အခမ်းအနားတစ်ခုကို အင်တာနက် ဗီဒီယိုလင့်ခ်တစ်ခုမှတစ်ဆင့် ပါဝင်ဆင်နွှဲခဲ့သည်။

ဆိုင်အင်ဝမ်က တရုတ်နိုင်ငံသည် စစ်ရေးတင်းမာမှုများ မြင့်တက်အောင် လုပ်ဆောင်လျက်ရှိပြီး ထိုင်ဝမ်၏ နိုင်ငံတကာဆိုင်ရာ လှုပ်ရှားမှုများကို ကန့်သတ်ရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲလျက်ရှိကြောင်း သိရသည်။ ၎င်းက အက်ဖ် ၁၆ တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို ထိုင်ဝမ်သို့ ရောင်းချခြင်းမှတစ်ဆင့် သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်သည့် အမေရိကန်အစိုးရအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း အလေးအနက် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ယီမင်မြောက်ပိုင်းဆေးရုံတစ်ရုံ လေကြောင်းတိုက်ခိုက်ခံရရာ ခုနစ်ဦးသေဆုံး

**ဆာနား မတ် ၂၈**

ယီမင်မြောက်ပိုင်းပြည်နယ်ဖြစ်သည့် ဆာဒါးရှိ ဆေးရုံတစ်ရုံကို မတ် ၂၆ ရက်က လေကြောင်းတိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယီမင်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံးက မတ် ၂၇ ရက်က သတင်းထုတ်ပြန်လိုက်သည်။

လေကြောင်းတိုက်ခိုက်မှုသည် ကီတက်ဖ်ဒေသရှိ ဆေးရုံကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ယီမင်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံး၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ဆာဒါးသည် ဟူသီသူပုန်များ ခြေကုပ်ယူရာ အဓိကနေရာတစ်ခုဖြစ်သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုနောက်ကွယ်တွင် မည်သူမည်ဝါရှိကြောင်း ကုလသမဂ္ဂအကူအညီပေးရေးအေဂျင်စီက ဖော်ပြထားခြင်း မရှိပေ။ သို့သော်လည်း ဟူသီသူပုန်များကို ဆန့်ကျင်သည့် ယီမင်အစိုးရ၏ထောက်ပံ့မှုဖြင့် ဆော်ဒီဦးဆောင်မဟာမိတ်အဖွဲ့က လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်လေ့ရှိကြောင်း ဖော်ပြထားသည်။

ဟူသီသူပုန်များက ယီမင်သမ္မတကို မိမိတိုင်းပြည်မှ ထွက်ခွာသွားအောင် ဖိအားပေးခဲ့ပြီးနောက် မြို့တော်ဆာနားအပါအဝင် တိုင်းပြည်၏ မြောက်ပိုင်းဒေသအတော်များများကို သိမ်းယူခဲ့သည်။ ဆော်ဒီအာရေဗျသည် ယီမင်သမ္မတ မန်ဆောဟာဒီကို ကူညီထောက်ပံ့ရန် ၂၀၁၅ ခုနှစ် မတ်လတွင် ယီမင်ကို ကျူးကျော်ဝင်ရောက်လာခဲ့သည်။ **ဆင်ဟွာ**

### လာမည့်ငါးနှစ်အတွင်း လကမ္ဘာပေါ်သို့ အမေရိကန်အာကာသယာဉ်မှူးများ စေလွှတ်သွားရန် မိုက်ပန့်စ် ပြော

**ဝါရှင်တန် မတ် ၂၈**

အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ်က လာမည့်ငါးနှစ်အတွင်း လကမ္ဘာပေါ်သို့ အမေရိကန် အာကာသယာဉ်မှူးများ စေလွှတ်သွားရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။ မတ် ၂၆ ရက်က အလာဘားမားပြည်နယ် ဟန့်စဗယ်လ်တွင် ပြုလုပ်ခဲ့သည့် အမေရိကန်နိုင်ငံ အာကာသကောင်စီအစည်းအဝေးတွင် ဒုတိယသမ္မတက ပြောကြားလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လကမ္ဘာ၏ မမြင်ရသည့်ဘက်ခြမ်းသို့ ပထမဆုံးအကြိမ် ဆင်းသက်ခဲ့သည့် နိုင်ငံဖြစ်လာခဲ့ပြီး လကမ္ဘာနှင့်ပတ်သက်ပြီး အသာစီးရရေးဆိုသည့် ၎င်းတို့၏ ရည်မှန်းချက်ကို ထုတ်ဖော်ဆောင်ရွက်နေကြောင်းလည်း မိုက်ပန့်စ်က မှတ်ချက်ပြု ပြောကြားခဲ့သည်။

ထို့ကြောင့် အမေရိကန်အနေဖြင့် လကမ္ဘာဆိုင်ရာ ရည်မှန်းချက် အောင်မြင်အောင် ကြိုးပမ်းမှုများကို နှစ်ဆတိုးပြီး အရှိန်မြှင့်တင်လုပ်ဆောင်ရန် အမေရိကန် အာကာသအေဂျင်စီ နာဆာကို ၎င်းက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

၂၀၂၈ ခုနှစ်တွင် မောင်းသူပါသည့် ယာဉ်တစ်စင်း လကမ္ဘာပေါ်သို့ လွှတ်တင်ရန် နာဆာက အစောပိုင်းတွင် စီစဉ်ခဲ့သည်။ သို့သော်လည်း ယင်းအစီအစဉ်နှင့် ပတ်သက်၍ သတ်မှတ်ချိန်ထက် စောပြီး လုပ်ဆောင်မည်ဟုလည်း မျှော်လင့်ရသည်။ **အင်န်အိတ်ချ်ကေ**

# ကာလဝမ်းရောဂါ၏ ခြိမ်းခြောက်မှုအောက်ရောက်ရှိနေသည့် နှစ်နိုင်ငံ

**ခြူးစန္ဒီနွေး**

**ကာလဝမ်းရောဂါဆိုတာ လူကို အသက်သေစေနိုင်လောက်တဲ့အထိ ဖြစ်ပွားတဲ့ရောဂါဖြစ်ပြီး ကာလဝမ်းရောဂါ နှိပ်စက်မှုကြောင့် ထိခိုက်ခံစားနေရတဲ့ နိုင်ငံတွေကတော့ ပြည်တွင်းစစ်ကြောင့် အင်အားချည့်နဲ့နေရတဲ့ ယီမင်နိုင်ငံနဲ့ မကြာသေးခင်ကမှ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်သွားလို့ လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရတဲ့ မိုဇမ်ဘစ်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။**



ဆာနားမြို့အနီးပတ်ဝန်းကျင်တွင် ယီမင်ကျန်းမာရေးလုပ်သားများ ဆေးဖျန်းနေကြသည်ကို တွေ့ရစဉ်။

**နောက်တစ်ကြိမ်ပြန်ဖြစ်**

ပြည်တွင်းစစ်ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနဲ့ တွေ့နေရတဲ့ ယီမင်နိုင်ငံမှာဆိုရင် အရင်ကလည်း ကာလဝမ်းရောဂါဖြစ်ပွားဖူးပြီး အခုတစ်ကြိမ်ကတော့ နောက်ထပ်တစ်ဖန် ထပ်ဖြစ်တာပါ။ တစ်ပတ်မှာ လူပေါင်း ၂၀၀၀ ခန့် ကူးစက်ခံရတယ်လို့ သံသယရှိကြောင်း ကျန်းမာရေးလုပ်သားတွေက မတ် ၂၇ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ နယ်စည်းမခြားဆရာဝန်များအဖွဲ့ အကြီးအကဲက လတ်တလောမှာပဲ ကာလဝမ်းရောဂါဖြစ်ပွားမှု များလာတာကြောင့် ယီမင်နိုင်ငံအတွင်း စစ်ပွဲဖြစ်ရာနေရာတွေမှာ ရေနဲ့မိလ္လာစနစ် အထောက်အကူဖြစ်စေဖို့ အကူအညီတွေ ချက်ချင်းလိုအပ်တယ်ဆိုပြီး ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အစပိုင်း မတ်လလောက်မှာ ဝမ်းလျှောခြင်းဖြစ်ပွားမှုပေါင်း ၁၀၉၀၀၀ ခန့်ရှိပြီး ကာလဝမ်းရောဂါလို့ သံသယဖြစ်ဖွယ်တွေလည်းရှိကြောင်း သတင်းရရှိခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ ဝမ်းလျှောမှုဖြစ်ပွားမှုနှုန်းဟာ ငါးနှစ်အောက်ကလေးငယ်တွေက သုံးပုံတစ်ပုံခန့်ရှိတယ်လို့ သိရပါတယ်။ ပတ်ဝန်းကျင်သန့်ရှင်းမှု နည်းပါးခြင်း၊ မသန့်ရှင်းသော သောက်သုံးရေတို့ကို အသုံးပြုနေရခြင်းတို့ကြောင့် ရောဂါပျံ့နှံ့နေရပြီး မကုသဘဲထားပါက ကိုယ်ခန္ဓာမှရေဓာတ်များ ခန်းခြောက်ပြီး အသက်ဆုံးရှုံးနိုင်ပါတယ်။

**၂၀၁၅ ခုနှစ်ကစတင်**

ယီမင်နိုင်ငံမှာ ကာလဝမ်းရောဂါ စတင်ဖြစ်ပွားခဲ့တဲ့အချိန်ကတော့ ဟူသီသူပုန်တွေနဲ့ ဆော်ဒီကို ကျောထောက်နောက်ခံပြုထားတဲ့ အစိုးရတပ်တွေ စတင်စစ်ပွဲဖြစ်ပွားချိန် ၂၀၁၅ ခုနှစ်က စတင်ခဲ့တာပါပဲ။ အဲဒီစစ်ပွဲကြောင့် ယီမင်နိုင်ငံမှာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုစနစ်၊ မိလ္လာစနစ် အစရှိတဲ့ ကျန်းမာရေးဆိုင်ရာအခြေခံထောက်တိုင်တွေ လဲပြိုခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကဆိုရင် ယီမင်နိုင်ငံမှာ ကာလဝမ်းရောဂါ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့ပြီး လူပေါင်း တစ်သန်းခန့် ဝေဒနာခံစားခဲ့ရပါတယ်။ နောက်ပိုင်းမှာတော့ ဒီရောဂါကို ထိန်းချုပ်လိုက်နိုင်ပေမယ့် ယီမင်နိုင်ငံအတွင်းမှာရှိတဲ့ ကျန်းမာရေးအဖွဲ့အစည်းတွေကတော့ တချို့သောဒေသတွေမှာ အဲဒီရောဂါကို ဆက်တွေ့နေဆဲပါပဲ။

**ရောဂါဖြစ်ပွားမှုတိုးလာ**

နယ်စည်းမခြားဆရာဝန်အဖွဲ့ကတော့ ဇန်နဝါရီ ၁ ရက်ကစပြီး ယီမင်နိုင်ငံ အနောက်ပိုင်းဒေသတွေဖြစ်တဲ့ အမ်ရမ်၊ ဟာဂျက်၊ အိုက်ဘ်နဲ့ တိုက်ဇ် မြို့တို့မှာ ကာလဝမ်းရောဂါ ကူးစက်ခံရသူလို့ သံသယရှိသူ လူနာ ၇၉၀၀ ခန့်ကို တွေ့ရှိခဲ့တယ်လို့ ပြောပါတယ်။ ပြီးခဲ့တဲ့သုံးလအတွင်း ကာလဝမ်းရောဂါကူးစက်ခံရသူ လူနာဟာ တစ်ပတ်မှာ ၁၄၀ ကနေ ၂၀၀၀ ခန့်အထိ တိုးပွားနေတယ်လို့ အဆိုပါအဖွဲ့က ပြောပါတယ်။ ဒါတောင် မိုးရာသီမရောက်သေးပါဘူး။ မိုးရာသီရောက်ရင် အခြေအနေပိုပြီး ဆိုးရွားသွားစေနိုင်ပါတယ်။

**စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ယီမင်နိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာ အာမက်အယ်မန်ဟာရီနဲ့ ယူနီဆက်ရဲ့ ဒေသတွင်းဆိုင်ရာ ညွှန်ကြားရေးမှူး ဂီရတ် ကက်ပယ်လာရီတို့ ပူးတွဲထုတ်ပြန်တဲ့ သတင်းထုတ်ပြန်ချက်မှာတော့ ကူးစက်ခံထားရတဲ့ လူနာတွေကို ကုသပေးဖို့၊ ရောဂါဖြစ်ပွားမှုနှုန်း မပျံ့နှံ့စေဖို့၊ ချက်ချင်းအကူအညီတွေပေးဖို့ လိုအပ်တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အချို့သောဒေသတွေမှာ တိုက်ပွဲအရှိန်မြင့်တက်နေတာရယ်၊ နယ်မြေအတွင်းဝင်ရောက်ဖို့ ကန့်သတ်ခံရတာတွေ၊ နောက်ပြီးတော့ ထောက်ပံ့ရေးပစ္စည်းတွေ ဖြန့်ဝေတဲ့အခါမှာ အချိန်ကြန့်ကြာမှုတွေကြောင့် စိန်ခေါ်မှုတွေအများကြီးနဲ့ ရင်ဆိုင်နေရပါတယ်။

**မိုဇမ်ဘစ်နိုင်ငံမှာလည်းဖြစ်**

နောက်ထပ် ကာလဝမ်းရောဂါရဲ့ခြိမ်းခြောက်မှုကို ခံနေရတဲ့နိုင်ငံကတော့ အာဖရိကတောင်ပိုင်း နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မိုဇမ်ဘစ်နိုင်ငံပဲ ဖြစ်ပါတယ်။ မိုဇမ်ဘစ်နိုင်ငံမှာ မကြာသေးခင်ကမှ ဆိုင်ကလုန်းမုန်တိုင်း ဝင်သွားတာဖြစ်ပြီး အသေအပျောက်များသလို အပျက်အစီးလည်း များပါတယ်။ အခုဆိုရင်တော့ မုန်တိုင်းဒဏ်ခံဒေသဖြစ်တဲ့ ဘီရာပြည်နယ်မှာ ကာလဝမ်းရောဂါ ဖြစ်ပွားနေပြီလို့ သိရပါတယ်။ မုန်တိုင်းကြောင့် လူပေါင်း ထောင်နဲ့ချီပြီး သောက်ရေသန့် မရရှိတော့ပါဘူး။ ယီမင်နိုင်ငံကတော့ ကာလဝမ်းရောဂါဖြစ်ပွားမှုနှုန်း မြင့်ပေမယ့် မိုဇမ်ဘစ်နိုင်ငံမှာတော့ ဒီလိုမဟုတ်ပါဘူး။ မန်ဟာဇာမြို့မှာ ရောဂါဖြစ်ပွားသူ ငါးဦးသာ ရှိပါသေးတယ်။ အဲဒီမြို့မှာ လူပေါင်း ငါးသိန်းခန့်ဟာ မုန်တိုင်းအပြီး သန့်ရှင်းတဲ့ သောက်ရေသန့်ရရှိဖို့၊ ကောင်းမွန်တဲ့ မိလ္လာစနစ်ရရှိဖို့ ရုန်းကန်နေရပါတယ်။

**ကူးစက်မြန်တဲ့ရောဂါ**

ကာလဝမ်းရောဂါဟာ ကူးစက်မှုမြန်တဲ့ ရောဂါဖြစ်ပြီး လူတစ်ယောက်မှာ အဲဒီရောဂါစတွေ့ပြီဆိုရင် အဲဒီအသိုင်းအဝိုင်းမှာ ရောဂါကူးစက်ခံရသူ အများကြီးတွေနိုင်တယ်လို့ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး အူစိန်အစ်က ပြောပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကာလဝမ်းရောဂါကို ဒုတိယမြောက်ကပ်ဘေးလို့ သတိပေးထားပါတယ်။ ကာလဝမ်းရောဂါ ကာကွယ်ဆေး ကိုးသိန်းကျော်ရောက်ရှိလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ မုန်တိုင်းဘေးကနေ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ လူတွေဟာ လူတွေပြည့်နှက်နေတဲ့ ကယ်ဆယ်ရေးစခန်းတွေ၊ စာသင်ကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေမှာ နေထိုင်နေရပြီး ကာလဝမ်းရောဂါကူးစက်ခံရမယ့် အရေး စိုးရိမ်ဖွယ်အခြေအနေမှာ ရှိပါတယ်။

**မုန်တိုင်းကြောင့် သေဆုံးသူများပြား**

နယ်မြေအတော်များများမှာလည်း ရေလွှမ်းမိုးနေဆဲပဲ ဖြစ်ပါတယ်။ မသန့်ရှင်းတဲ့ အစားအစာ၊ မသန့်ရှင်းတဲ့ရေကြောင့် ရောဂါကူးစက်နိုင်ပြီး ရေဓာတ်ခန်းခြောက်ကာ အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့အထိ ဖြစ်လာစေနိုင်ပါတယ်။ လူနာဟာ ရေဓာတ်ဆုံးရှုံးမှုကြောင့် နာရီအနည်းငယ်အတွင်း အသက်ဆုံးရှုံးနိုင်ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုဇမ်ဘစ်နိုင်ငံမှာ လူပေါင်း ၄၆၈ ဦး သေဆုံးခဲ့ပြီး အိမ်နီးချင်း ဇင်ဘာဘွေနိုင်ငံမှာတော့ လူပေါင်း ၂၅၉ ဦး သေဆုံးခဲ့ရပါတယ်။ လူပေါင်း နှစ်သန်းနီးပါးခန့် အရေးပေါ်အကူအညီတွေ လိုအပ်လျက်ရှိပါတယ်။ မိုဇမ်ဘစ်နိုင်ငံသမ္မတကတော့ သူ့နိုင်ငံအတွင်း သေဆုံးမှုဟာ လူပေါင်း ၁၀၀၀ ခန့်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ရေလွှမ်းမိုးမှုကြောင့်လည်း သေဆုံးမှုတွေရှိတာကြောင့် အမှန်တကယ် သေဆုံးရတဲ့အရေအတွက်ကို သိရှိနိုင်ဖို့ မလွယ်ကူပါဘူး။

**မသန့်ရှင်းတဲ့ရေကို သောက်သုံးနေရ**

အခုဆိုရင် ဘီရာပြည်နယ်တစ်လွှားမှာ ကျန်းမာရေးလုပ်သားတွေဟာ ဆေးခန်းတွေ ဖွင့်လှစ်ထားပါတယ်။ တချို့သောလူတွေဟာ မတတ်သာတဲ့အဆုံး လမ်းဘေးကရေတွေကို သောက်ဖို့ ပြုလုပ်ကြတဲ့အတွက် ဝမ်းလျှောဖို့ ပိုပြီး ဖြစ်နိုင်ပါတယ်လို့ နယ်စည်းမခြားဆရာဝန်များအဖွဲ့က ပြောပါတယ်။ တခြားသူတွေကတော့ မသန့်ရှင်းတဲ့ ရေတွင်းကရေတွေကို သောက်သုံးကြပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့တိုက်တွန်းမှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့တွေဟာလည်း မိုဇမ်ဘစ်နိုင်ငံကို ရောက်ရှိလာကြပါတယ်။ ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီကတော့ အကူအညီပေးရေးလေယာဉ်ဟာ ပထမဦးဆုံးအကြိမ်အဖြစ် မြို့တော်မက်ပူတိုကို ရောက်ရှိလာပြီလို့ သိရပါတယ်။ ခြင်ထောင်တွေ၊ ရွက်ဖျင်တဲတွေနဲ့ လိုအပ်တဲ့ပစ္စည်းတွေ သယ်ဆောင်လာခဲ့တာပါ။

**ထိန်းချုပ်နိုင်ဖို့လို**

ကုလသမဂ္ဂကတော့ နောက်လာမယ့် သုံးလအတွင်း အရေးပေါ်အကူအညီတွေအတွက် ဒေါ်လာ သန်းပေါင်း ၂၈၂ သန်း ရန်ပုံငွေလိုအပ်လိမ့်မယ်လို့ ဆိုပါတယ်။ ကာလဝမ်းရောဂါခြိမ်းခြောက်ခံရတဲ့ နိုင်ငံနှစ်နိုင်ငံမှာ ယီမင်နိုင်ငံကတော့ ပြည်တွင်းစစ်ဘေးကြောင့်ဖြစ်ရပြီး ဖြစ်ပွားမှုနှုန်းကလည်း မြင့်ပါတယ်။ မိုဇမ်ဘစ်နိုင်ငံကတော့ လတ်တလောတိုက်ခတ်သွားတဲ့ မုန်တိုင်းကြောင့် ဖြစ်ရတာဖြစ်ပြီး ဖြစ်ပွားသူလည်း နည်းနေသေးတာမို့ ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နိုင်ဖို့ လိုပါလိမ့်မယ်။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

**“ယီမင်နိုင်ငံမှာ ကာလဝမ်းရောဂါစတင် ဖြစ်ပွားခဲ့တဲ့အချိန်ကတော့ ဟူသီသူပုန်တွေနဲ့ ဆော်ဒီကို ကျောထောက်နောက်ခံပြုထားတဲ့ အစိုးရတပ်တွေ စတင်စစ်ပွဲဖြစ်ပွားချိန် ၂၀၁၅ ခုနှစ်က စတင်ခဲ့တာပါပဲ။ အဲဒီစစ်ပွဲကြောင့် ယီမင်နိုင်ငံမှာ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုစနစ်၊ မိလ္လာစနစ် အစရှိတဲ့ ကျန်းမာရေးဆိုင်ရာ အခြေခံထောက်တိုင်တွေ လဲပြိုခဲ့”**

# ကလေးစာပေပွဲတော်(ပဲခူး) စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုဓာတ်ပုံမြင်ကွင်း



ကလေးစာပေပွဲတော်(ပဲခူး) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ ဓာတ်ပုံ - သတင်းစဉ်




စာပေဟောပြောပွဲကျင်းပစဉ်။ ဓာတ်ပုံ-ရဲမိုး



မသန်စွမ်းကျောင်းသား ကျောင်းသူများ ဖျော်ဖြေနေစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ကလေးစာပေပွဲတော်(ပဲခူး) ကလေးစာဖတ်ခန်းအတွင်း ကလေးငယ်များ ပုံဆွဲနေကြစဉ်။ ဓာတ်ပုံ-သတင်းစဉ်




ကလေးစာပေပွဲတော်(ပဲခူး) ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ ဓာတ်ပုံ-သတင်းစဉ်

# လက်ပံတန်းမြို့နယ် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**လက်ပံတန်း မတ် ၂၈**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းကျေးရွာရှိ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကို မတ် ၂၇ ရက်က ဇီးဖြူကုန်းရွာမကျေးရွာရှိ နိဂြောဓာရုံကျောင်းတိုက်၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စွယ်တော်တိုက်မှ စွယ်တော်များကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပင့်ဆောင်၍ စွယ်တော်ပရိဝုဏ်အတွင်း လှည့်လည်ပူဇော်ခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကျေးရွာသုံးရွာဆက်လမ်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဖွင့်လှစ်ပေး

**တောင်တွင်းကြီး မတ် ၂၈**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လယ်သာ(၂) ကျေးရွာအုပ်စုအတွင်းရှိ ထန်းပင်ကုန်းကျေးရွာ၊ ဆည်ကြီးကျေးရွာနှင့် ပြွန်ဝကြီးကျေးရွာတို့ကြား ဆက်သွယ်ထားပြီး ကန်နှစ်ဆင့်တောရလမ်းပိုင်းအထိရောက်သည့် ကျောက်ခင်းလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက်က ထန်းပင်ကုန်းကျေးရွာရှိ အဆိုပါလမ်းပိုင်း၌ ကျင်းပခဲ့သည်။



ခင်းပြီးသောလမ်းသစ်ပေါ်တွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုစဉ်။

လမ်းဖွင့်ပွဲတွင် ကျောက်ခင်းလမ်း မတည်အလှူရှင် ဆရာတော် ဒေါက်တာ အရှင်အာစာရက သြဝါဒချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မကွေးတိုင်းဒေသကြီးအတွင်း လမ်းသစ်ခင်းခြင်း၊ လမ်းချဲ့ခြင်း၊ ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင် ကွန်ကရစ်ရေပြွန်ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက် အများအပြားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုလို ကျေးရွာချင်းဆက်လမ်းများ ဖြစ်ပေါ်လာအောင် ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်ခဲ့ကြသည့် ဆရာတော်နှင့် ကျေးရွာနေပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းတို့က အမှာစကားပြောကြားကြပြီး လမ်းကို ဆက်လက်ပြုပြင်ထိန်းသိမ်းရန် အလှူငွေများနှင့် မတည်အလှူရှင် ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးရွာချင်းဆက်လမ်းကို ဖွင့်လှစ်ပေး၍ လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ကျေးရွာသုံးရွာဆက်လမ်းသည် အရှည် ပေ ၇၀၀၀ ခန့်ရှိပြီး ဆရာတော်၏ မတည်အလှူငွေနှင့်အတူ ကျေးရွာနေပြည်သူများ၏ စုပေါင်းအင်အားဖြင့် ကိုယ့်အားကိုယ်ကိုး ကျောက်ခင်းခဲ့ခြင်းဖြစ်သည်။ ထိုလမ်းသည် ယခင်က မြေသားလမ်းသာဖြစ်ပြီး မိုးတွင်းကာလများတွင် သွားလာရေး အခက်အခဲရှိခဲ့ကြောင်း၊ ယခု ကျောက်လမ်းသစ်ခင်းကျင်းပြီးစီးမှုကြောင့် ကျေးရွာသုံးရွာအပါအဝင် ပတ်ဝန်းကျင်ရွာများမှ ဒေသခံပြည်သူ ၆၅၀၀ ကျော်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စများအတွက် များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ - အေးမင်းသူ**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား စစ်တုရင်ပြိုင်ပွဲ ဆုများချီးမြှင့်

**ပုသိမ် မတ် ၂၈**
ပုသိမ်မြို့၌ ကျင်းပခဲ့သော တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အပြည်ပြည်ဆိုင်ရာစစ်တုရင်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို ပုသိမ်မြို့ရှိ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အားကစားခန်းမ၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက အသက် ၂၀ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အလွတ်တန်းပြိုင်ပွဲနှင့် အလွတ်တန်း အသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများနှင့် တံခွန်စိုက်ဆုရ ပုသိမ်မြို့နယ်အသင်းတို့အား ဆုတံဆိပ် ချီးမြှင့်ငွေနှင့် တံခွန်စိုက်ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ပြိုင်ပွဲဝင်အားကစားသမားပေါင်း ၁၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ တိုင်းဒေသကြီးကို ကိုယ်စားပြုမည့် စစ်တုရင် အားကစားသမားများ ပေါ်ပေါက်လာစေရန်နှင့် စစ်တုရင်ကစားနည်းများကို လူငယ်များကြား ပိုမိုစိတ်ဝင်စားလာကာ ပြိုင်ပွဲဝင်မည့် အားကစားသမားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်လျက် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(၁၂၆)**

# ကရင်ပြည်နယ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း(မူကြမ်း) မိတ်ဆက်ရှင်းလင်း

**ဘားအံ မတ် ၂၈**
တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု သမိုင်းအစဉ်အလာနှင့် ဒေသဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာစကားနှင့် စာပေများ တည်တံ့ဖွံ့ဖြိုးရေးနှင့် ဒေသ၏ လူမှုစီးပွားတိုးတက်ရေးတွင် လိုအပ်သည့် စိန်ခေါ်မှုများကို ဖြည့်ဆည်းပေးနိုင်သော လူသား အရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ရေးဆွဲထားသည့် ကရင်ပြည်နယ် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်း (မူကြမ်း)မိတ်ဆက်ရှင်းလင်းပွဲကို မတ် ၂၅ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး သင်ရိုးပြုစုရေးအဖွဲ့ဝင်များက သင်ရိုးနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခဲ့ကြသည်။



သင်ရိုးညွှန်းတမ်း(မူကြမ်း) စာအုပ်များကို ကရင်ပြည်နယ်ဝန်ကြီးချုပ် လေ့လာကြည့်ရှုနေစဉ်။

အဆိုပါ သင်ရိုးညွှန်းတမ်း(မူကြမ်း)ရေးဆွဲရေးအဖွဲ့ ခေါင်းဆောင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက "ဒေသ သင်ရိုးညွှန်းတမ်းဆိုတာက တိုင်းရင်းသား ဘာသာစကား၊ စာပေတွေလည်း ပါတယ်၊ ကရင်ပြည်နယ်ရေးရာ လေ့လာစရာတွေလည်း ပါတယ်၊ ရည်မှန်းထားတာကတော့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ Grade-1 သင်ကြားနိုင်ဖို့ ရည်ရွယ်ထားတယ်၊ အားလုံးပြည့်စုံနေပါပြီ၊ Grade-2 နဲ့ 3 လည်း ပြီးသလောက်ဖြစ်နေပြီ၊ Grade-1 ပြီးတော့ နောက်နှစ်ကို Grade-2 နောက်စာသင်နှစ်တစ်နှစ်ကျမှ Grade-3၊ အဲဒီလို ရည်မှန်းထားတယ်၊ ဒီဟာသင်ဖို့ ဘာလိုလဲဆိုတော့ မြန်မာနိုင်ငံ သင်ရိုးညွှန်းတမ်းကော်မတီကို တင်ပေးရမယ်၊ အဲဒီကနေ ဒီသင်ရိုးညွှန်းတမ်းသည် ကောင်းမွန်တဲ့ သင်ရိုးညွှန်းတမ်းတစ်ခုဖြစ်တယ်၊ နိုင်ငံတော်ရဲ့ ပညာရေးမူဝါဒတွေ၊ ပေါ်လစီတွေနဲ့ ကိုက်ညီတဲ့အတွက် အတည်ပြုတယ်ဆိုတဲ့ ပြည်ထောင်စုအစိုးရရဲ့အတည်ပြုချက် ရပြီဆိုတာနဲ့ သင်လို့ရပါပြီ"ဟု ပြောသည်။

သင်ကြားရေးပိုင်းနှင့်ပတ်သက်၍လည်း "ဒီသင်ရိုးညွှန်းတမ်းကို သင်ဖို့အတွက် အခြေခံပညာကျောင်းတွေမှာရှိတဲ့ ဆရာ ဆရာမတွေကို သင်တန်းတော့ပေးရမယ်၊ Text book ရော၊ Teacher Guide ရော တစ်ခါတည်း ရေးဆွဲထားတာဖြစ်တဲ့အတွက် အခက်အခဲတော့ သိပ်ပြီးမရှိနိုင်ပါဘူး၊ ကျောင်းမှာ ပုံမှန်သင်နေတဲ့ ဆရာ ဆရာမတွေကပဲ သင်ပေးရမှာဖြစ်ပါတယ်၊ ဒီသင်ရိုးညွှန်းတမ်းကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲထားတဲ့အတွက် ဒေသနဲ့လည်း ကိုက်ညီလိမ့်မယ်၊ ပြည်နယ်မှာနေထိုင်တဲ့ ကလေးတွေ အသိပညာတွေ ဖွံ့ဖြိုးတိုးတက်ပြီး ကိုယ့်ပြည်နယ်ကို ချစ်မြတ်နိုးတဲ့စိတ်တွေ ဖြစ်ပေါ်လာမယ်လို့ မျှော်မှန်းပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ကရင်ပြည်နယ်ရေးရာ လေ့လာစရာသင်ခန်းစာကို ပညာရှင် ၁၅ ဦးဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လခန့်က စတင်ရေးဆွဲခဲ့ပြီး အဖွဲ့နှစ်ဖွဲ့ခွဲ၍ ရိုးရာယဉ်ကျေးမှု အမွေအနှစ်နှင့် သမိုင်းကြောင်းဆိုင်ရာကဏ္ဍကို တစ်ဖွဲ့၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသ၏ ပထဝီဝင်အကြောင်းအရာများကို တစ်ဖွဲ့ ရေးဆွဲခဲ့ကြောင်း၊ ပြည်နယ်၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ တူရိယာပစ္စည်းများ၊ တေးကဗျာများ၊ နေအိမ်ပုံစံများ၊ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရိုးရာအစားအစာများ၊ သမိုင်းဝင်နေရာများ၊ မြစ်ချောင်း၊ တော၊ တောင်၊ ရေတံခွန်နှင့် ဘုရားများ၏အကြောင်းအရာများ ပါဝင်ပြီး ကလေးငယ်များအနေဖြင့် မိမိတို့၏ သဘာဝပတ်ဝန်းကျင်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို ချစ်မြတ်နိုးတတ်စေရန်နှင့် ထိန်းသိမ်းတတ်စေရန် ရည်ရွယ်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၂၅ ကျပ် | ၈၅၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၅ ကျပ် | ၉၄၀/၉၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ · ၁ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၀ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၁ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၈ · ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၈ · ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၇ · ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၉၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၂၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၂ · ၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၇၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပရီမီယာလိဂ်ပွဲစဉ် (၃၂)

| | | | |
|---|---|---|---|
| စနေနေ့ | | | ၃၀-၃-၁၉ |
| ဖူလ်ဟမ် | - | မန်စီးတီး | ည ၇း၀၀ |
| ဘရိုက်တန် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဘန်လေ | - | ဝုဖ် | ည ၉း၃၀ |
| ပဲလေ့စ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| လက်စတာ | - | ဘုန်းမောက် | ည ၉း၃၀ |
| မန်ယူ | - | ဝက်ဖို့ဒ် | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | အဲဗာတန် | နံနက် ၀၀း၀၀ |
| တနင်္ဂနွေနေ့ | | | ၃၁-၃-၁၉ |
| ကာဒစ်ဖ် | - | ချယ်လ်ဆီး | ည ၇း၃၅ |
| လီဗာပူး | - | စပါး | ည ၁၀း၀၀ |
| တနင်္လာနေ့ | | | ၁-၄-၁၉ |
| အာဆင်နယ် | - | ကာဆယ် | နံနက် ၁း၃၀ |

## လာလီဂါပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၉-၃-၁၉ |
| ဂျီရိုနာ | - | ဘီဘာအို | နံနက် ၂း၃၀ |
| စနေနေ့ | | | ၃၀-၃-၁၉ |
| ဂီတာဖေး | - | လီဂါနက်စ် | ည ၆း၃၀ |
| ဘာစီလိုနာ | - | အက်စ်ပန်ညို | ည ၉း၄၅ |
| ဆယ်တာဗီဂို | - | ဗီလာရီးရဲ | နံနက် ၀၀း၀၀ |
| အလာဗက်စ် | - | အက်သလက်တီကို | နံနက် ၂း၁၅ |
| တနင်္ဂနွေနေ့ | | | ၃၁-၃-၁၉ |
| လီဗန်တေး | - | အီဘာ | ညနေ ၄း၃၀ |
| ဗယ်လီကာနို | - | ဘက်တစ် | ည ၆း၃၀ |
| ဆီဗီလာ | - | ဗလင်စီယာ | ည ၈း၄၅ |
| ဗယ်လာဒိုးလစ် | - | ဆိုစီဒက်စ် | ည ၁၁း၀၀ |
| ရီးရဲ | - | ဝက်စ်ကာ | နံနက် ၁း၁၅ |

## စီးရီးအေပွဲစဉ် (၂၉)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၉-၃-၁၉ |
| ချီယေဗို | - | ကက်ဂလီယာရီ | နံနက် ၂း၀၀ |
| စနေနေ့ | | | ၃၀-၃-၁၉ |
| အူဒီးနိစ် | - | ဂျီနိုအာ | ည ၈း၃၀ |
| ဂျူဗင်တပ်စ် | - | အမ်ပိုလီ | ည ၁၁း၃၀ |
| ဆမ်ဒိုးရီးယား | - | မီလန် | နံနက် ၂း၀၀ |
| တနင်္ဂနွေနေ့ | | | ၃၁-၃-၁၉ |
| ပါးမား | - | အတ္တလန္တာ | ညနေ ၅း၀၀ |
| ရိုးမား | - | နာပိုလီ | ည ၇း၃၀ |
| ဖရိုစီနိုနီ | - | SPAL | ည ၇း၃၀ |
| ဖီအိုရင်တီးနား | - | တိုရီနို | ည ၇း၃၀ |
| ဘိုလော့ဂ်နာ | - | ဆက်ဆူအိုလို | ည ၁၀း၃၀ |
| အင်တာ | - | လာဇီယို | နံနက် ၁း၀၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၀)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၉-၃-၁၉ |
| ရိန်းနက်စ် | - | လိုင်ယွန် | နံနက် ၂း၁၅ |
| စနေနေ့ | | | ၃၀-၃-၁၉ |
| မာဆေး | - | အန်ဂျာစ် | ည ၁၀း၃၀ |
| တနင်္ဂနွေနေ့ | | | ၃၁-၃-၁၉ |
| အာမီယန် | - | ဘော်ဒိုး | ည ၇း၃၀ |
| ဒီဂျွန် | - | နိုက်စ် | ည ၇း၃၀ |
| မိုနာကို | - | ကိန်း | ည ၇း၃၀ |
| စိန့်အက်တီယန် | - | နီမက်စ် | ည ၇း၃၀ |
| နန့်စ် | - | လိုင်လီ | ည ၉း၃၀ |
| တူးလောက်စ် | - | ပီအက်စ်ဂျီ | နံနက် ၁း၃၀ |
| ဗုဒ္ဓဟူးနေ့ | | | ၃-၄-၁၉ |
| မောင့်ပယ်လီယာ | - | ဂူအင်ဂမ့် | ည ၁၁း၃၀ |
| စထရက်ဘော့ | - | ရိမ်းစ် | ည ၁၁း၃၀ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၇)

| | | | |
|---|---|---|---|
| သောကြာနေ့ | | | ၂၉-၃-၁၉ |
| ဟော့ဖန်ဟိမ်း | - | လေဗာကူဆင် | နံနက် ၂း၀၀ |

# အန်ဖီးလ် ကွင်းအတွင်းက အမှားမခံတဲ့ပွဲ

● ဝေမိုးဆက်



နိုင်ငံတကာပွဲတွေကြောင့် တစ်ပတ်ကြာရပ်နားခဲ့တဲ့ ပရီမီယာလိဂ်ပွဲတွေကို လာမယ့်မတ်လကုန်ပိုင်းမှာ ပြန်လည်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါ ပြန်လည်ကျင်းပမယ့် ပရီမီယာလိဂ်ပွဲစဉ် ၃၂ မှာတော့ လီဗာပူးနဲ့ စပါးဆုံတွေ့နေလို့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ အထူးသဖြင့် အဆိုပါပွဲဟာ အခြားအသင်းကြီးတွေ အတွက်ပါ အရေးပါတဲ့ပွဲဖြစ်လို့ စိတ်ဝင်တစားစောင့်ကြည့်ရဖို့ရှိနေပါတယ်။

### လီဗာပူး Vs စပါး

ပထမအကျော့ရလဒ် - စပါး ၁-၂ လီဗာပူး

လက်ရှိအချိန်မှာ စပါးက ချန်ပီယံလိဂ်ဝင်ခွင့် မသေချာလို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုအားနည်းနေပါတယ်။ လီဗာပူးအနေနဲ့ကလည်း ဒီပွဲမှာသာ အရေးနိမ့်ခဲ့မယ်ဆိုရင် ထိပ်ဆုံးက မန်စီးတီးကို လိုက်မမီဖို့ခက်သွားနိုင်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းဖြစ်နေပါတယ်။ လီဗာပူးပဲ နိုင်ပွဲရမယ်။

### မန်ယူ Vs ဝက်ဖို့ဒ်

ပထမအကျော့ရလဒ် - ဝက်ဖို့ဒ် ၁-၂ မန်ယူ

နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အနည်းငယ်ခက်သွားသလိုဖလားတစ်လုံးလည်း လက်လွတ်လိုက်ရတဲ့မန်ယူတို့ ဒီပွဲမှာ နိုင်ပွဲပြန်လည်ရရှိအောင် အားစိုက်လာမှာသေချာတယ်။ ဝက်ဖို့ဒ်ကခြေစွမ်းပိုင်းမဆိုးပေမယ့် အဝေးကွင်းမှာ ခံစစ်ပိုင်းကျစ်လျစ်မှုအားနည်းပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းတဲ့ မန်ယူပဲအနိုင်ရမယ်။

### လက်စတာ Vs ဘုန်းမောက်

ပထမအကျော့ရလဒ် - ဘုန်းမောက် ၄-၂ လက်စတာ

လက်စတာက မန်နေဂျာအပြောင်းအလဲ လုပ်ဆောင်ပြီးတဲ့နောက်ပိုင်းခြေစွမ်းပြန်လည် ထက်မြက်လာတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဒီပွဲမှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိဘုန်းမောက်ရဲ့ ခြေစွမ်းပိုင်းကလည်းကောင်းမွန်နေလို့ လက်စတာတို့ အနိုင်ရနိုင်ပေမယ့် ဂိုးပြတ်ဖို့တော့ ခက်မယ်။

### ကာဒစ်ဖ် Vs ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၄-၁ ကာဒစ်ဖ်

ပရီမီယာလိဂ်မှာ နှစ်ပွဲဆက်အနိုင်မရခဲ့တာကြောင့် ချယ်လ်ဆီးရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အိပ်မက်က မသေချာတော့ပါဘူး။ ဒါကြောင့်လည်း အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အဝေးကွင်းဖြစ်တယ်ဆိုပေမယ့်လည်း လက်ရှိရင်ဆိုင်ရမယ့် ကာဒစ်ဖ်က တိုက်စစ်ပိုင်းအားနည်းလွန်းလို့ ချယ်လ်ဆီးကို တုံ့ပြန်ကစားနိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးနိုင်ပွဲပြန်ရမယ်။

### အာဆင်နယ် Vs ကာဆယ်

ပထမအကျော့ရလဒ် - ကာဆယ် ၁-၂ အာဆင်နယ်

ကာဆယ်က တိုက်စစ်ပိုင်းထက်မြက်မှုရှိလာသလို ခြေစွမ်းပိုင်းလည်းမဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်ပါတယ်။ အာဆင်နယ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းထက်မြက်နေကာ စပါးက လီဗာပူးနဲ့ ရင်ဆိုင်ရချိန်မှာလည်း နိုင်ပွဲရရှိအောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အာဆင်နယ်ပဲ အနိုင်ရမယ်။

### ဖူလ်ဟမ် Vs မန်စီးတီး

ပထမအကျော့ရလဒ် - မန်စီးတီး ၃-၀ ဖူလ်ဟမ်

ဒီပွဲစဉ်မှာ လီဗာပူးက စပါးနဲ့ရင်ဆိုင်ရမှာဖြစ်လို့ မန်စီးတီးတို့ ဒီပွဲစဉ်မှာနိုင်ပွဲရယူထားနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဖူလ်ဟမ်ကတော့ အိမ်ကွင်းမှာ အခုနောက်ပိုင်း တုံ့ပြန်ကစားပုံကောင်းတတ်ပေမယ့်လည်း ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့်မန်စီးတီးရဲ့တိုက်စစ်ကစားပုံက ထက်မြက်နေတာကြောင့် မန်စီးတီးပဲအနိုင်ရမယ်။

### ဘန်လေ Vs ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၁-၀ ဘန်လေ

လက်ရှိအချိန်မှာ ဝုဖ်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ ပရီမီယာလိဂ်ပွဲအတွင်း အဝေးကွင်းမှာ ချယ်လ်ဆီးကို သရေကစားနိုင်ခဲ့သလို အက်ဖ်အေဖလားမှာလည်း မန်ယူကို အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် ဘန်လေကလည်း လက်ရှိအချိန်မှာ အမှတ်တွေ ဆုံးရှုံးမှုများနေတာကြောင့် ဒီပွဲမှာ အားစိုက်ကစားလာနိုင်ပါတယ်။ ဝုဖ်သရေလောက်ပဲရမယ်။

### ပဲလေ့စ် Vs ဟက်ဒါဖီးလ်

ပထမအကျော့ရလဒ် - ဟက်ဒါဖီးလ် ၀-၁ ပဲလေ့စ်

အမှတ်ပေးဇယားအောက်ဆုံးက ဟက်ဒါဖီးလ်ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ ပဲလေ့စ်ကတော့ အိမ်ကွင်းပွဲတွေမှာကစားပုံကောင်းမွန်တတ်သလို အသင်းလိုက်စွမ်းဆောင်ရည်လည်း လျင်မြန်မှုရှိပါတယ်။ အထူးသဖြင့် ပဲလေ့စ် တိုက်စစ်ကစားပုံကောင်းမွန်နေတာကြောင့် ဟက်ဒါဖီးလ်ကို ဖိအားပေးသွားနိုင်မှာပါ။ ပဲလေ့စ်ပဲ နိုင်ပွဲရမယ်။

### ဘရိုက်တန် Vs ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၂-၂ ဘရိုက်တန်

လက်ရှိအချိန်မှာ နှစ်သင်းစလုံးတန်းမဆင်းရဖို့ မသေချာသေးတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘရိုက်တန်က အိမ်ကွင်းပွဲတွေမှာဆိုရင် အခုနောက်ပိုင်း ရှန်းအားကောင်းမွန်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ကလည်း ခြေစွမ်းပိုင်းတည်ငြိမ်နေလို့ ဘရိုက်တန် ရှန်းကန်ရနိုင်ကာ သရေသာ ကစားနိုင်ဖို့ရှိပါတယ်။

### ဝက်စ်ဟမ်း Vs အဲဗာတန်

ပထမအကျော့ရလဒ် - အဲဗာတန် ၁-၃ ဝက်စ်ဟမ်း

အိမ်ကွင်းမှာ ချယ်လ်ဆီးကိုအနိုင်၊ လီဗာပူးကို သရေကစားနိုင်ခဲ့ပေမယ့် အဲဗာတန်ကအဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းအရအားနည်းမှုတွေနဲ့ အတူ စွမ်းဆောင်ရည်ကျဆင်းတတ်ပါတယ်။ ဝက်စ်ဟမ်းက အခုနောက်ပိုင်းမှာ တိုက်စစ်စွမ်းဆောင်ရည် ထက်မြက်လာသလို အိမ်ကွင်းစွမ်းဆောင်ရည်လည်း ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဝက်စ်ဟမ်းကိုပဲ နှစ်သက်တယ်။

## ကမ္ဘာ့အဆင့်ကစားသမားများခေါ်ယူနိုင်ရေး မန်ယူအနေဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ရရန်လိုအပ်သည်ဟု အင်ဒီကိုးလ် ပြောဆို



မန်ယူအသင်းအနေဖြင့် ရီးရဲမက်ဒရစ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ကဲ့သို့ ကမ္ဘာ့အဆင့်ကစားသမားများအား ခေါ်ယူလိုပါက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိရန် လိုအပ်မည်ဖြစ်ကြောင်း မန်ယူအသင်း တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

ဝေလကစားသမား ဂါရတ်ဘေးလ်၏ ရီးရဲမက်ဒရစ်ကစားသမားဘဝအနာဂတ်မှာ မရေမရာဖြစ်နေကြောင်း သတင်းများ ထွက်ပေါ်နေပြီး မန်ယူအပါအဝင် ဥရောပထိပ်တန်းကလပ်အသင်းအချို့က ဂါရတ်ဘေးလ်အား ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်။

မန်ယူအသင်းအနေဖြင့် ဂါရတ်ဘေးလ်အား ခေါ်ယူသင့်ပါသလားဟု မေးမြန်းမှုကို တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ်က "မန်ယူအသင်းဟာ ဂါရတ်ဘေးလ်လို အရည်အချင်းရှိတဲ့ ကစားသမားတွေကို ခေါ်ယူသင့်ပါတယ်။ ဒီလိုကစားသမားတွေ မန်ယူအသင်းကို လာချင်ပါ့မလားဆိုတာက မေးခွန်းတစ်ခုပါ။ ထိပ်တန်းကစားသမားတိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ကစားချင်ကြပါတယ်။ တကယ်လို့ မန်ယူအသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် မရခဲ့ဘူးဆိုရင် ထိပ်တန်းအဆင့် ကစားသမားတွေ ခေါ်ယူရေး ခက်ခဲသွားနိုင်တယ်။ ကစားသမားတွေကို ချန်ပီယံလိဂ်မှာ ကစားချင်သလား ဒါမှမဟုတ် ငွေကြေး အကျိုးအမြတ်ပိုလိုချင်သလားလို့ မေးမယ်ဆိုရင် သူတို့က ချန်ပီယံလိဂ်မှာ ကစားချင်တယ်လို့ ဖြေဆိုကြပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကစားသမားတွေက ချန်ပီယံလိဂ်လို ပြိုင်ပွဲကြီးတစ်ရပ်မှာ အောင်မြင်မှုရယူချင်ကြတာကြောင့်ပါ။ ဒါ့ကြောင့် မန်ယူအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲသာ ဝင်ခွင့်မရခဲ့ဘူးဆိုရင် ကမ္ဘာ့အဆင့် ကစားသမားတွေကို ခေါ်ယူနိုင်ဖို့ အလွန်ခက်ခဲပါလိမ့်မယ်"ဟု ဖြေဆိုခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၃၀ ကစားပြီးချိန်၌ ရမှတ် ၅၈ မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်နေပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိနိုင်မည့် အဆင့် ၄ နေရာတွင် ရပ်တည်နေသော အာဆင်နယ် အသင်းထက် ရမှတ် နှစ်မှတ် လျော့နည်းနေသည်။

အင်္ဂလန်တိုက်စစ်မှူးဟောင်း အင်ဒီကိုးလ် (၄၇နှစ်)သည် မန်ယူအသင်းတွင် ၁၉၉၅ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပါဝင်ကစားခဲ့ကာ စုစုပေါင်း ၂၇၅ ပွဲ ပါဝင်ကစားခဲ့ကာ ၁၂၁ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

ထက်အောင်

**မန်ယူအသင်းဟာ ဂါရတ်ဘေးလ်လို အရည်အချင်းရှိတဲ့ ကစားသမားတွေကို ခေါ်ယူသင့်ပါတယ်။ ဒီလိုကစားသမားတွေ မန်ယူအသင်းကို လာချင်ပါ့မလားဆိုတာက မေးခွန်းတစ်ခုပါ။**

## အက်သလက်တီကို ခံစစ်မှူး ဟာနန်ဒက်ဇ်အား ကလပ်စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ဘိုင်ယန်အသင်း ခေါ်ယူ

**ထက်အောင်**

စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်း ခံစစ်မှူး လူးကပ်စ်ဟာနန်ဒက်ဇ်အား လာမည့် နွေရာသီမှ စတင်ကာ ၂၀၂၄ ခုနှစ် အထိ သက်တမ်းရှိ ငါးနှစ်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ပြီးခဲ့သည့် မတ်လ ၂၇ ရက်တွင် ဘိုင်ယန်မြူးနစ်အသင်းက အတည်ပြု သတင်းထုတ်ပြန်ကြေညာလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြင်သစ်ကစားသမား လူးကပ်စ်ဟာနန်ဒက်ဇ်အတွက် ပြောင်းရွှေ့ကြေးအဖြစ် အက်သလက်တီကိုအသင်းထံသို့ ယူရို သန်း ၈၀ (ပေါင် ၆၈သန်း) ပေးချေခဲ့ရပြီး အဆိုပါ ပြောင်းရွှေ့ကြေးသည် ဘိုင်ယန်မြူးနစ်အသင်းက ကစားသမားသစ်ခေါ်ယူရေးတွင် အသုံးပြုသည့် ပြောင်းရွှေ့ကြေးပမာဏအများဆုံးအဖြစ် စံချိန်တင်ခဲ့သည်။ ယခင်က ဘိုင်ယန်မြူးနစ်အသင်း၏ ပြောင်းရွှေ့ကြေးအများဆုံးဖြင့် ခေါ်ယူသည့် ကစားသမားအဖြစ် စံချိန်တင်ထားသူမှာ ၂၀၁၇ ခုနှစ် ဇွန်လအတွင်းတွင် လိုင်ယွန်အသင်းမှ ခေါ်ယူခဲ့သည့် ပြင်သစ်ကွင်းလယ်ကစားသမား ကိုရန်သီတိုလစ်ဆို (၂၄ နှစ်)ဖြစ်ပြီး ဘိုင်ယန်အသင်းသည် တိုလစ်ဆိုအတွက် ပေါင် ၃၇ ဒသမ ၃၅ သန်း အသုံးပြုခဲ့ရသည်။

အက်သလက်တီကိုအသင်း တာဝန်ရှိသူများသည် ခံစစ်မှူး လူးကပ်စ် ဟာနန်ဒက်ဇ်အား အသင်းတွင် ဆက်ထိန်းထားရန် ကြိုးစားခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်မှူး ဟာနန်ဒက်ဇ်အား အက်သလက်တီကိုအသင်းမှ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးပမာဏအတိုင်း ပေးချေခေါ်ယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ဘိုင်ယန်အသင်းနှင့် ဟာနန်ဒက်ဇ်တို့ စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် ခံစစ်မှူး ဟာနန်ဒက်ဇ်က "ဒီနေ့ဟာ ကျွန်တော့်ကစားသမားဘဝအတွက် အလွန်အရေးပါတဲ့နေ့ပါ။ ဘိုင်ယန်မြူးနစ်အသင်းက ဥရောပရဲ့ အကောင်းဆုံးကလပ်အသင်းတွေထဲက တစ်သင်းဖြစ်ပါတယ်။ အနာဂတ်မှာ ကျွန်တော်က ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲမျိုးစုံမှာ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိတော့မှာက ကျွန်တော့်အတွက် ဂုဏ်ယူစရာပါ။ အက်သလက်တီကို အသင်း၊ အသင်းရဲ့ စီမံခန့်ခွဲမှုအဖွဲ့၊ နည်းပြတွေ၊ ကစားဖော်တွေကို ကျေးဇူးတင်ပါတယ်။ အက်သလက်တီကိုအသင်းဟာ ကျွန်တော့်ဘဝရဲ့အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲရှိနေမှာဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။ အသက် ၂၃ နှစ်အရွယ်ရှိ ခံစစ်မှူး လူးကပ်စ်ဟာနန်ဒက်ဇ်သည် ၂၀၀၇ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ အက်သလက်တီကိုလူငယ်အသင်းတွင် ပါဝင်ခဲ့ပြီး နောက် ၂၀၁၄ ခုနှစ်အတွင်းတွင် အက်သလက်တီကို ပထမအသင်းကြီး၌ ပါဝင်ခွင့် ရရှိခဲ့သူဖြစ်သည်။ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ် လက်ရွေးစင်အသင်းနှင့်အတူ ချန်ပီယံဆုဖလား ရယူနိုင်ခဲ့သူ ခံစစ်မှူး ဟာနန်ဒက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် အက်သလက်တီကိုအသင်းအတွက် စုစုပေါင်း ၂၂ ပွဲ ပါဝင်ကစားထားကာ တစ်ဂိုးသွင်းယူထားသူဖြစ်သည်။




**ဘိုင်ယန်မြူးနစ်အသင်းသည် ပြင်သစ်ကစားသမား လူးကပ်စ်ဟာနန်ဒက်ဇ်အတွက် ပြောင်းရွှေ့ကြေးအဖြစ် အက်သလက်တီကိုအသင်းထံသို့ ယူရို သန်း ၈၀ (ပေါင် ၆၈သန်း) ပေးချေခဲ့ရပြီး အဆိုပါ ပြောင်းရွှေ့ကြေးသည် ဘိုင်ယန်မြူးနစ်အသင်းက ကစားသမားသစ်ခေါ်ယူရေးတွင် အသုံးပြုသည့် ပြောင်းရွှေ့ကြေးပမာဏအများဆုံး အဖြစ် စံချိန်တင်ခဲ့သည်။**

## ဟာဇက်အတွက် အကောင်းဆုံးဖြစ်လာနိုင်တဲ့ ရီးရဲမက်ဒရစ်

**အောင်က**




**ကစားသမား** အပြောင်းအရွှေ့တွေနဲ့ပတ်သက်ပြီး ထင်ကြေးပေးပြောဆိုမှုဆိုတာဟာ ခေတ်သစ်ဘောလုံးလောကရဲ့ အစိတ်အပိုင်းတစ်ခုလို့ ပြောရမှာပါ။ ၂၀၁၈-၁၉ အတွင်း မီဒီယာတွေပေါ်မှာလူပြောအများဆုံးသတင်းကတော့ ဟာဇက်အပြောင်းအရွှေ့နဲ့ပတ်သက်တဲ့သတင်းလို့ ပြောရမှာပါ။ အထူးသဖြင့် ရီးရဲမက်ဒရစ်အသင်းက လာမယ့် နွေရာသီဈေးကွက်မှာတော့ ဟာဇက်ကို အရခေါ်ယူဖို့ထပ်မံကြိုးစားဖို့ရှိနေပါတယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေပါတယ်။ အဲဒါဟာ အမှန်ဖြစ်နိုင်လား။ ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းက ဟာဇက်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေတာကတော့ အမှန်လို့ပြောရမှာပါ။ ဒါဆိုရင် ဟာဇက်အနေနဲ့ ဘာနေပြူးကို ပြောင်းရွှေ့ကစားသင့်လားဆိုတာက စဉ်းစားစရာပါ။ ဒါပေမယ့် ဟာဇက်ရဲ့လက်ရှိအခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်မယ်ဆိုရင် သူ့အနေနဲ့ ရီးရဲမက်ဒရစ်အသင်းကို ပြောင်းရွှေ့သင့်တယ်လို့ပြောရမှာပါ။ အခုလို ပြောရလောက်တဲ့ အကြောင်းခြင်းရာတွေကလည်း ရှိနေတယ်လို့ ပြောရမှာပါ။

### ချယ်လ်ဆီးအသင်းနဲ့ အောင်မြင်မှုရရှိထားသူ

ဟာဇက်အနေနဲ့ ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဆုဖလားကလွဲလို့ ကျန်တဲ့ဆုဖလားတွေ ရယူထားနိုင်သူဖြစ်ပါတယ်။ ဒါပေမယ့်လက်ရှိအချိန်မှာတော့ ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် အဆင့် ၆ နေရာမှာရပ်တည်ထားတာကြောင့် ဟာဇက်အနေနဲ့ လာမယ့်ရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ကစားခွင့်ရဖို့တောင်မသေချာဘူးလို့ ဆိုရမယ်။ ဒီနှစ်ရာသီ ဟာဇက်အသင်းမှာ ရှိနေတာဟာ ခုနစ်နှစ်မြောက်ရာသီလို့လည်း ပြောရမှာ ဖြစ်ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ခုနစ်နှစ်အတွင်း ပရီမီယာလိဂ်ဆုဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ လိဂ်ဖလားတစ်ကြိမ်နဲ့ ယူရိုပါလိဂ်ဆုဖလား တစ်ကြိမ်ရယူထားသူ ဖြစ်ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းရဲ့တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို သုံးကြိမ်တိုင်ရရှိထားသူလည်း ဖြစ်ပါတယ်။

ဟာဇက်ရဲ့အကောင်းဆုံးအချိန်တွေကို ကြည့်မယ်ဆိုရင်တော့ ချယ်လ်ဆီးအသင်းမှာကစားနေခဲ့တဲ့အချိန်တွေလို့ ပြောရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း ချယ်လ်ဆီးအသင်းက ပရီမီယာလိဂ်မှာ ရလဒ်ကောင်းဖို့ ရုန်းကန်နေခဲ့ရပေမယ့် ဟာဇက်ကတော့ အထူးချွန်ဆုံးကစားသမားသမားတစ်ဦးအဖြစ် ရပ်တည်နေခဲ့တာကို တွေ့ရမှာပါ။ ဟာဇက်အနေနဲ့ ချယ်လ်ဆီးအသင်းမှာ ဆက်လက်ရှိနေမယ်ဆိုရင်လည်း အောင်မြင်မှုတွေ ရပ်တည်နိုင်မယ်ဆိုတာကတော့ သေချာပါတယ်။ ဒါပေမယ့် အခုအချိန်ဟာ သူ့အတွက်တော့ စိန်ခေါ်မှုတွေ ရင်ဆိုင်ဖို့အတွက် အချိန်ကောင်းရောက်နေပြီလို့လည်း ပြောရမှာဖြစ်ပါတယ်။

### ရီးရဲမက်ဒရစ်ကိုပြောင်းရွှေ့ဖို့ အသင့်တော်ဆုံးအချိန်

ရီးရဲမက်ဒရစ်အသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းအဖြစ် ရှိနေတာကတော့ အမှန်လို့ ဆိုနိုင်ပေမယ့် ထိပ်တန်းခြေစွမ်းတွေနဲ့ ရှိနေတဲ့အသင်းလို့တော့မဆိုသာပါဘူး။ ပြီးခဲ့တဲ့ချန်ပီယံလိဂ် ရှုံးထွက်အဆင့်မှာတော့ အိုင်းယက်စ်အသင်းကို ရှုံးနိမ့်ပြီးထွက်ခဲ့ရသလို လာလီဂါမှာလည်း အဆင့် ၃ နေရာမှာရပ်တည်နေခဲ့ရတာ ဖြစ်ပါတယ်။ ထိပ်ဆုံးမှာရှိနေတဲ့ ဘာစီလိုနာအသင်းနဲ့က ၁၂ မှတ်ကွာနေတာကြောင့် ချန်ပီယံဖြစ်ဖို့ဆိုတာကတော့ ဒီနှစ်ရာသီမှာ မဖြစ်နိုင်ဘူးလို့တောင် ပြောရမှာပါ။

ရီးရဲမက်ဒရစ်အသင်းမှာက လူငယ်ကစားသမားကောင်း ဗီနီးဆီးယက်စ်ရှိနေပေမယ့် အကောင်းဆုံးအဆင့်တော့မရှိသေးပါဘူး။ ဂါရတ်ဘေးလ်၊ ရာမို့စ်၊ မိုဒရစ်နဲ့ တိုနီခရူးစ်တို့ကလည်း ယခင်လို ခြေစွမ်းမျိုးတွေမရှိဘူးလို့ ပြောရမှာပါ။ ဒါကြောင့်လည်း ဒီလိုအချိန်ဟာ ဟာဇက်အတွက်တော့ ရီးရဲမက်ဒရစ်အသင်းကိုပြောင်းရွှေ့ကစားဖို့ အချိန်ကောင်းလို့တောင်ပြောရမှာပါ။


### Ballon d'Ort ဆု

တစ်ကိုယ်တော်ဆုတံဆိပ်တွေဟာ အသင်းကိုဆုဖလားတွေ ရရှိအောင်ကူညီပေးတာလောက်တော့ အရေးမကြီးဘူးလို့ပြောရမှာပါ။ ဒါပေမယ့် ကစားသမားတိုင်းကတော့ Ballon d'Ort ဆုဆိုတာကို ရယူဖို့အတွက် အမြဲတမ်းဆန္ဒရှိနေကြပါတယ်။ ဒါပေမယ့် အစဉ်အလာနဲ့အချက်အလက်တွေအရပြောရမယ်ဆိုရင်တော့ ကစားသမားတစ်ဦးအနေနဲ့ ပရီမီယာလိဂ်ကို ကစားမယ်ဆိုရင်တော့ Ballon d'Ort ဆုကို ရရှိနိုင်ဖို့ကတော့ အခွင့်အရေးနည်းပါတယ်လို့ပြောရမှာပါ။ ဒါကြောင့် ဟာဇက်အနေနဲ့ Ballon d'Ort ဆုကိုသာရယူချင်တယ်ဆိုရင်တော့ ရီးရဲမက်ဒရစ်အသင်းကိုပြောင်းရွှေ့ကစားသင့်တယ်လို့ ဆိုရမှာပါ။

ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ။ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း Ballon d'Ort ဆုကို ရယူနိုင်ခဲ့တဲ့ ရော်နယ်ဒိုနဲ့ မက်ဆီတို့ကို ကြည့်မယ်ဆိုရင်တော့ သူတို့နှစ်ဦးဟာ လာလီဂါမှာ ကစားနေခဲ့သလို ရီးရဲ၊ ဘာစီလိုနာတို့မှာ ကစားခဲ့တာဖြစ်ပါတယ်။ သူတို့ ကစားတဲ့အသင်းတွေက သူတို့ Ballon d'Ort ဆု ရရှိဖို့အတွက် အကောင်းဆုံး အထောက်အပံ့ပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း ဟာဇက်အနေနဲ့ စိန်ခေါ်မှုတွေရင်ဆိုင်ဖို့၊ ဒီထက်အောင်မြင်မှုတွေရယူဖို့ဆိုရင်တော့ ရီးရဲမက်ဒရစ်ဟာ သူ့အတွက်နေရာကောင်းတစ်ခုလို့ပြောရမှာ ဖြစ်ပါတယ်။ ။

## တောင်ပံကစားသမား ဆာနေးနှင့် စာချုပ်သစ်ချုပ်ဆိုရေး သဘောတူညီမှု ရရှိမည်ဟု မန်စီးတီးအသင်း မျှော်လင့်ထား




မန်စီးတီးအသင်း တာဝန်ရှိသူများသည် ယခုနှစ်ဘောလုံးရာသီမကုန်ဆုံးမီတွင် တောင်ပံတိုက်စစ်ကစားသမား လီရွိုင်းဆာနေးနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ဂျာမနီကစားသမား ဆာနေးနှင့် မန်စီးတီးအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ဆာနေးသည် လက်ရှိစာချုပ်အရ မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခငွေအဖြစ် ပေါင် ၉၀၀၀၀ ရရှိနေသူဖြစ်သည်။ မန်စီးတီးအသင်းတာဝန်ရှိသူများသည် ၂၀၁၇-၁၈ ခုနှစ်ဘောလုံးရာသီအတွက် PFA တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုရကစားသမားဖြစ်သူ ဆာနေးအား လက်ရှိလုပ်ခငွေ၏ နှစ်ဆတိုးမြှင့်ပေးရန် ရည်ရွယ်ထားခြင်းကြောင့် ဆာနေးအနေဖြင့် စာချုပ်သစ် ချုပ်ဆိုဖြစ်ခဲ့ပါက တစ်ပတ်လုပ်ခငွေ ပေါင် ၁၈၀၀၀၀ အထိ ရရှိနိုင်မည်ဖြစ်သည်။ မန်စီးတီးအသင်းသည် တောင်ပံ တိုက်စစ်ကစားသမား ဆာနေးနှင့် စာချုပ်သစ် ချုပ်ဆိုရေးအတွက် ပြီးခဲ့သည့် နွေရာသီကတည်းက ဆွေးနွေးမှုများ စတင်ပြုလုပ်နေခြင်းဖြစ်သည်။ ဆွေးနွေးမှုများ ပြုလုပ်ရာတွင် ဆာနေး၏ ဖခင်ဖြစ်သူ ဆီနီဂေါလက်ရွေးစင်တိုက်စစ်မှူးဟောင်း ဆိုယူလီမန်ဆာနေးက သားဖြစ်သူကိုယ်စား ကြားဝင်ဆွေးနွေးမှုများ ပြုလုပ်ပေးနေခြင်းဖြစ်ပြီး ဆာနေး၏ မိခင်ဖြစ်သည့် ၁၉၈၄ ခုနှစ် အိုလံပစ်ပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သော ဂျာမနီနိုင်ငံသူ ရီဂီနာဝီဘာ၏ ဝင်ရောက်စွက်ဖက်မှုများကြောင့် ဆာနေးနှင့် မန်စီးတီးအသင်းတို့ စာချုပ်သစ်ချုပ်ဆိုရေးကိစ္စအတွက် သဘောတူညီမှု ရရှိရန် နှောင့်နှေးနေရကြောင်း Sportmail သတင်းစာက ယခုလအတွင်း ရေးသားဖော်ပြခဲ့သည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်လများအတွင်း အသင်း၏ အဓိက ကစားသမားများဖြစ်သည့် ဆာဂျီယိုအဂူရို၊ ဒေးဗစ်ဆေးလ်ဗား၊ စတာလင်း၊ ဒီဘရိုင်း၊ ဂါဘရီရယ်ဂျီးဆက်စသည့် ကစားသမားများနှင့် စာချုပ်သစ်များ ချုပ်ဆိုခဲ့ပြီးဖြစ်ကာ ဆာနေးနှင့်လည်း စာချုပ်သစ် အမြန်ဆုံးချုပ်ဆိုရန် ဆန္ဒရှိနေသည်ဟုဆိုသည်။

**ထက်အောင်**

# ဖမ်းဆီးရမိထားသော သစ်နှင့် ဆက်စပ်ပစ္စည်းများကို ကလေးမြို့၌ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်

**ကလေး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ဒေသခံပြည်သူများ နေအိမ်ဆောက်လုပ်ရန် သစ်လိုအပ်ချက်အတွက် အမှန်တကယ်သုံးစွဲခွင့်ရရှိရန် ရည်ရွယ်၍ ကလေးခရိုင် သစ်တောဦးစီးဌာနက ကလေးမြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းမှ ဖမ်းဆီးရမိထားသော တရားမဝင် သစ်လုံးနှင့် ခွဲသားများ၊ တံခါးရွက်နှင့် တံခါးပေါင်များ၊ သစ်စက် ဆက်စပ်ပစ္စည်းများနှင့် နံ့သာဖြူများကို ဧပြီ ၄ ရက်တွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဟု သိရသည်။

လေလံပွဲကို ကလေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ပြုလုပ်မည်ဖြစ်ပြီး ဖမ်းဆီးရမိထားသော ပုံစံ(၈)ဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်မာအုပ်စု (၂/၃) သစ်လုံးနှင့် ခွဲသား ၈၅၇ ဒသမ ၂၈၂၇ တန်၊ ကျွန်းတံခါးရွက်နှင့် ကျွန်းပြတင်းပေါက် ၁ ဒသမ ၄၂၁ တန်၊ သစ်စက်ဆက်စပ်ပစ္စည်း ရှစ်မျိုး (အရေအတွက် ၁၁၁ ခု)နှင့် နံ့သာဖြူ ၃၆ ချောင်း (၈ ဒသမ ၅ ပိဿာ)တို့ကို ရောင်းချမည်ဖြစ်ကြောင်း လေလံတင်ရောင်းချရေးကော်မတီထံမှ သိရသည်။

အဆိုပါပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင် လိုင်စင်ရရှိထားသည့် သစ်အခြေခံ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/သစ်စက်ကြီးနှင့် အချောထည်စက်/လျှာထိုးစက် လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင် လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များ၊ အစိုးရဌာနပိုင် အဆောက်အအုံများနှင့် လမ်းတံတားများ ဆောက်လုပ်ရန်အတွက် တင်ဒါအောင်မြင်ထားသည့် ကုမ္ပဏီများက လိုအပ်သည့်အချက်အလက်၊ အထောက်အထားများနှင့်အတူ လေလံဆွဲ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သစ်တောဦးစီးဌာနသည် မြို့နယ်ဦးစီးအရာရှိများ၊ သစ်တောဝန်ထမ်းများနှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို အရှိန်အဟုန်မြှင့် စစ်ဆေးဖမ်းဆီးလျက်ရှိသလို အဆိုပါသစ်များနှင့်အတူ ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူများကိုလည်း ဥပဒေနှင့်အညီအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ချင်းတွင်းသား**



ဖမ်းမိသော တရားမဝင်သစ်များကို သိမ်းဆည်းမှတ်တမ်းတင်နေသည့် သစ်တောဝန်ထမ်းများ။

# ညောင်ဦးမြို့နယ်မှ တဲတိုက်သုံးခုတွင် ရေရှားပါးပြီး စက်ရေတွင်းတူးဖော်နိုင်ရန် လိုအပ်နေ

**ညောင်ဦး မတ် ၂၈**

ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုအတွင်းရှိ ကျားခုတ်တဲတိုက်၊ ဇီးအိုင်တဲတိုက်နှင့် သဲကျင်းတဲတိုက်တို့တွင် နှစ်စဉ် နွေရာသီတိုင်း လူနှင့်တိရစ္ဆာန်များအတွက် သောက်ရေသုံးရေရှားပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် စက်ရေတွင်းတူးဖော်နိုင်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။



ကန်ကျဲရွာစက်ရေတွင်းအနီး မြေကြီးထဲမှရေကို အသုံးပြုရန် ခပ်ယူနေရသည့် တဲတိုက်နေပြည်သူများ။

အဆိုပါ တဲတိုက်သုံးခု၌ အိမ်ခြေ ၇၃ အိမ်၊ လူဦးရေ ၂၈၃ ယောက်နှင့် ကျွဲ၊ နွား ၃၀၇ ကောင်၊ ဆိတ် ၁၇၅ ကောင်တို့ရှိကာ နှစ်စဉ် ဖေဖော်ဝါရီလမှစ၍ မိုးဦးကျချိန်အထိ သောက်သုံးရေရှားမှု ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

“ကျွန်တော်တို့လို နွားလှည်းရှိတဲ့သူတွေကတော့ ကန်ကျဲကျေးရွာက စက်ရေတွင်းမှာ ရေသွားသယ်ရတယ်၊ ရေတစ်စည်ကို ၃၀၀ ကျပ်ပေးပြီး တိုက်လို့ရတယ်၊ လှည်းမရှိတဲ့သူတွေကတော့ ရေတစ်စည် အိမ်အရောက် ၂၀၀၀ ကျပ်နဲ့ ဝယ်ရတယ်၊ ကန်ကျဲရွာ စက်ရေတွင်းက ကျွန်တော်တို့တဲတိုက်နဲ့ သုံးမိုင်လောက် ဝေးတယ်၊ ရေသွားသယ်ရင် သုံးနာရီလောက်ကြာတယ်”ဟု ကျားခုတ်တဲတိုက်နေ ဦးသောင်းရှင်က ပြောသည်။

လက်ရှိအချိန်တွင် အဆိုပါတဲတိုက်များမှ ပြည်သူများအနေဖြင့် ကားဖြင့် ရေလာလှူကြမည့် အလှူရှင်များကိုမျှော်လင့်နေကြပြီး ရေရှည်အတွက် စက်ရေတွင်းရရှိရန်လည်း လိုလားနေကြကာ ယင်းတဲတိုက်များသို့ ယခုရက်ပိုင်းတွင် ရေလှူလိုလျှင်ဖြစ်စေ၊ စက်ရေတွင်းလှူဒါန်းလိုလျှင်ဖြစ်စေ ဖုန်း - ၀၉၂၅၉၁၂၀၁၂၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်ဌေး (ညောင်ဦး)**

# ဓာတုလွှတ်တန်ဖိုးမြှင့်သီးနှံ(ဆန်စပါး)ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖော်ဆောင်ခြင်းစီမံကိန်း ရှင်းလင်းဆွေးနွေး

**ပွင့်ဖြူ မတ် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူ့ရေးရာဖွံ့ဖြိုးရေးအစုအဖွဲ့က ကြီးမှူး၍ ဓာတုလွှတ် တန်ဖိုးမြှင့်သီးနှံ(ဆန်စပါး)ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖော်ဆောင်ခြင်းစီမံကိန်းအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၇ ရက်က ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်ရှိ စိန်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက တောင်သူများ ဝင်ငွေအကျိုးအမြတ် ပိုမိုရရှိနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းသည့် ဓာတုလွှတ် တန်ဖိုးမြှင့်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရန်နည်းလမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကာ ပွင့်ဖြူမြို့နယ် အော်ဂဲနစ်စိုက်ပျိုးရေးနှင့် တောင်သူ့ရေးရာဖွံ့ဖြိုးရေးအစုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးနိုင်က မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် သီးနှံစိုက်ပျိုးရာတွင် ဈေးကွက်ကောင်းမွန်သော ဓာတုလွှတ် အော်ဂဲနစ်သီးနှံများကို တွင်ကျယ်စွာ စိုက်ပျိုးသွားကြရန်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဒေသခံတောင်သူများက သီးနှံစိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများအကြောင်း၊ ဈေးကွက်ဝင် အော်ဂဲနစ်သီးနှံ(ဆန်စပါး) စိုက်ပျိုးနည်းဆိုင်ရာ နည်းစနစ်များနှင့် ဈေးကွက်ချိတ်ဆက်မှုကဏ္ဍများ စသည်တို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ဆွေးနွေးပွဲအပြီးတွင် ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက မြို့နယ်အော်ဂဲနစ် စိုက်ပျိုးရေးနှင့် တောင်သူ့ရေးရာဖွံ့ဖြိုးရေးအစုအဖွဲ့မှ ခင်းကျင်းပြသထားသည့် အော်ဂဲနစ်နည်းပညာစိုက်ပျိုးရေး ပညာပေးမှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရွှေကူမြို့နယ်၌ သီးနှံမျိုးစုံ အအေးပေးခန်းစက်ရုံသစ် ဖွင့်လှစ်

**ရွှေကူ မတ် ၂၈**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ဆိပ်သာကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ဂရန်းရဲထွဋ္ဌ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ ရွှေပဲသီး(ခ)ပဲပုပ်ကြီးနှင့် သီးနှံမျိုးစုံ အအေးပေးခန်းစက်ရုံသစ် ဖွင့်ပွဲကို မတ် ၂၆ ရက်က ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ကသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်၊ ကသာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုန်နှင့် ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးရဲထွဋ္ဌတို့က အအေးပေးခန်းစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဖွင့်ပွဲတွင် လွှတ်တော်ဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက မလုပ်ပေးနိုင်သေးသည့် ကိစ္စများတွင် ယခုလို ကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်ပြီး အကျိုးအမြတ်အတွက်သာ ဦးစားမပေးဘဲ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်နှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နည်းပညာများရရှိအောင် ဝိုင်းဝန်း ကူညီပေးရန်နှင့် ဒေသခံတောင်သူများကိုယ်တိုင် စိုက်ပျိုးထားသည့် သီးနှံများကို ထိုက်သင့်သည့်ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူရန်၊ တောင်သူများအဖို့ ဝင်ငွေတိုးစေမည်ဖြစ်၍ တောင်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပြီး အကျိုးတူဆောင်ရွက်ရန် အမှာစကား ပြောကြားသည်။

ဂရန်းရဲထွဋ္ဌ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက ကုမ္ပဏီအနေဖြင့် စိုက်ပျိုးရေးကို ဦးစားပေး လုပ်ကိုင်နေကြောင်း၊ ကချင်ပြည်နယ်အတွင်း ဧက ၃၀၀၀ နှင့် စစ်ကိုင်းဒေသကြီးအတွင်း ဧက ၅၀၀၀ ခန့်၌ သီးနှံများစိုက်ပျိုးထားပြီး နိုင်ငံတကာသို့ တင်ပို့ရန် အရည်အသွေးပြည့်သည့်သီးနှံများ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံကို ကျပ် ၃၅၃ ဒသမ ၈၀၅ သန်း အကုန်ကျခံ၍ ဆောက်လုပ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး စက်ရုံလည်ပတ်မှု အခြေအနေများကို ရှင်းလင်းပြသခဲ့သည်။

**ကျော်စိုးနိုင်(ရွှေကူ)**

# ဝမ်းတွင်းမြို့နယ်၌ မှုခင်းကျဆင်းရေး ဟောပြော

**ဝမ်းတွင်း မတ် ၂၈**

ဝမ်းတွင်းမြို့နယ် သချ်ာကျေးရွာအုပ်စု ကျားသေကန်ကျေးရွာ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က ပြုလုပ်ခဲ့ရာ ဟောပြောပွဲတွင် ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်နိုင်စိုးနှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဆန်းလွင်တို့က မှုခင်းကြိုတင်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြပြီး ကျေးရွာနေပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့သည်။

**သွန်းဝသန်**



**ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြည်သူများ သန့်ရှင်းသည့် အသား၊ ငါးများကို ဝယ်ယူစားသုံးနိုင်ရေးအတွက် သားငါးရောင်းချသည့်ဆိုင်များတွင် ယင်လုံသံဆန်ခါ အသုံးပြုခြင်းရှိမရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆောင်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး)နှင့် မြို့မဈေး ဝန်ထမ်းများက မတ် ၂၅ ရက်က ဈေးများအတွင်းရှိ သားငါးရောင်းချသည့်ဆိုင်များသို့ လိုက်လံစစ်ဆေးစဉ်။**

ပြန်/ဆက်

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အာဆီယံနှင့် အရှေ့နိုင်ငံများကို အဓိကထား ဖိတ်ခေါ်

**နေပြည်တော် မတ် ၂၈**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အာဆီယံနိုင်ငံများအပါအဝင် အရှေ့နိုင်ငံများကို အဓိကထား ဖိတ်ခေါ်နေကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

“ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ အဓိက အများဆုံး ဖိတ်ခေါ်တာ၊ မျှော်လင့်ကြိုဆိုတာက ဒီအရှေ့နိုင်ငံတွေပေါ့၊ အရှေ့နိုင်ငံတွေဆိုတာက အာဆီယံ မိတ်ဖက်နိုင်ငံတွေပါတယ်၊ နောက် ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ် စသည်ဖြင့်ပေါ့၊ ကျွန်တော်တို့ရဲ့ အရှေ့ဘက်မှာရှိတဲ့နိုင်ငံတွေက လာရောက်ဆောင်ရွက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ကြိုဆိုပါတယ်၊ ကျွန်တော်တို့ ပေါ်လစီကတော့ အိန္ဒိယလည်း ပါတယ်၊ အိန္ဒိယအပါအဝင် ကမ္ဘာ့အရှေ့ခြမ်းမှာရှိတဲ့နိုင်ငံတွေပါ”ဟု အတွင်းရေးမှူးက ပြောသည်။

လက်ရှိ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ကုန်ထုတ်လုပ်မှုကဏ္ဍသို့ အများဆုံးဝင်ရောက်ခဲ့ပြီး ယင်းကုန်ထုတ်လုပ်မှုကဏ္ဍများအနက် အထည်ချုပ်လုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်း၊ ရေခဲသေတ္တာ၊ တီဗွီစသည့် အီလက်ထရွန်နစ်ပစ္စည်းများ တပ်ဆင်သည့်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်းများက အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ထို့အပြင် ခရီးဆောင်အိတ်အမျိုးမျိုး ချုပ်လုပ်သည့် လုပ်ငန်းများလည်း ထပ်မံဝင်ရောက်လာနိုင်ကြောင်း၊ အဆိုပါ အိတ်ချုပ်လုပ်ငန်းများက အမေရိကန်နိုင်ငံသို့ တင်ပို့ပါက အခွန်သက်သာခွင့် အထူးအခွင့်အရေး(GSP) ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ဝင်ရောက်လာကြသည့် နိုင်ငံများစာရင်းတွင် စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဒုတိယအများဆုံးဖြစ်သည်။ ထိုင်းနိုင်ငံက တတိယအများဆုံးဖြစ်ပြီး ဟောင်ကောင်က စတုတ္ထနေရာတွင် ရပ်တည်နေသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ်များကို ပြုလုပ်လျက်ရှိပြီး လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၁၅ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၄၃ သန်းကျော် ရရှိထားကာ ပြီးခဲ့သည့်နှစ် ကာလတူထက် သန်း ၆၀၀ ကျော် ပိုမိုရရှိထားကြောင်း သိရသည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း ခွင့်ပြုခဲ့သည့် ပရောဂျက်များမှာ သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် ပရောဂျက် ၁၂၉ ခု ရှိပြီး ပြီးခဲ့သည့်နှစ် ကာလတူတွင် ပရောဂျက် ၈၀ သာ ရရှိထားခဲ့သောကြောင့် ယခုဘဏ္ဍာနှစ်တွင် ပရောဂျက် ၄၉ ခု တိုးလာကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံအထိ ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ကလေးစာပေပွဲတော် (ပဲခူး) ပထမနေ့သို့ လာရောက်လေ့လာကြသူများ၏ ဝမ်းသာပီတိစကားသံများ


ဆလိုင်းအေးပိုင်


ဒေါ်ယုယုအေး


ခွန်အုံးကျော်


ဒေါ်ငြိမ်းငြိမ်းအေး


မောင်ချစ်မင်းဦး


ကိုကျော်ဇေယျာထွန်း


မအိမီမီအောင်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ပဲခူးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် မတ် ၂၈ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်သို့ လာရောက်လေ့လာကြည့်ရှုကြသူများ၏ ဝမ်းသာပီတိစကားများကို စုစည်းဖော်ပြအပ်ပါသည်။

**ဆလိုင်းအေးပိုင်**
**ပဲခူးတိုင်းဒေသကြီး**
**အရှိုချင်းစာပေနှင့်ယဉ်ကျေးမှုကော်မတီအဖွဲ့**

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး အရှိုချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ကပါ။ ကျွန်တော်တို့အဖွဲ့ကတော့ ကလေးစာပေပွဲတော်မှာ ချင်းရိုးရာဝါးညှပ်အက၊ ချင်းရိုးရာအက၊ အရှိုချင်းကလေးများရဲ့ ပုံပြောပြိုင်ပွဲနဲ့ ကဗျာပြိုင်ပွဲတွေမှာ ပါဝင်ဆင်နွှဲကြမှာပါ။

အခုလို ကလေးစာပေပွဲတော်ကျင်းပပေးတဲ့အတွက် ကလေးတွေရဲ့စာပေလေ့လာမှု၊ စာဖတ်အားနဲ့ သူတို့ရဲ့ဗဟုသုတအမြင်တွေ တိုးတက်စေပါတယ်။ ဒီလိုပွဲတော်တွေ လုပ်ပေးတာ အင်မတန်ကောင်းတဲ့အစဉ်အလာတစ်ခုလို့ မြင်ပါတယ်။ နောက်ပြီး တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ကပွဲတွေ၊ တိုင်းရင်းသားတွေရဲ့ ရိုးရာပုံပြင်၊ ရိုးရာကဗျာပြိုင်ပွဲတွေ ထည့်သွင်းပြီးတော့ အလေးထား ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးလည်းတင်တယ်။ တကယ့်အစဉ်အလာကောင်း တစ်ရပ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ ပဲခူးတိုင်းအတွင်းမှာနေတဲ့ ပဲခူးတိုင်းသားတွေရော ပြည်ပရောက် အရှိုချင်းတိုင်းရင်းသားတွေအနေနဲ့ ဒီလိုပွဲတော်မျိုးမှာ ပါဝင်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ပဲခူးတိုင်းမှာ နိုင်ငံတော်အဆင့် ဒီလိုပွဲမျိုးကို လာရောက်ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်နောင်ကိုလည်း ကိုယ့်တိုင်းဒေသကြီးထဲမှာမှ မဟုတ်ဘူး၊ တခြားတိုင်းဒေသကြီးတွေမှာလုပ်ရင် ကျွန်တော်တို့ တိုင်းရင်းသားတွေအနေနဲ့ ပါဝင်ပြီး သွားရောက်ပေးဖို့ အစီအစဉ်ရှိပါတယ်။

**ဒေါ်ယုယုအေး(ဆရာမ)**
**အ.ထ.က ၃ ပဲခူး**

ကျွန်မတို့ ပဲခူးတိုင်းမှာ အခုလိုခမ်းခမ်းနားနား ပွဲတော်ကျင်းပပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ကလေးတွေအတွက် စာပေလေ့လာချင်စိတ်ဖြစ်ပေါ်စေပါတယ်။ ကလေးတွေအားလုံး ပါဝင်ခွင့်ရတဲ့အတွက် ကျွန်မတို့အနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မကျောင်းက ကလေးတွေကတော့ ဒီပွဲတော်မှာ အက၊ ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနဲ့ ဘင်ခရာအဖွဲ့မှာလည်း ပါပါတယ်။ ကလေးတွေ စာများများဖတ်လာအောင် ဖန်တီးပေးတဲ့အတွက် ကလေးစာပေပွဲတော်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဆရာမတွေဘက်ကလည်း တတ်နိုင်သလောက် တစ်တပ်တစ်အားပါဝင် ကူညီပေးထားပါတယ်။ ကလေးတွေလည်းပျော်ကြပါတယ်။ ကလေးတွေ ပျော်ရွှင်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ခွန်အုံးကျော်**
**ဒိုက်ဦးမြို့နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့**

ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားယဉ်ကျေးမှုအက၊ တိုင်းရင်းသားပုံပြင်ပြောပြိုင်ပွဲနဲ့ တိုင်းရင်းသားကဗျာရွတ်ပြိုင်ပွဲမှာ ပါဝင်သွားမှာဖြစ်ပါတယ်။ သုံးရက်ဆက်တိုက် ဖျော်ဖြေမှာပါ။ ဒီပွဲတော်မှာ ကျွန်တော်တို့အဖွဲ့က အားလုံးပေါင်း ၉၀ လောက် ပါဝင်သွားမှာပါ။ ကလေးစာပေပွဲတော်ကျင်းပတဲ့အတွက် ကလေးတွေ ဗဟုသုတတွေ၊ အတွေ့အကြုံတွေလည်းရမယ်၊ အတွေးသစ် အမြင်သစ်တွေလည်းရမယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့လည်း ဆုံစည်းရတယ်။ ကျောင်းသား၊ ကျောင်းသူတွေနဲ့လည်း ပျော်ပျော်ပါးပါး ဆုံတွေ့ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အသိအမြင်မကျယ်သေးတဲ့ တိုင်းရင်းသားလေးတွေကို နောက်နောင် ပွဲတွေမှာလည်း ဦးစားပေးပြီးတော့ များများလေး ခေါ်ပေးပါလို့ အကြံပြုချင်ပါတယ်။ ကလေးစာပေပွဲတော်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ကလေးတွေအတွက် ဗဟုသုတတွေလည်း အများကြီးရရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။

**ဒေါ်ငြိမ်းငြိမ်းအေး (မိဘတစ်ဦး)**
**ပဲခူးတိုင်းဒေသကြီး**

ကျွန်မကလေးက ရိုးရာသိုင်းသရုပ်ပြထဲမှာပါတာပါ။ ကလေးတွေအတွက် မြန်မာ့အနုပညာလက်ရာကို ချစ်ခင်မြတ်နိုးစေတတ်တဲ့စိတ်ဖြစ်ပေါ်လာစေတယ်။ ပြီးတော့လည်း ကလေးတွေရဲ့ စာပေကို ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်လေးကို ပိုပြီးတော့ နိုးကြားလာစေတယ်လို့ ခံစားရပါတယ်။ ကလေးတွေလည်း စိတ်ချမ်းသာ ပျော်ရွှင်စေပါတယ်။ မိဘတွေလည်း စိတ်ချမ်းသာပျော်ရွှင်ရပါတယ်။ အရင်တုန်းက ရန်ကုန်နဲ့ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ လုပ်တာတော့ မြင်ရကြားဖူးပါတယ်။ ဒီလိုနိုင်ငံတော်အဆင့်ပွဲမျိုးကို ပဲခူးမှာ ကျင်းပပေးတာ ဒါပထမဆုံးအကြိမ်ပါ။ နောက်လည်းဒီလိုပွဲမျိုးတွေ ဆက်ပြီး ကျင်းပပေးရင် ကလေးတွေအတွက် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ဆက်ပြီး ကျင်းပပေးစေချင်ပါတယ်။ ကလေးတွေရဲ့ ပျော်ရွှင်လွတ်လပ်နေတာကို ကြည့်ပြီးတော့ မိဘတစ်ယောက်အနေနဲ့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

**မောင်ချစ်မင်းဦး**
**အ.ထ.က(၂) ပဲခူးမြို့**

ဒီနည်းပညာပြခန်းမှာ ထူးဆန်းတာတွေ အများကြီးတွေ့ရပါတယ်။ AR နဲ့ VR နည်းပညာအကြောင်း လေ့လာခွင့်ရသလို 3D ပုံစံနဲ့ ပြသထားတဲ့အတွက် အများကြီးစိတ်ဝင်စားပါတယ်။ လာရောက်လေ့လာတဲ့ကလေးတွေ သူငယ်ချင်းတွေအတွက် အများကြီးအကျိုးရှိပါတယ်။ အခုလိုမျိုး တွေ့ရှုမြင်ရ သိရတဲ့အတွက် အခြားနိုင်ငံကလူတွေနဲ့ ရင်ပေါင်တန်းနိုင်သလိုမျိုး ခံစားရပါတယ်။ ဒီပြခန်းကို မသိသေးတဲ့ လူတွေကိုလည်း သွားရောက်လေ့လာကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော့်အတွက်တော့ ဒီပြခန်းကို ဒီနေ့မှ ပထမဆုံးတွေ့ဖူးတာပါ။ တစ်ခါမှ မတွေ့ဖူးပါဘူး။ ဒီလိုမျိုးလေ့လာခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ပီတိဖြစ်ပါတယ်။ ပျော်လည်းပျော်တယ်။ စိတ်လည်းဝင်စားတယ်။ နည်းပညာပိုင်းတွေကို စိတ်ဝင်စားတာကြောင့် ထူးဆန်းတာတွေ အကုန်လုံးလည်း မြင်ချင် တွေ့ချင်ပါတယ်။

**ကိုကျော်ဇေယျာထွန်း**
**Marketing Supervisor**

ဒီကလေးစာပေပွဲတော် လာရောက်တဲ့သူတွေကို ကျွန်တော်တို့ မားမားခေါက်ဆွဲခြောက်က စတုဒိသာလာကျွေးတာပါ။ ကလေးတွေအတွက် ဒီလိုပွဲတော်ကျင်းပပေးတာ ကောင်းပါတယ်။ ကလေးတွေအနေနဲ့ ပြိုင်ပွဲတွေ ဝင်ပြိုင်လို့ရသလို စာလည်းဖတ်ဖြစ်တာပေါ့။ ကလေးတွေအတွက် ဗဟုသုတလည်းရပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အခုလို စာပေပွဲတော်မရှိခဲ့ဘူး၊ လိုချင်တဲ့စာအုပ်ရဖို့ဆိုတာလည်း နည်းနည်းခက်ခဲတယ်။ အခု ကလေးတွေက တော်တော်ကို ကံကောင်းပါတယ်။ အခု ပွဲတော်မှာစီစဉ်ပေးထားတာ တော်တော်များများ ပြည့်စုံပါတယ်။ ကလေးတွေအတွက် လိုအပ်တာမှန်သမျှ အစိုးရအဖွဲ့အစည်းတွေက တတ်နိုင်သလောက် လိုက်လုပ်ပေးနေတာတွေ့ရပါတယ်။ အရင်ထက်စာရင်တော့ အများကြီးတိုးတက်လာပါတယ်။ ကလေးတွေလာလို့ ဗိုက်ဆာရင်အာဟာရပြည့်ဝအောင် စတုဒိသာကျွေးရတဲ့အတွက် ဝမ်းလည်းဝမ်းသာတယ်။ ပီတိလည်းဖြစ်ရပါတယ်။ ကျွန်တော်တို့ ပင်ပန်းတယ်ဆိုပေမယ့်လည်း ကလေးတွေ စားသောက်တာမြင်ရတော့ ပိုပီတိဖြစ်ရပါတယ်။

**မအိမီမီအောင်**
**အ.လ.ကခွဲ (ဗိုင်းတောင်မဖွားကျောင်း)**

ကလေးစာပေပွဲတော်ကို ဆရာမတွေ သူငယ်ချင်းတွေနဲ့လာခဲ့တာပါ။ ပွဲတော်မှာ တွေ့ရတာကတော့ အများကြီးပဲ။ သုတဉာဏ်စမ်းဖြေတာတွေ၊ကွန်ပျူတာနဲ့ မေးခွန်းဖြေတာတွေ၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ပတ်သက်တဲ့ မေးခွန်းဖြေတာတွေ၊ ကျားကွက်ရွှေ့တာတွေ၊ အရုပ်တွေတင်ပြီးဆော့တာတွေ၊ မြားပစ်တာတွေ တွေ့ခဲ့တယ်။ အကုန်လုံးကို ဝင်ပြိုင်ခဲ့ပါတယ်။ ဆုတွေလည်း ရခဲ့ပါတယ်။ ကွန်ပါဘူး၊ စာအုပ်၊ ဘောပင်နဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ရုပ်ပြပုံလေးတွေ လက်ဆောင်ရပါတယ်။ ပွဲတော်ကို လာရတာပျော်ပါတယ်။ ပျော်စရာတွေ၊ ကြည့်စရာတွေ၊ ဗဟုသုတရစရာတွေ အများကြီးရှိတာကြောင့် သူငယ်ချင်းတွေကိုလည်း ဒီကလေးစာပေပွဲတော်ကို လာရောက်ဖို့ဖိတ်ခေါ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ရှုပါ၊ ဓာတ်ပုံ-ဝေလျှံ၊ ရဲမိုး**

## မြောက်ဦးမြို့နယ် နေရပ်စွန့်ခွာသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြောက်ဦး မတ် ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများသို့ နေရပ်စွန့်ခွာ ခိုလှုံရောက်ရှိလာသူများကို မြောက်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်နှင့် ကျန်းမာရေးဝန်ထမ်းများက ရွေ့လျားဆေးခန်းများဖွင့်လှစ်ကာ အခမဲ့သွားရောက် ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

မြောက်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနက ဆရာဝန်ကြီး ဒေါက်တာခင်မောင်ရင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် မြောက်ဦးမြို့နယ်တွင် ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများဖြစ်သည့် သျှစ်သောင်း၊ လက်လောက်ဈေး၊ မြတန်စောင်း၊ တိမ်ညို(ရွာသစ်) အစရှိသည့် တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်း ၁၂ ခုသို့ နေ့စဉ်အခမဲ့ ကွင်းဆင်းသွားရောက် ဆေးကုသပေးနေပြီး ယခုအချိန်ထိ ဆေးကုသအကြိမ်ရေ (၁၈၃)ကြိမ်ထိ ရှိလာပြီးဖြစ်ရာ ကယ်ဆယ်ရေးစခန်းများရှိ ကျန်းမာရေးချို့တဲ့ ဆေးကုသခံလူနာဦးရေ အမျိုးသား ၁၄၆၅ ဦး၊ အမျိုးသမီး ၂၀၉၅ ဦးနှင့် ဆေးကုသခံလူနာစုစုပေါင်း ၃၅၆၀ အထိရှိကြောင်း သိရသည်။



**ခရိုင် (ပြန်/ဆက်)**

## စက်မှုဇုန်ရှိ ဘက်ထရီစက်ရုံမှ အလုပ်သမားများအား မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြို့၏ စက်ရုံလုပ်သားအများစုရှိရာ မြို့နယ်တစ်ခုဖြစ်သော ရွှေပြည်သာစက်မှုဇုန်တွင် မှုခင်းကျဆင်းရေးနှင့် စက်ရုံလုပ်သားများ သွားလာရေး ဘေးကင်းလုံခြုံရန် မြို့နယ်ရဲတပ်ဖွဲ့မှ မတ် ၂၈ ရက် ညနေ ၅ နာရီက အမှတ်(၁)ရပ်ကွက် စက်မှုပတ်လမ်းရှိ တိုယို ဘက်ထရီစက်ရုံတွင် စက်ရုံအလုပ်သမားများကို မှုခင်းအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်တို့တွင် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောရန် စက်ရုံများ၏ ခွင့်ပြုချက်အခြေအနေအရ သက်ဆိုင်ရာ ရဲတပ်ဖွဲ့များအနေဖြင့် အခက်အခဲများစွာရှိနေပြီး ဟောပြောခွင့်ရသော စက်ရုံများတွင် အလုပ်သမားများကို အသိပညာပေးဆောင်ရွက်လျက်ရှိရာ ရဲတပ်ဖွဲ့နှင့်စက်ရုံများ ပူးပေါင်းဆောင်ရွက်မှုဖြင့် စက်မှုဇုန်များအတွင်း မှုခင်းဖြစ်ပွားမှုကို လျော့နည်းကျဆင်းသွားစေမည်ဖြစ်သည်။

ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် စက်မှုပတ်လမ်းရှိ တိုယိုဘက်ထရီစက်ရုံတွင် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းလျော့နည်းကျဆင်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးမိုးလွင်က စက်ရုံလုပ်သားများအား ပရိုဂျက်တာဖြင့် အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး စက်မှုဇုန်များတွင် မှုခင်းများဖြစ်ပွားပါက ရဲတပ်ဖွဲ့သို့အချိန်မီသတင်းပေးပို့ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတပ်ဖွဲ့ဝင်တို့၏ ဖုန်းနံပါတ်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**၁၆၄**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာသည်နှင့်အမျှ လူတန်းစားပေါင်းစုံကို အကျိုးဖြစ်ထွန်းစေပြီး ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုမည်

**နေပြည်တော် မတ် ၂၈**

ခရီးသွားလုပ်ငန်း ကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်း ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရတ်ဆင်းက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အတည်ပြုပေးပို့ထားသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဝင်အမည် စာရင်းအားဖတ်ကြားတင်ပြပြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ၁၅ ခုကို ဖွဲ့စည်းခွင့်နှင့် အမိန့်ကြော်ငြာစာများ ဆက်လက်ထုတ်ပြန်ခွင့်ကို အစည်းအဝေးက အတည်ပြုကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍တက်ရောက်လာသော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်သင့်သော မြှင့်တင်ရေးအစီအစဉ်များ၊ Digital Platform ထူထောင်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေးသည်။

**တိုက်တွန်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးကို နှစ်စဉ်တစ်နှစ်လျှင်နှစ်ကြိမ်ကျင်းပရန်လျာထားသဖြင့် ယခုကဲ့သို့ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးများကိုလည်း နှစ်စဉ်တစ်နှစ်ကို လေးကြိမ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အစည်းအဝေးတွင် တင်ပြခဲ့သည့်အကြံပြုဆွေးနွေးချက်များကိုလည်း မှတ်တမ်းထားရှိပြီး အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူတန်းစားပေါင်းစုံကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလတို့တွင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၄ ဒသမ ၃၇၄ သန်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၇ ဒသမ ၅၈၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇန်နဝါရီလ | | ဖေဖော်ဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၁၄၉.၈၉၀ | - | ၁၁၅.၄၅၀ * |
| (ခ) | စက်မှုကဏ္ဍ | ၁၇ | ၁၆၇.၁၆၀ * | ၁၄ | ၁၆၄.၀၆၆ * |
| (ဂ) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၂၈.၀၀၀ | ၁ | ၆၅.၂၈၀ |
| (ဃ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၅၄.၁၃၃ | - | - |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂ | ၄.၁၉၁ | ၂ | ၁၀.၂၁၅ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၅၁.၀၀၀ | ၄ | ၄၀.၇၀၀ |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၁ | ၃.၄၂၀ |
| (ဇ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | - | ၁ | ၄၈.၄၅၁ |
| | စုစုပေါင်း | ၂၃ | ၄၅၄.၃၇၄ | ၂၃ | ၄၄၇.၅၈၂ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုးကျပ် ၁၁၇၄၂၀ ဒသမ ၂၉၂ သန်းနှင့် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုစုစုပေါင်း တန်ဖိုးကျပ် ၂၉၃၇၁၂ ဒသမ ၇၄၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇန်နဝါရီလ | | ဖေဖော်ဝါရီလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၁၄၆၇.၅၀၀ | - | - |
| (ခ) | စက်မှုကဏ္ဍ | ၇ | ၂၄၂၆၄.၅၂၅ * | ၁ | ၄၀၀၀.၀၀၀ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂ | ၇၆၄၂၇.၄၅၁ * | ၂ | ၆၇၅၀.၀၀၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | ၁ | ၅၇၉၉.၅၀၀ | - | ၁၅၀၀.၀၀၀ * |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | - | - | ၁ | ၂၀၀၀၀၀.၀၀၀ |
| (စ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | - | ၁၂၈၈၆.၄၉၀ * |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၉၄၆၁.၁၁၆ | ၂ | ၆၅၇၆.၂၅၂ * |
| | စုစုပေါင်း | ၁၄ | ၁၁၇၄၂၀.၂၉၂ | ၆ | ၂၉၃၇၁၂.၇၄၂ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။**

၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇန်နဝါရီအတွင်း | ဖေဖော်ဝါရီအတွင်း |
| (က) | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၀၂ * | - |
| (ခ) | လယ်ယာကဏ္ဍ | ၇၅၅ | ၅၀ |
| (ဂ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၅၆၇ | ၈၈ |
| (ဃ) | စက်မှုကဏ္ဍ | ၅၇၁၅၉ * | ၁၀၅၃၃ * |
| (င) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၄၉ | ၈၅ |
| (စ) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | ၇၂၇ * | - |
| (ဆ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၅၃ | - |
| (ဇ) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၅၁ | - |
| (ဈ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | - | ၁၆ |
| (ည) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၅၅ | ၂၄၂၄ |
| | စုစုပေါင်း | ၅၉၉၁၈ | ၁၃၁၉၆ |

*** လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်း အပါအဝင်ဖြစ်သည်။**

၂၀၁၉ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက်ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ဇန်နဝါရီအတွင်း | ဖေဖော်ဝါရီအတွင်း |
| (က) | သတ္တုတူးဖော်ရေးကဏ္ဍ | ၈၃ | - |
| (ခ) | စက်မှုကဏ္ဍ | ၆၇၇ | ၃၆၀ |
| (ဂ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၁၃၈ | ၁၁၆ |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၃၇၅ |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၄၀ | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၇၄ | ၁၇၀ |
| | စုစုပေါင်း | ၁၀၁၂ | ၃၀၂၁ |

**သတင်းစဉ်**

# ကျုံပျော်၌ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးမည်

**ကျုံပျော် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပင်လုံရပ်ကွက်ရှိ ဝိဇာတမင်္ဂလာစေတီတော်ဝင်းအတွင်းရှိ ဝိဇာတရတနာ ကျန်းမာရေးအထောက်အကူပြု ဆေးခန်း၌ မတ် ၃၁ ရက်တွင် အထူးကုဆရာဝန်ကြီးအဖွဲ့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အခမဲ့ လာရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆီးနှင့်ကျောက်ကပ်ရောဂါအထူးကု ပါမောက္ခ ဦးဝင်းမြိုင် ဦးဆောင်သည့်ဆရာဝန်ကြီးနှင့်အတူ အရေပြားအထူးကု၊ အဆုတ်အထူးကု၊ ကလေးအထူးကု၊ မီးယပ်သားဖွားရောဂါအထူးကု၊ အထွေထွေရောဂါအထူးကု ဆရာဝန်ကြီးများက လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်သည်။

လာရောက်ကုသလိုသည့် လူနာများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများတွင် ကြိုတင်စာရင်းပေးသွင်းထားနိုင်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ကမ္ဘာ့အကြီးဆုံး စည်တော်ကြီးကို ကောင်းမှုတော်စေတီ ညောင်ရမ်းခေတ် အဆောက်အအုံဘုံပြာသာဒ်ပေါ်၌ ချိတ်ဆွဲထားရှိ

စစ်ကိုင်း မတ် ၂၈

**စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ထွင်းထုပြီးစီးခဲ့သည့် ကမ္ဘာ့အကြီးဆုံးသစ်လုံးထွင်း စည်တော်ကြီးကို မတ် ၂၇ ရက် နံနက်ပိုင်းက ကောင်းမှုတော်စေတီရင်ပြင်တော်ပေါ်ရှိညောင်ရမ်းခေတ် အဆောက်အအုံဘုံပြာသာဒ်ပေါ်သို့တင်၍ ချိတ်ဆွဲထားရှိထားကြောင်း ကောင်းမှုတော်ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောသည်။**

ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်း စည်တော်ကြီးသည် မတ် ၁၉ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီးသို့ ရောက်ရှိခဲ့ပြီး အဆိုပါနေ့ ညဉ့်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက စည်တော်ကြီးအား တီးခတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး ရင်ပြင်တော်ပေါ်၌ပင် ထားရှိထားရာမှ မတ် ၂၇ ရက်တွင် ညောင်ရမ်းခေတ် အဆောက်အအုံဘုံပြာသာဒ်ပေါ်သို့တင်၍ ချိတ်ဆွဲထားရှိခြင်းဖြစ်ကြောင်း ကောင်းမှုတော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

"စည်တော်ကြီးကို အဆောက်အအုံဘေးက စင်ထိုးပြီး ချိန်းဘလောက်နဲ့ ဆွဲတင်လိုက်တာ၊ စည်တော်ကြီးတင်တဲ့ အဆောက်အအုံကတော့ လက်စသတ်ဖို့ ကျန်ပါသေးတယ်။ စည်တော်တင်ပြီးမှ ဘေးက ကာရံတာတွေ လုပ်ရဦးမယ်။ စည်တော်ကြီးဖွင့်ပွဲတော့ မလုပ်ဖြစ်တော့ဘူး။ မတ် ၁၉ ရက်က ဖွင့်ပွဲတော့ လုပ်ပြီးသားပါ" ဟု ကောင်းမှုတော်ဘုရားဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးနီတင်က ပြောသည်။

ကမ္ဘာ့အကြီးဆုံး သစ်လုံးထွင်း စည်တော်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လက်ပံကုန်းကျေးရွာရှိ "ဆရာပွဲ" မြန်မာတူရိယာ အမျိုးမျိုးလုပ်ငန်းမှ ကုက္ကိုသားဖြင့် ထွင်းထုပြီး ကောင်းမှုတော်စေတီတော်သို့ လှူဒါန်းခြင်းဖြစ်သည်။

ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်သို့ လှူဒါန်းသည့် ကမ္ဘာ့အကြီးဆုံး သစ်တစ်လုံးထွင်းစည်တော်မှာ အလျား ၁၂၈ လက်မ၊ အမြင့် ၆၄ လက်မ၊ စည်တော်မျက်နှာဝအကျယ် ၅၄ လက်မရှိပြီး စည်တော်မျက်နှာပြင်အတွက် ကျွဲသားရေ နှစ်ချပ်နှင့် စည်တော်စည်ကျစ်ကြိုးအတွက် နွားသားရေ ၁၈ ချပ်ကို အသုံးပြုထားကာ စည်တော်အတွင်းပိုင်းကို ဘုရားဟောတရားဒေသနာတော် နှင့် ဂါထာတော်များ၊ ဗားမဲ့ဆရာတော်၏ ဂါထာတော်နှင့် လောကီအစီအမံများ၊ စည်တော်အပြင်တွင် ဗုဒ္ဓဘုရားရှင်၏ ၁၀၈ ကွက်သော ဗုဒ္ဓခြေတော်ရာ စက်လက္ခဏာအား နတ်သားများ ပူဇော်နေသည့်ပုံကို ထည့်သွင်း၍ ပြုလုပ်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



**ကမ္ဘာ့အကြီးဆုံးသစ်လုံးထွင်း စည်တော်ကြီးကို ကောင်းမှုတော်စေတီရင်ပြင်တော်ပေါ်ရှိညောင်ရမ်းခေတ် အဆောက်အအုံဘုံပြာသာဒ်ပေါ်၌ ချိတ်ဆွဲထားရှိရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

# သီပေါကင်းထောက်လူငယ်မောင်မယ်များနှင့် ပြင်ဦးလွင်ကင်းထောက်များ မိတ်ဆက်တွေ့ဆုံ

**သီပေါ မတ် ၂၈**

ဒေသန္တရ ဗဟုသုတ ရှာမှီးရေးနှင့် ကင်းထောက်များအချင်းချင်းရင်းနှီးချစ်ခင်မှုရရှိရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ကင်းထောက်ကြီးများနှင့် ကင်းထောက်ဆရာဦးသန်းလွင်၊ ကင်းထောက်ဆရာမ ဒေါ်နုနုတင်တို့ ဦးဆောင်သော ကင်းထောက် လူငယ်မောင်မယ် ၄၅ ဦးသည် မတ် ၂၀ ရက်က ပြင်ဦးလွင်မြို့နယ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ရှေးဦးစွာကင်းထောက်မောင်မယ်များသည် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားကြီးအား ဖူးမြော်ကြည်ညိုလျက် သန့်ရှင်းရေးလုပ်အားဒါနပြုကြပြီး ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ခေတ်အဆက်ဆက် ဘုမိနက်သန် ကင်းထောက်ကြီးများထံ ကတိသစ္စာခံယူခဲ့သည့် အထိမ်းအမှတ် ကျောက်စာတိုင်ရှေ့တွေ့ဆုံပွဲအခမ်းအနား တွင် ပြင်ဦးလွင်ကင်းထောက်ဆရာမ ဒေါ်သန်းသန်းယုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ သီပေါကင်းထောက်နာယက မြို့နယ်ပညာရေးမှူးဦးဝင်းဇော်ဦးက လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်ကို ပြောသည်။



**ကင်းထောက် လူငယ်မောင်မယ်များ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**

ထို့နောက် နှစ်မြို့နယ်ကင်းထောက်များက ကတိသုံးပါးနှင့် ကင်းထောက်ကျင့်ဝတ်(၁၀)တို့ကို ရွတ်ဆိုအဓိဋ္ဌာန်ပြု၍ ကင်းထောက်အဆင်သင့်တေးသီချင်းများကို သံပြိုင်သီဆိုကြကာ အထိမ်းအမှတ်ကျောက်စာတိုင်တွင် ကတိသစ္စာပြုတောစခန်းချကင်းထောက် လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးကင်းထောက်ငယ်များနှင့် ဂျပန်အမျိုးသမီးကင်းထောက်ငယ်များအတွက် စတုတ္ထအကြိမ် အပြည်ပြည်ဆိုင်ရာ စခန်းချသင်တန်း အတွေ့အကြုံများကို ပြင်ဦးလွင်ကင်းထောက်မယ် မယဉ်မြတ်နိုးသူက ရှင်းလင်းတင်ပြပြီး သီပေါကင်းထောက်ဆရာမ ဒေါ်နုနုတင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အပြန်ခရီးတွင် သီပေါကင်းထောက်လူငယ်မောင်မယ်များသည် ပွဲကောက်ရေတံခွန်တွင် အပန်းဖြေလေ့လာကြပြီး ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်-ချန်ဒူး ခရီးစဉ်သစ် စတင်ပြေးဆွဲ

**ရန်ကုန် မတ် ၂၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးလေဆိပ်သို့ မတ် ၂၈ ရက်မှစတင်၍ တစ်ပတ်လျှင် နှစ်ကြိမ်နှုန်းဖြင့် စတင်ပြေးဆွဲပေးကြောင်း သိရှိရသည်။

တရုတ်နိုင်ငံအခြေစိုက် Sichuan Airlines မှ ရန်ကုန်- ချန်ဒူးခရီးစဉ်သစ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် ယနေ့စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၁၈၉ ဦး (C 12/ Y 177 ဦး) လိုက်ပါစီးနင်းနိုင်သည့် A 321-211A အမျိုးအစားလေယာဉ် အသုံးပြုပြေးဆွဲခြင်းဖြစ်သည်။

အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ပြေးဆွဲပျံသန်းပေးသွားမည်ဖြစ်ပြီး ယခု ချန်ဒူး - ရန်ကုန် ခရီးစဉ်သည် ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံရှိ အထင်ကရမြို့များသို့ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် Sichuan Airlines မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပျံသန်းပြေးဆွဲသော သုံးခုမြောက်အပြည်ပြည်ဆိုင်ရာ ခရီးစဉ်ဖြစ်ကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သတင်းထုတ်ပြန်ရေးအဖွဲ့မှ သိရှိရသည်။

**မေဦးမိုး**



**လာမည့်သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သောအားဖြင့် မတ် ၂၆ ရက်က ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် တရားမဝင်ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးများရောင်းချခြင်း ရှိမရှိကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းနှင့်တာဝန်ရှိသူများ လိုက်လံစစ်ဆေးစဉ်။** ကိုကြီးတင်

# အဖြူရောင်အနာဂတ် မိသားစုပရဟိတအသင်းမှ ဝေးလံသည့်ဒေသသို့ သွားရောက်၍ အခမဲ့ဆေးကုသပေး၊ ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖြူရောင်အနာဂတ် မိသားစုပရဟိတအသင်းမှ ဝေးလံခေါင်းပါးသည့် ဒေသသို့ အခမဲ့ကွင်းဆင်း၍ ဆေးကုသခြင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို မတ် ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အနောက်ဘက် ရှစ်မိုင်အကွာတွင် တည်ရှိသော ရွှေမြင့်မိုရ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရွှေမြင့်မိုရ်ကျေးရွာသည် မြို့နှင့် အလွန်ဝေးကွာသော ဆင်ခြေဖုံးဒေသ တစ်ခုဖြစ်ကာ ယင်းကျေးရွာရှိ ဒေသခံ ၅၀ အား အဖြူရောင်အနာဂတ်မိသားစုပရဟိတအသင်းဝင်များဖြစ်သည့် နေပြည်တော်၊ ခုတင် ၁၀၀၀ ဆေးရုံကြီးမှ ဆရာဝန်များက အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခြင်းနှင့် ပရဟိတအဖွဲ့ဝင်များမှ ကလေးများအား ဆံပင်ညှပ်ပေးခြင်း၊ ခြေသည်းလက်သည်းများ ညှပ်ပေးခြင်းများ ဆောင်ရွက်ပေးကာ အခြေခံပညာမူလတန်းကျောင်းရုံးခန်းသုံး ဗီရို၊ ဆရာ ဆရာမများအတွက် ထိုင်ခုံနှင့် စားပွဲခုံ၊ ကျောင်းသား ကျောင်းသူများအတွက် စာအုပ်၊ ခဲတံ၊ ဘောပင်၊ လွယ်အိတ် အစရှိသည့် သင်ထောက်ကူပစ္စည်းများ စုစုပေါင်း ငွေကျပ် ၁၅ သိန်းဖိုးခန့်ကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ပြီး



**အဖြူရောင်အနာဂတ်မိသားစုပရဟိတအသင်းဝင်များ ရွှေမြင့်မိုရ်ကျေးရွာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။**

ကျောင်းဝင်းစိမ်းလန်းစိုပြည်ရေးအတွက် ပိတောက်၊ မဲဇလီပင်များနှင့် အခြားအရိပ်ရအပင်မျိုးစုံ ၅၀ ကိုလည်း ကျောင်းဝင်းအတွင်း စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဟိုပုံးနှင့် ဒြပ်မဲ့ယဉ်ကျေးမှု

**မောင်သာ(ရှေးဟောင်းသုတေသန)**

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေထိုင်ကြသည့် လူမျိုးအားလုံးတွင် မိမိတို့ ဘိုးဘွားစဉ်ဆက် လူမျိုးအလိုက်ယဉ်ကျေးမှုထွန်းကားခဲ့သည့် အထောက်အထားများဖြစ်သော ဒြပ်ရှိဒြပ်မဲ့အမွေအနှစ်များ ကျန်ရှိကြမြဲဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)သည် ကမ္ဘာအနှံ့ရှိ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို စံနှုန်းများဖြင့် စိစစ်၍ ကမ္ဘာ့အမွေအနှစ်(World Heritage)၊ မှတ်တမ်းအမွေအနှစ် (Memory of the World) နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Lists of Intangible Culture Heritage)များအဖြစ် သတ်မှတ်လျက် နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။**

နိုင်ငံတစ်ခုရှိ လူမျိုးစုအသီးသီး၏ ယဉ်ကျေးမှုအမွေအနှစ်များကို နှောင်းလူများက ဆက်လက်ထိန်းသိမ်းခဲ့ကြသဖြင့် လူမျိုးတစ်ဦး၏ ယဉ်ကျေးမှုကို အခြားလူမျိုးများက တန်ဖိုးထားနိုင်ခဲ့ကြပေသည်။ ထို့အတူ နိုင်ငံတစ်ခု၏ ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများကို အခြားနိုင်ငံများက လာရောက်ကြည့်ရှုလေ့လာခြင်းဖြင့် ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးလာခဲ့ပေသည်။

### ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်

ယဉ်ကျေးမှုအမွေအနှစ်တွင် ဒြပ်ရှိယဉ်ကျေးမှုအထောက်အထားများကို ကိုင်တွယ်ထိတွေ့နိုင်သော်လည်း ဒြပ်မဲ့ယဉ်ကျေးမှုများကိုမူ ကိုင်တွယ်ထိတွေ့ခြင်းမပြုနိုင်ချေ။ လူမျိုးအသီးသီးသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် သေးငယ်သော အိုးခြမ်းကွဲများမှသည် ကြီးမားသော အဆောက်အအုံများ၊ မြို့ရိုးတံတိုင်းများအထိ ဒြပ်ရှိယဉ်ကျေးမှု၊ ရုပ်ဝတ္ထုများကို ကာကွယ်စောင့်ရှောက်ကြရသကဲ့သို့ ကိုင်တွယ်မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုများကိုလည်း နောက်မျိုးဆက်များက ဆက်လက်ကျင့်သုံးကာ ထိန်းသိမ်းခဲ့ကြရပေသည်။

ယူနက်စ်ကိုအဖွဲ့သည် ဒြပ်ရှိယဉ်ကျေးမှုများကို ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တန်ဖိုး (OUV)ဖြင့် တိုင်းတာစိစစ်သကဲ့သို့ မှတ်တမ်းအမွေအနှစ်များအဖြစ် ကျောက်စာများ၊ လက်ရေးစာမူများ၊ တန်ဖိုးမဖြတ်နိုင်သည့် စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့် ပန်းချီကားများ၊ ဖလင်များ၊ အသံနှင့်ဗီဒီယိုအခွေများ၊ စီဒီများ၊ အသံမှတ်တမ်းများ၊ စာရွက်စာတမ်းအထောက်အထားများ စသည်တို့ကို စိစစ်သတ်မှတ်ပေးသည်။

မြန်မာနိုင်ငံ ယဉ်ကျေးမှုအမွေအနှစ်များအနက် ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့အမွေအနှစ်တစ်ခုနှင့် မှတ်တမ်းအမွေအနှစ်လေးခု အသိအမှတ်ပြုခဲ့သည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ သတ်မှတ်ပေးနိုင်ရန် စီစဉ်လျက်ရှိနေပေသည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို (၁) နှုတ်ပြောရာဇဝင်နှင့် ဘာသာစကားအပါအဝင် ဖော်ပြချက်များ (Oral Traditions and Expressions including Language)၊ (၂) ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ်များ (Performing Arts)၊ (၃) လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့နှင့် ပွဲတော်များ (Social Practices, Rituals and Festive Events)၊ (၄)သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အစဉ်အလာ အလေ့အထများ (Knowledge and Practices-concerning Nature and the Universe) နှင့် (၅) ရိုးရာလက်မှုပညာရပ်များ (Traditional Craftsmanship)ဟု နယ်ပယ်ငါးရပ် ပိုင်းခြားသည်။

နှုတ်ပြောရာဇဝင်နှင့် ဘာသာစကား အပါအဝင် ဖော်ပြချက်များနယ်ပယ်တွင် ပုံပြင်များ၊ စကားထာများ၊ စကားပုံများ၊ ဒဏ္ဍာရီ ရာဇဝင်များ၊ ဘာသာစကားများ ပါဝင်သည်။ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ်များတွင် အဆိုအကအရေးအတီးများ၊ ကျေးလက်သီချင်းများ၊ တူရိယာ တီးမှုတ်အသုံးပြုမှုများ၊ ရိုးရာပြဇာတ်များ ပါဝင်သည်။

အနုပညာရပ်များ၊ လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ရိုးရာဓလေ့နှင့် ပွဲတော်များနယ်ပယ်တွင် ရိုးရာဓလေ့အလှူပွဲ၊ လက်ထပ်မင်္ဂလာပွဲ၊ သေသူကိုသင်္ဂြိုဟ်သည့် အလေ့အထစသည့် အစဉ်အလာ ထုံးတမ်းများ၊ ဘုရားပွဲများအပါအဝင် ရိုးရာပွဲများ၊ ကစားခုန်စားနည်းများ ပါဝင်သည်။

သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အစဉ်အလာအလေ့အထများတွင် နက္ခတ်တာရာကြည့်နည်းများ၊ ဗေဒင်ကိန်းခန်း တွက်ချက်နည်းများ၊ ကိုးကွယ်ယုံကြည်မှုများ၊ အင်းအိုင်ခါးလှည့်ရေးထိုးနည်းများ၊ ထိုးကွင်းမင်ကြောင်၊ အင်းကွက်ထိုးနည်းများ၊ ရိုးရာအစားအသောက်များ၊ ရိုးရာတိုင်းရင်းဆေးဖော်စပ်ပုံများ စသည်တို့ ပါဝင်သည်။

ထို့အတူ ရိုးရာရက်ကန်း၊ ဂျပ်ခုတ်နည်းများ၊ မြန်မာ့ရိုးရာ ပန်း ၁၀ မျိုး အတတ်ပညာ၊ တူရိယာပစ္စည်းများ၊ ရိုးရာအသုံးအဆောင်များ၊ အိုးပြုလုပ်နည်းများသည် ရိုးရာလက်မှုပညာရပ်များနယ်ပယ်တွင် ပါဝင်သည်။

### မြန်မာနိုင်ငံနှင့် ဒြပ်မဲ့ယဉ်ကျေးမှု

ယူနက်စ်ကိုအဖွဲ့သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အမည်စာရင်း(Lists of Intangible Cultural Heritage) ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ထောင်ခဲ့ကာ ၂၀၁၇ ခုနှစ်အထိ အမည်စာရင်း ၄၂၉ ခုကို အသိအမှတ်ပြုခဲ့သည့်အနက် အရှေ့တောင်အာရှနိုင်ငံများမှ အမွေအနှစ် ၂၅ ခု ပါဝင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး အမျိုးသားအဆင့်ကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကော်မတီများကို ဖွဲ့စည်းခဲ့ရာ အမျိုးသားအဆင့်ကော်မတီ၏ ဥက္ကဋ္ဌသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်သည်။ ကော်မတီအသီးသီးက မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းကောက်ယူခဲ့ရာ စုစုပေါင်း ၁၈၀၀ ရရှိခဲ့သည်။

ယင်းစာရင်းတွင် နှုတ်ပြောရာဇဝင်နှင့် ဘာသာစကား အပါအဝင် ဖော်ပြချက် ၇၈ ခု၊ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ အနုပညာရပ် ၄၆၁ ခု၊ လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့နှင့် ပွဲတော် ၅၆၁ ခု၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် အစဉ်အလာ အလေ့အထ ၁၀၄ ခု၊ ရိုးရာလက်မှုပညာရပ် ၅၉၆ ခု ပါဝင်ပြီး ရှမ်းပြည်နယ်က ၃၉၃ ခု ပါရှိသဖြင့် အများဆုံးဖြစ်သည်။

### ဟိုပုံးမြို့နှင့် ဒြပ်မဲ့ယဉ်ကျေးမှု

မြန်မာနိုင်ငံအတွင်း ဒြပ်မဲ့ယဉ်ကျေးမှု အများဆုံးရှိသည့် ရှမ်းပြည်နယ်တွင် ဟိုပုံးမြို့နယ်သည် ပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်တွင် ပါဝင်သည်။ တောင်ကြီးခရိုင်ကို တောင်ကြီး၊ ပင်းတယ၊ ပင်လောင်း၊ ဖယ်ခုံ၊ ရပ်စောက်၊ ရွာငံ၊ ညောင်ရွှေ၊ ဟိုပုံးမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ဟိုပုံးဒေသကို တစ်ချိန်က ရှမ်းစော်ဘွားများက အုပ်ချုပ်ခဲ့ကြပြီး စော်ဘွားများ အာဏာစွန့်လွှတ်ပြီးနောက် ၁၉၇၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တော်လှန်ရေးကောင်စီအစိုးရက ဟိုပုံးကို မြို့အဖြစ် သတ်မှတ်ခဲ့သည်။

လက်ရှိအချိန်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး ဟိုပုံးမြို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော်ဖြစ်သည်။ ဟိုပုံးမြို့နယ်သည် အင်းလေးကန်၏ အရှေ့ဘက်တောင်တန်းနှင့် နမ့်ပွန်ချောင်း အရှေ့ဘက်ရှိ လွယ်ပတ် (လွယ်မောင်)တောင်တန်း အကြား အနိမ့်ဆုံးအပိုင်း၌ တည်ရှိသည်။

ဟိုပုံးမြို့နယ်သည် မွေတော်ကက္ကူစေတီ၊ ထန့်စန့်လိုဏ်ဂူ၊ ဟိုပုံးရေထွက်တို့ကြောင့် ထင်ရှားကာ ဟိုပုံးမြို့တည်နေရာသည် နတ်တဘက်ချောင်း၏ ရေအရင်းအမြစ်ကြောင့် လယ်ယာလုပ်ငန်းများဆောင်ရွက်ရန် ကောင်းမွန်သည့် လျှို့မြောင်အထက်ပိုင်းဒေသဖြစ်သည်။ ရှမ်းဘာသာစကားဖြင့် လျှို့မြောင်ကို “ပုံး”ဟုလည်းကောင်း၊ လျှို့ အထက်ပိုင်းကို “ဟို” ဟုလည်းကောင်း ခေါ်ဆိုသဖြင့် ယင်းနေရာသည် ဟိုပုံး (လျှို့မြောင် အထက်ပိုင်းဒေသ)ဟု အမည်တွင်ခဲ့သည်။

ဟိုပုံးမြို့နယ်သည် ဧရိယာ ၁၂၂၀ ဒသမ ၅၆ စတုရန်းမိုင် ကျယ်ဝန်း၍ တောင်ကြီးမြို့နယ်မှ ၁၂ မိုင်ကွာဝေးကာ တောင်ကြီးမြို့နှင့် ဆီဆိုင်မြို့တို့၏ အရှေ့ဘက်၊ လွိုင်လင်မြို့နှင့် လဲချားမြို့တို့၏ အနောက်ဘက်၊ မိုင်းကိုင်မြို့၏ တောင်ဘက်၊ ဆီဆိုင်မြို့၏ မြောက်ဘက်တွင် တည်ရှိ၍ ဟိုပုံးမြို့၏ဧရိယာမှာ ၂ ဒသမ ၄၈ စတုရန်းမိုင် ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၄၁ ပေ မြင့်သည့် ဟိုပုံးမြို့နယ်တွင် ပအိုဝ်း၊ ရှမ်း၊ ကချင်၊ ကယား၊ ကယန်း၊ ကရင်၊ ချင်း၊ ဗမာ၊ ရခိုင်၊ အင်းသား၊ ဓနု၊ လီရှောနှင့် ပလောင် တိုင်းရင်းသားများ နေထိုင်ကြကာ ပအိုဝ်းနှင့် ရှမ်းတိုင်းရင်းသားက အများဆုံးဖြစ်သည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ ပြုစုထားသည့် စာရင်းများအရ ဟိုပုံးမြို့နယ်၏ လူဦးရေ ၁၀၃၂၄၁ ဦးတွင် ပအိုဝ်းတိုင်းရင်းသား ၇၀၇၇၆ ဦးနှင့် ရှမ်းတိုင်းရင်းသား ၂၃၃၉၄ ဦး ပါဝင်သည်။ မြို့နယ်အတွင်း နေထိုင်ကြသူများအနက် ဗုဒ္ဓဘာသာ ကိုးကွယ်သူဦးရေသည် ၁၀၁၀၇၅ ဦးဖြစ်သည်။

ဒေသတစ်ခု၏ ဒြပ်မဲ့ယဉ်ကျေးမှုသည် ထိုဒေသတွင်နေထိုင်ကြသူများ ယုံကြည်ကိုးကွယ်သည့် ဘာသာတရားနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက်နေထိုင်ခဲ့သည့် ဟိုပုံးမြို့နယ်တွင် ဗုဒ္ဓဘာသာနှင့်ဆက်နွှယ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုများ ထွန်းကားခဲ့ရာ မီးကြာလှည့်ပွဲသည်လည်း တစ်ခု အပါအဝင် ဖြစ်သည်။ ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၂၂ ခု၊ ကျေးရွာ ၂၉၂ ရွာဖြင့် ဖွဲ့စည်းထားသည့် ဟိုပုံးမြို့နယ်တွင် ဘုရား စေတီပေါင်း ၁၀၁ ဆူ တည်ရှိသည့်အနက် ဟိုပုံးမြို့ အနောက်ရပ်ရှိ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးသည် အထင်ရှားဆုံးဖြစ်သည်။

### မီးကြာလှည့်ပွဲဓလေ့

မီးကြာလှည့်ပွဲဟုထင်ရှားသည့် ပွဲတော်သည် ဗုဒ္ဓဘုရားရှင်အား မီးအလင်းရောင်ဖြင့်ပူဇော်သည့်ပွဲဖြစ်ကာ ရှေးအစဉ်အဆက်ကပင် ဟိုပုံးမြို့ရပ်ကွက်များအတွင်း ရောင်စုံမီးများဖြင့် လှည့်လည်ကြခြင်းကို မီးကြာလှည့်ပွဲဟု အမည်ပေးခဲ့သည်။ ဖယောင်းတိုင်မီးများကို တုတ်တံတွင် ကြာပန်းများသဖွယ်သီ၍ ထွန်းညှိလှည့်လည်သဖြင့် မီးကြာလှည့်ပွဲဟု ခေါ်ဆိုခဲ့ကြသည်။ ရှမ်းပြည်နယ်အတွင်း ကလော၊ အောင်ပန်း၊ ဟိုပုံးမြို့နယ်များတွင် မီးကြာလှည့်ပွဲများကို အစဉ်အလာတစ်ရပ်အဖြစ် မြို့နယ်အလိုက် နှစ်စဉ်ကျင်းပလေ့ရှိကြပေသည်။

ဟိုပုံးမီးကြာလှည့်ပွဲကို နှစ်စဉ် နှစ်ကြိမ်ကျင်းပလေ့ရှိရာ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် မြို့လုံးကျွတ်မီးကြာလှည့်ပွဲကို တောင်ကြီး မီးပုံးပျံပွဲ ပြီးဆုံးပြီး ရက်သတ္တပတ်အကြာတွင် ဟိုပုံးမွေတော်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့်အတူ ငါးရက်ကြာ ကျင်းပလေ့ရှိသည်။ ပအိုဝ်းတိုင်းရင်းသားများ၏ မီးကြာလှည့်ပွဲကိုမူ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ကျရောက်သည့် ပအိုဝ်းအမျိုးသားနေ့တွင် ကျင်းပလေ့ရှိသည်။

ဟိုပုံး မွေတော်စေတီဟု ထင်ရှားသည့် သီရိမင်္ဂလာ ရွှေချမ်းသာဘုရားကို ပုဂံဘုရင် အလောင်းစည်သူက ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်ပွားကို ဌာပနာ၍ တည်ထားခဲ့သည်ဟု ယုံကြည်ကြသည်။ မူလစေတီတော်သည် ဉာဏ်တော် ၁၂ တောင်သာရှိခဲ့ပြီး ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက်(ခရစ်နှစ် ၁၇၈၂-၁၈၁၉)တွင် ဟိုပုံးမြို့စားကြီး ခွန်ကြားက မူလစေတီတော်ကို ငုံလျက် ဉာဏ်တော် အတောင် ၈၀ မြင့်သည့် လက်ရှိစေတီတော်ကို တည်ထားခဲ့သည်။ စေတီတော် ပရိဝုဏ်အဖြစ် စေတီတော်၏ အတောင် ၂၀၀ ပတ်လည်ကို မဟာရံတံတိုင်း ကာရံခဲ့သည်။

ခရစ်နှစ် ၁၉၂၃ ခုနှစ်တွင် ဟိုပုံးဒေသမှ ရဟန်းရှင်လူများက ဟိုပုံးနယ်၏ ကောင်းကျိုးနိမိတ်ကို ဆောင်စေခြင်းငှာ သီရိမင်္ဂလာရွှေချမ်းသာစေတီတော်ဟု ဘွဲ့တော်အမည်ပေးခဲ့သည်။ စေတီတော်၏ဘုရားပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နှင့် တပေါင်းလပြည့်ကျော် ၆ ရက်တို့တွင် ကျင်းပလေ့ရှိသည်။ ပွဲတော်ကျင်းပသည့် ညများတွင် ဒေသနေ ပအိုဝ်း၊ ဓနုစသည့် တိုင်းရင်းသားများသည် ရိုးရာဝတ်စုံများဝတ်ဆင်ကာ မီးပုံးတွဲများကိုကိုင်ဆောင်လျက် ဟိုပုံးမြို့ပေါ် ရပ်ကွက်များအတွင်း လှည့်လည်သည့်ပွဲသည် ဟိုပုံးမီးလှည့်ပွဲအဖြစ် ကာလရှည်ကြာစွာကပင် ထင်ရှားခဲ့သည်။

အနက်ရောင် အပေါ်အောက်ဝတ်စုံများ ဝတ်ဆင်ထားသည့် ပအိုဝ်းတိုင်းရင်းသူများ၊ ရိုးရာဝတ်စုံများ ဆင်မြန်းထားသည့် ရှမ်း၊ ဓနု၊ အင်းသား တိုင်းရင်းသူများသည် ဝါးတံတွင်သီထားသည့် မီးပုံးရောင်စုံတွဲများကို ကိုင်ဆောင်လျှောက်လှမ်းလာကြချိန်တွင် အမျိုးသမီးတန်းများအကြား၌ လူငယ်များက တိုင်းရင်းသားဝတ်စုံများဝတ်ကာ ရိုးရာတူရိယာများကို တီးမှုတ်၍ သီချင်းများ သီဆိုကခုန် လိုက်ပါလာကြသည်။

### ပွဲတော်၏ ထူးခြားသောဓလေ့

တန်ဆောင်မုန်းည၏ အေးချမ်းလှသည့် ရာသီဥတုအောက်ဝယ် ဘုရားရှင်အား မီးပူဇော်သည့်ပွဲတွင် ဟိုပုံးမြို့ရှိ လူငယ်တိုင်းက မိမိတို့ရပ်ကွက်များအလိုက် ပါဝင်ဆင်နွှဲလေ့ရှိကြသည်။ လူငယ်တစ်ဦးသည် မီးပွဲလှည့်နေစဉ် မိမိချစ်မြတ်နိုးသည့် မိန်းကလေး၏လက်ကို ကိုင်ဆွဲခြင်းဖြင့် ချစ်ခြင်းကို ဖော်ထုတ်သည့်ဓလေ့သည် ဟိုပုံးမီးလှည့်ပွဲ၏ ထူးခြားမှုတစ်ရပ်ဖြစ်သည်။

မိန်းကလေးက လက်ကိုကိုင်တွယ်လာသူအား အသာတကြည်လက်ခံပါက ဘုရားပွဲပြီးသည့်နောက်တွင် မိန်းကလေးအိမ်သို့ သွားရောက်လည်ပတ်ကာ ချစ်ရေးဆိုခွင့်ရှိပြီး မီးပွဲညတွင် လက်ကိုပုတ်ထုတ်ခံရသည့် လူငယ်သည် သူလက်ကိုင်ခဲ့သည့်မိန်းမပျိုအား ချစ်ခွင့်ပန်ခွင့်မရှိတော့ကြောင်း ဒေသခံ တိုင်းရင်းသားတစ်ဦးက ရှင်းပြသည်။ ယင်းသို့ ချစ်ဖွယ်ကောင်းလှသည့် ရိုးရာဓလေ့များသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးတိုင်းတွင် ရှိနေကြပေသည်။

ဟိုပုံးမြို့သူမြို့သားများသည် မီးကြာလှည့်ပွဲကို သီရိမင်္ဂလာ ရွှေချမ်းသာစေတီတော်ဝင်း၌ အဆုံးသတ်ကာ စေတီတော်ဝင်းအတွင်း၌ ပျော်ရွှင်စွာ သီဆိုကခုန်ကြ၍ ဘုရားကြီးကို ရှိခိုးပူဇော်ပြီး မိမိတို့အိမ်များသို့ ပြန်သွားကြသည့်ဓလေ့ကို နှစ်ကာလရှည်ကြာစွာ ကျင့်သုံးစောင့်ထိန်းခဲ့ကြသည်။ ဖယောင်းတိုင်များ ထွန်းညှိထားသည့် ပုံစံမျိုးစုံ ရောင်စုံမီးတွဲများကို ကိုင်ဆောင်လျက် လှည့်လည်ကြသည့် မီးကြာလှည့်ပွဲတွင် ယခုအခါတွင် ဓာတ်ခဲသုံးမီးလုံးများကို ထည့်သွင်းအသုံးပြုလာကြသည်။ မည်သို့ပင်ဖြစ်စေ မီးကြာလှည့်ပွဲသည် ဟိုပုံးမြို့၏ သင်္ကေတတစ်ခုဟု ဆိုနိုင်လောက်အောင် ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားကြသည့် ရိုးရာပွဲတော်တစ်ခုဖြစ်လာသောကြောင့် နောင်နှစ်များကြာရှည်သည်အထိ တည်တံ့နေမည့် ဒြပ်မဲ့ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါပေသည်။ ။



ဟိုပုံးမြို့၏ ရိုးရာပွဲတော် မီးကြာလှည့်ပွဲ ကျင်းပပုံကို တွေ့ရစဉ်။

# စုပေါင်းပိုင်အဆောက်အအုံ (CONDOMINIUM)အဖြစ်သတ်မှတ်ကြေငြာခြင်း

၁။ Tet Lann Investment Co.,Ltd နှင့် Singapore Golden Paragon Investment Pte.Ltd တို့ပူးတွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ၁၀၈/၂၀၁၈ ဖြင့် Yangon Golden Paragon Investemnt Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၀၁၃၇၉၄၀၆) ကို Joint Venture ကုမ္ပဏီအဖြစ် တည်ထောင်ပြီး Emeral Bay Eco-Smart City စီမံ ကိန်းကို တည်ဆောက်လျှက်ရှိပါသည်။

၂။ Emerald Bay Eco - Smart City စီမံကိန်း၏ တည်နေရာမြေကွက်အမှတ် ၁၅ (၁၇.၁၅၂ ဧက) နှင့် ၁၇ (၁၀.၇၅၇ ဧက)၊ ရှုခင်းသာလမ်း၊ ရှုခင်းသာ ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကပိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားဖြစ်ပြီး ပထမအဆင့်အနေဖြင့် မြေကွက်အမှတ် ၁၅(၁၇.၁၅၂ ဧက) ပေါ်တွင် (၃၂)ထပ် အမြင့် တိုက်ခန်းများအပါအဝင် Sales center, Parking floors, convenience store, club , kníndergarden and shopping mall စသည့် တည်ဆောက်ဆဲ အဆောက်အအုံတို့ကို စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ စုပေါင်းပိုင် အဆောက်အအုံ (Condominium) အဖြစ် မှတ်ပုံတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Emerald Bay
A PRIME COMMUNITY FOR ELITE

Yangon Golden Paragon Investment Company Limited

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးကိုဒုပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မြဝတီခရိုင်တရားမရုံးတော်၌
၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၆

နော်မုပီး(ခ)မီးမီး နှင့် ၁။ ဦးသီဟ
၂။ ဦးကျော်သက်ဟိန်း
တရားလို တရားပြိုင်များ

အမှတ် ၁၈၁၊ အမှတ်(၁)လမ်းမကြီး၊ ပုလဲ(၂)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ ဦးသီဟ(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုနော်မုပီး(ခ)မီးမီး က ယာဉ်တိုက်မှုဖြစ်ပွားခြင်းကြောင့် ပြင်းထန် ဒဏ်ရာရရှိခဲ့ခြင်းအပေါ် ဆေးကုသစရိတ်ကျပ်(၁၂၅)သိန်းနှင့် နစ်နာကြေးငွေကျပ်(၃၇၅)သိန်း၊ စုစုပေါင်း သိန်း(၅၀၀)ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ခုနှစ်၊ ဧပြီ ၁၂ ရက် (၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ်၊ မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းဇော်ဦး)
ဒုတိယခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)
မြဝတီခရိုင်တရားရုံးတော်၌
၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၉

ဒေါ်မေမြတ်ဦး နှင့် ဦးသက်နိုင်ထွေး
တရားလို တရားပြိုင်

မြဝတီမြို့၊ (၄)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်းတွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်ဦးသက်နိုင်ထွေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဧပြီ ၁၀ ရက် (၁၃၈၀ပြည့်နှစ် တန်ခူးလဆန်း ၆ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် မြဝတီခရိုင်တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်ရက်တွင်ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောကော်နေမူး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

**တစ်ဦးတည်း ဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၊ ပေါက်ကုန်းအုပ်စု၊ ကျွန်းတိုင်ရွာနေ ဦးလှနန်း၏သား ဦးချိုကြီး(ခ)ဦးအောင်ဇော်ဝင်း ၇/နတလ(နိုင်)၁၀၇၀၄၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးချိုကြီး(ခ)ဦးအောင်ဇော်ဝင်း**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်းနေ ဦးမောင်မောင်၏ သမီး ဒေါ်ဇာနည်မောင် ၅/မရန(နိုင်) ၁၂၉၅၁၅မှ Master မာစတာ R.O သောက်ရေသန့်ကုန်အမှတ်တံဆိပ်ကို အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မုံရွာမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင် စာချုပ်အမှတ် ၅၃၁/၄ (၂၀၁၇)တို့အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




အထက်အမည်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ၂၀လီတာ (ပလတ်စတစ်ဘူးသွင်း) သောက်ရေသန့်၊ တစ်လီတာ (ပလတ်စတစ်ဘူးသွင်း) သောက်ရေသန့်နှင့် ၀.၆လီတာ(ပလတ်စတစ်ဘူးသွင်း)သောက်ရေသန့်တို့ကို ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်ခြင်းနှင့် တစ်နည်းနည်းဖြင့် တုပသုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် တုပသုံးစွဲခြင်းကို တွေ့မြင်ကြောင်း သိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်အရပ်ရပ်တို့အတွက် လျော်ကြေးငွေများတောင်းခံသွားနိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်ပစ္စည်းအမှတ်တံဆိပ်ကို ပယ်ဖျက်သည်အထိ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဇာနည်မောင်
မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ဗိုလ်တေဇလမ်း
ဖုန်း-၀၉-၅၃၄၃၁၂၀

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးမောင်ထွန်းသိန်း ၁၁/ပဏတ(နိုင်)၀၀၆၀၄၀ ၏နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၂၀၃၁၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ (၇)မိုင်၊ ချမ်းသာကျေးရွာ အထက အဌမတန်းမှ မောင်စိုင်းညီညီထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော် ဦး ၉/သပက(နိုင်)၀၃၁၀၈၂ ဖြစ်ပါကြောင်း။ **ဦးကျော်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/2118 Suzuki Carry DA 63T, P/U(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သောင်း ၇/ပမန (နိုင်)၀၂၉၄၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ပြည်လမ်းမကြီး၊ အမှတ်(၁၀၂၄/က)၊ (၁၀၂၃)၊အကျယ်(အရှေ့မျက်နှာစာ ၄၂'×အနောက် ၃၈'×အလျား ၁၁၂')ခန့်ရှိမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်မောင်လတ် ၁၂/လသန(နိုင်) ၀၁၇၅၅၁ နှင့် ဒေါ်အေးအေးဝင်း ၁၂/လသန(နိုင်)၀၀၈၀၀၂ တို့မှ မိမိတို့တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံ သောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်းဇော် ဦးကျော်မင်းနိုင်
အထက်တန်းရှေ့နေ(စဥ်-၄၈၉၃၉) အထက်တန်းရှေ့နေ(စဥ်-၄၈၈၈၀)
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## တိုက်ခန်းရောင်းမည်

ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်းနှင့် မဂ္ဂင်လမ်းထောင့် အမှတ်(၁၈)၊ 6/A(၆-လွှာ)၊ အရှေ့လှည့်တိုက်သစ်၊ (၂၃'×၄၇')၊ 1 MBR +1 BR၊ Aircon: (3) Nos၊ ဘိုထိုင်အိမ်သာနှစ်လုံး၊ ရေ/မီးအစုံ (Lift မပါ)၊ **သိန်း ၁၁၀၀ (ညှိနှိုင်း)။**
**ဖုန်း-၀၉-၉၅၅၆၇၂၁၀၆၊ ၀၉-၅၁၆၆၂၇၇**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်အမှုသည်၏ မြေးဖြစ်သူ မောင်တေဇာဝင်းသည် နည်းမျိုးစုံစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ၁၈-၃-၂၀၁၉ရက်မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ပြဿနာအရပ်ရပ်တို့အား လိုက်လံဖြေရှင်းမည်မဟုတ်ပါ။
**ဒေါ်ခင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိန္ဒြာလွင်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၀၈၇၈၊ ၃၁-၅-၂၀၁၆**
**၃၀/၃၇၆(က)၊ နဝင်းကွက်သစ်(၁၂)လမ်း၊**
**ပြည်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၆၅၆)နေ ဦးသိန်းမြင့် ၁၂/ဥကတ(နိုင်)၀၅၇၄၅၄ ၏သား မောင်ဖြိုးသူစင် ၁၂/ဥကတ(နိုင်)၁၆၈၁၁၃ သည်ဖခင်၏ဆိုဆုံး မမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

**ဦးသိန်းမြင့်**

# AMERICAN VISION
PROFESSIONAL EYE CARE CENTER

only until 28.4.2019

Summer Sale

အမေရိကန်ပွဲဦးရှင်း
နွေရာသီ Promotion အထူးအစီအစဉ်



နောက်ဆုံးပေါ် ကမ္ဘာကျော်
BRANDED အစစ်အမှန်
နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်

1st pair... 10% discount

2nd pair... 20% discount

YANGON: (01) 242476, 241897, 241898,
MANDALAY: (0240) 35588, 32053, NAYPYITAW: (0673) 432393



Kings Education

အမေရိကန်ကောလိပ်များ မှတစ်ဆင့် ထိပ်တန်းတက္ကသိုလ်ကြီးများသို့ ကျောင်းဝင်ခွင့် ရရှိမည့်
Pathways to the USA Top 100 Universities ပညာရေးလမ်းညွှန် ဆွေးနွေးပွဲ

နေ့ရက် Sunday 31 MARCH

အချိန် 10:00 am to 12:00 pm

နေရာ Pinya Room, Sule Shangri-La Hotel.

Guest Speaker
Mr. Phuong Tran (Regional Manager, South East Asia)

- Kings ကောလိပ်များ၏ ရာနှုန်းပြည့် Transfer Program များအကြောင်း
- Kings ကောလိပ်များတည်ရှိရာ ( Los Angeles, New Jersey, Wisconsin, Boston, New York ) Campus များအကြောင်း
- ဘွဲ့ဒီဂရီများအတွက် ရွေးချယ်နိုင်မည့် ဘာသာရပ်များအကြောင်း
- Kings ကောလိပ်များ၏သင်ကြားမှုပုံစံများနှင့် ကျောင်းဝင်ခွင့်ဆိုင်ရာ ပြင်ဆင်ထောက်ပံ့ပေးမှုများအကြောင်း



အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။
01 652320, 09 5062161, 09 799 59 59 49
/eduGlobalVillage

AT&S International Education Services


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၇၃၅၁ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငွေငွေဝင်း ၁၀/မဒန(နိုင်)၂၁၀၁၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၂၁၄၉၂ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာဦး ၁၀/မဒန(နိုင်)၁၃၅၃၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူး**
**(မော်လမြိုင်မြို့)**


ဖျံ့-၅-ကောင်
အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၂၁၄/၀၆၁၀

GENEVA GOLD STAR FOR QUALITY

ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

LONDON QUALITY CROWN QC 100

ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့၊ ရေကြည်ရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၈၁/ကံပု)၊ မြေကွက်အမှတ် (F-၇)၊ မြေဧရိယာ ၀ ဒသမ ၄၈ ဧကရှိ ဒေါ်နုနုရီ အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် ၁၅/၉၆ R D (30 Years)မြေငှားဂရန် သက်တမ်းမှာ ၁-၄-၁၉၉၆ မှ ၃၁-၃-၂၀၂၆ အထိ နှစ်၃၀ရှိ မြေငှားဂရန်အနက်မှ မြေကွက်အမှတ်(F-၇/ဆ)၊ မြေဧရိယာ ၀ ဒသမ ၀၅ ဧကရှိမြေကို ဦးတင်အောင်သန်းသည် ဒေါ်နုနုရီထံမှ ဝယ်ယူခဲ့ပြီး အရောင်း/အဝယ်စာချုပ်မှတ်ပုံတင်ကာ ၎င်းအမည်ဖြင့် မြေငှားဂရန် ခွဲစိတ်/အမည်ပြောင်းထုတ်ပေးနိုင်ပါရန် ဤရုံးသို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀/သတိုးမင်းစော)၊ ဦးပိုင်အမှတ် ၂၆၊ ဧရိယာ ၀ ဒသမ ၂၉၉ ဧကအနက် ဧရိယာ ၀ ဒသမ ၁၄၅ ဧကအား ဦးဝေလှုံကျော် (ဘ)ဦးအောင်ကိုလတ် ၉/တကန(နိုင်)၁၃၅၀၈၀ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၇၉/၂၀၁၉)၊ မိသားစုအမွေခွဲဝေပေးခြင်းကတိစာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


ဗဟို SEVEN စံ
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644



ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
သား-ဆရာ ဒွေးသူရိန်ဝင်း
အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဧပြီလ(၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
4 Skills နိုင်ငံတကာအဆင့်မီသင်ကြားမှု
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂိုးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈-ဇောတိကအနောက်)၊ ဦးပိုင်အမှတ် ၁၇၇၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကအား ဦးမျိုးနိုင်၊ ဒေါ်ထိုက်ထိုက်ဝင်းမှ မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြသာစည်၊ အကွက်အမှတ်နှင့်အမည် (၇၇/ရပ်သာကြည်)၊ ဦးပိုင်အမှတ် (၁၆၄)၊ ဧရိယာ ၀ ဒသမ ၀၆၄ ဧကအား ဒေါ်နုနုအမည်ဖြင့် မြေငှားဂရန်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၉/ကြိုးကြာကန်အနောက်)၊ ဦးပိုင်အမှတ် ၁၅၄၊ ဧရိယာ ၀ ဒသမ ၁၀၂ ဧကအား ဒေါ်နှင်းနှင်းလှိုင်၊ ဒေါ်လဲ့လဲ့ခိုင်၊ ဒေါ်မိုးမိုးခိုင်အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉-ကန်ပြားကန်)၊ ဦးပိုင်အမှတ် (F-၈၆)၊ ဧရိယာ ၀ ဒသမ ၁၄၀ ဧကအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနရုံးမှ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်၊ နယ်မြေ(၉)၊ (၃)လမ်းနေ (အဖ)ဦးလှဝင်း ၉/မထလ(နိုင်)၀၁၄၂၉၄ (မိ) ဒေါ်မြင့်မြင့်ကြူ ၉/မထလ(နိုင်)၀၁၄၂၉၅ တို့၏သား မောင်အောင်အောင်ဦး ၉/မထလ(နိုင်)၁၇၀၂၄၇ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံ၍ ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ကြူ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/3672 Daihatsu Hijet S321V Delivery Van (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၄/ပသန(နိုင်)၀၅၅၉၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၇/မုံရွာတောင်)၊ ဦးပိုင်အမှတ် (၅၆-ည)၊ ဧရိယာ ၀ ဒသမ ၀၃၈ ဧကအား ဦးစိုးတင့်အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်များအညီ မြေငှားဂရန်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၄/ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ် (၃၇-ဆ)၊ ဧရိယာ ၀ ဒသမ ၀၆၄ ဧကအား ဦးသိန်းလွင်ဦး၊ ဒေါ်ရီရီလှိုင်မှ မြေငှားဂရန်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ သလ္လာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၄-ဆည်မြောင်း)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ ၀ ဒသမ ၁၁၄ ဧကအား ဒေါ်ယဉ်ယဉ်ဦးမှ မြေငှားဂရန်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားဂရန်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်
**လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)**
**နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)**
**အသက်(၉၇)နှစ်**

မြန်မာနိုင်ငံဗိသုကာကောင်စီ အဖွဲ့ဝင် ဒေါ်အေးအေးမြင့်၏ မွေးသခင်ကျေးဇူးရှင် ဦးလေးသောင်(ခ)ဗိုလ်ရဲကျော်သည် ၁၇-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် နေပြည်တော်ကောင်စီ၊ ဇမ္ဗူသီရိမြို့နယ်၊ ခရေအိမ်ရာ၊ အမှတ် (၅၅/၁၂)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာနိုင်ငံဗိသုကာကောင်စီ**

## ဗိုလ်မှူးညိုမှိုင်း
**ကြည်း-၂၅၆၀၉**
**OTS(၉၀)၊ ကပရ(၇၂၇)**
**အသက်(၅၁)နှစ်**

အမှတ်(၇၂၇)ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်း မြစ်ကြီးနားမြို့နေ ဒေါ်ဝင်းဝင်းမာ၏ခင်ပွန်း၊ မောင်ထက်ဝဏ္ဏဦး၊ မရတနာမွန်တို့၏ဖခင် ဗိုလ်မှူးညိုမှိုင်းသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၅၀နာရီတွင် ရန်ကုန်မြို့၊ တပ်မတော်ဆေးရုံ (၂/၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀၊ ရန်ကုန်ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးညိုမှိုင်း အသက်(၅၁)နှစ်
**ကြည်း-၂၅၆၀၉၊ OTS(၉၀)၊ ကပရ(၇၂၇)**

မြစ်ကြီးနားမြို့နေ ဒေါ်ဝင်းဝင်းမာ၏ခင်ပွန်း၊ မောင်ထက်ဝဏ္ဏဦး၊ မရတနာမွန်တို့၏ဖခင် ဗိုလ်မှူးညိုမှိုင်းသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၉း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀)၊ သူရတပ်ခွဲမှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ပု (ဆားလင်းကြီး)
**အသက်(၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး စစ်ဆေးရေးမှူး ဦးကျော်ကျော်ထွန်း၏မိခင် ဒေါ်ခင်ပုသည် ၂၅-၃-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ရန်ကုန်တိုင်းဒေသကြီး**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စောမြင့်(ဒေါ်နီ)
**အသက်(၈၂)နှစ်**

ဒေါက်တာအောင်ဆွေထွန်း[ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(ပညာရေး) ပညာရေးဝန်ကြီးဌာန]-ဒေါ်ညိုမီဝင်း၏မိခင် ဒေါ်ခင်စောမြင့်(ဒေါ်နီ)သည် ၂၇-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စောမြင့်(ခ)ဒေါ်နီ (ရွှေဘိုမြို့)
**အသက်(၈၂)နှစ်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ ဦးခင်မောင်လွင် (မန်နေဂျာ၊ စက်ဆန်း သင်္ဘောကျင်း)-ဒေါ်ချိုချိုလွင်တို့၏ချစ်လှစွာသော မိခင်သည် ၂၇-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။
**အင်ဂျင်နီယာချုပ်(စက်မှု)နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်တင်အေး(ခ)ဒေါ်တာ
**(လက်ပံတန်း)**
**အသက်(၉၅)နှစ်**

လက်ပံတန်းမြို့နယ်နေ (ဦးလှအောင်-ဒေါ်အိ)တို့၏သမီး၊ လက်ပံတန်းမြို့နေ (ဦးနီ)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဘိုအုန်းချွန်း-ဒေါ်ခင်ခင်နီ၊ ဦးခင်မောင်ဦး-ဒေါ်ခင်ခင်ကြွယ်၊ ဦးကျော်ကျော်ဦး-ဒေါ်နီလာ၊ ဦးထွန်းလွင်-ဒေါ်ဝါဝါလွင်တို့၏မိခင်၊ မယဉ်မွန်မွန်သူ၊ မောင်စည်သူအောင်၊ မောင်သူရကောင်းစံ၊ မနှင်းမြတ်သွေး၊ မအိသဇ်ာသန့်၊ မောင်သုတလျှမ်းထက် တို့၏အဘွား၊ မောင်လင်းခန့်ထက်အောင်၏ ဘွားဘွားကြီးသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ ရက်(စနေနေ့) နံနက် ၁၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၈၉)နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
## ဦးစောဝင်း
**(ကျန်းမာရေးမှူး-ငြိမ်း)**
**အသက်(၇၄)နှစ်**

(ဦးကျော်တင့်-ဒေါ်ညွန့်ရီ) တို့၏သား၊ (ဦးကျောက်အုန်း)-ဒေါ်မြခင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ ကန်သာယာ(၂)လမ်း၊ (၃၅)ရပ်ကွက်၊ အမှတ် ၉၄၃နေ ဒေါ်ခင်စန်းမြင့်၏ခင်ပွန်း၊ Capt:သိန်းဝင်း-ဒေါ်နှယ်ဉ်ဝင်း၊ DDN 6 Collection၊ ဦးလင်းထင်ဝင်း (ရွှေထက်လင်းဆီစက်)-ဒေါ်သီတာလွင် တို့၏ဖခင်၊ မောင်ရဲထက်လင်း၊ မောင်ထက်ခိုင်ဝင်း၊ မသီရိထက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေး နေ့) နံနက် ၅း၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၉ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ဒေါ်ဝါဝါတင်
**(ရိုးမဘဏ်)**
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် (၆၃၈)နေ (ဦးလှတင်-ဒေါ်ယဉ်လေး) တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်မြသိန်း) တို့၏သမီးချွေးမ၊ ဦးထွန်းလှ၏ဇနီး၊ မပန်းအိဖြူ၊ မောင်ရှိန်းဝဏ္ဏတို့၏မိခင်၊ ဦးတင်မောင်ဦး၊ ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်ဝင်း-ဒေါ်ဆွေဆွေလှဲ့၊ ဒေါ်ဆွေဆွေတင် တို့၏ ညီမသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဆရာတော် ဦးရာဇဓမ္မ (ဆရာဦးရည်ရွှေ)
**သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၂၃)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထော်သိုကျေးရွာအုပ်စု၊ သံဃာ့နာယကဥက္ကဋ္ဌ၊ ဇောင်းတော်ချုပ်ကျောင်းတိုက်၊ အုပ်ချုပ်ရေးနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဦးရာဇဓမ္မ၊ သက်တော်(၆၆)၊ သိက္ခာတော်(၂၃)ဝါသည် ၁၃၈၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်၊ ၂၆-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်ကို (၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ရက်) ၁-၄-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကံဘဲ့စံပြကျေးရွာ အနောက်ပိုင်းသုသာန်၌ အန္တိမအဂ္ဂိစျာပန ဆင်ယင်ကျင်းပရန် ပင့်ဆောင်တော်မူမည်ဖြစ်ကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။
တပည့်ဒါယကာ/ဒါယိကာမများနှင့်
ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဆွေဦး (စာရေးဆရာမကြီး)
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၃၄)ရပ်ကွက်၊ သရဖီ(၅)လမ်း၊ အမှတ်(၅၅၇)နေ ဒေါက်တာမောင်မောင်စော-ဒေါ်ပုလဲတို့၏မိခင်၊ စောချိုဦး၊ လပြည့်အေးချမ်း၊ စိန်ယင်းမာတို့၏အဘွား၊ (ဦးထင်အောင်-ဒေါ်ခင်ဆွေအေးတို့၏အစ်မ၊ (မောင်မောင်တိုး)-မိုးမိုးဆွေ၊ ခင်မောင်ဌေး-ချစ်ချစ် သက်ဆွေ၊ အောင်မြင့်ဦး-ဝေလွင်ဆွေ၊ မျိုးမြတ်ဆွေနှင့် လှိုင်ယမင်းတို့၏ကြီးကြီးသည် ၂၇-၃-၂၀၁၉ရက် ည ၁၀း၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၉ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၉ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]
ကျန်ရစ်သူမိသားစု

## ပါမောက္ခဦးလှမင်း (အရိုးရောဂါအထူးကုဆရာဝန်ကြီး)
**ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ကြည်း-၃၄၅၂**
**တပ်မတော်ဆေးရုံကြီး (မင်္ဂလာဒုံ)**
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၅)၊ အခန်း(၁၁)နေ (ဦးချန်တိတ်-ဒေါ်သိန်းရှင်)တို့၏သား၊ (တိုင်းမင်းကြီးဦးတင်မောင်-ဒေါ်တင်တင်)တို့၏သားသမက်၊ ဒေါ်ခင်ခင်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်ဇော်မင်း၊ ဦးသက်မောင်ဒွေး-ဒေါ်အေးမြသူတို့၏ချစ်လှစွာသောဖခင်၊ မခန့်ကြည်စင်မောင်၊ မမေမြတ်နိုးမောင်၊ မောင်သီဟမင်းထင်တို့၏ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဆရာမ ဒေါ်ခင်မမကြီး(ခ) ခတီဂျာဘီ
**B.A,B.Ed,M.A(Q.II),I.F.L(ENG)**
**အထက်တန်းပြ(ငြိမ်း)၊ အထက(၂) ပန်းဘဲတန်း၊ အထက(၄)တာမွေ**
**အသက်(၇၆)နှစ်**

ကော့ကရိတ်မြို့နေ(ရှေ့နေဦးဘဇီ-ဒေါ်ခင်လေး)တို့၏သမီး၊ (ဦးအောင်တင်-ဒေါ်မိုးစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂လမ်း(အောက်)၊ အမှတ် ၁၆/၁၈၊ ရှစ်လွှာ(ယာ)နေ (ဦးမြစိန်)(ဒုတက-ငြိမ်း၊ မြို့တော်မာ ရသွန်၊ သက်ကြီးတန်း)၏ချစ်လှစွာသောဇနီး၊ (ဦးအောင်တင်)(ညွှန်မှူး-ငြိမ်း)-ဒေါ်ခင်ခင်သိန်း၊ ဆရာမ ဒေါ်ခင်ထွေးရီ(အထက -၂၊ တာမွေ)၊ ဆရာဦးဘချို(သင်္ချာ)-ဒေါ်လီလီတို့၏အစ်မ၊ ဦးနန္ဒာလင်း(ခ)ထွန်းလင်း-ဒေါ်တင်မြင့်(ခ)Ma Mon Nee(J.D.Pools)တို့၏ချစ်လှစွာသောမိခင်၊ မောင်မင်းထက်ဗိုလ်(တတိယနှစ်၊ နိုင်ငံတကာဆက်ဆံရေး)၊ မောင်ဝေယံဗိုလ်(ပထမနှစ်၊ ကုန်ထုတ်ဓာတုဗေဒ)တို့၏ဘွားဘွားသည် ၂၆-၃-၂၀၁၉ရက် ည ၁၀း၁၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၇-၃-၂၀၁၉ ရက်တွင် ဇဟိုရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသံဒိုင်
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် ၅၄နေ ဒေါ်မြကျင်၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာသံဒိုင်သည် ၂၆-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့်ဇနီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အထူးကျေးဇူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးလှထွန်းမော် (ရေကြောင်းသိပ္ပံအပတ်စဉ်-၁၅)
**အသက်(၅၇)နှစ်**

၂၁-၃-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၆နာရီတွင်နေပြည်တော် ခုတင်-၁၀၀၀ဆံ့ ဆေးရုံကြီး၌ ကွယ်လွန်သွားသော ဦးလှထွန်းမော်အား မကွယ်လွန်မီ ကျန်းမာရေးအတွက် စောင့်ရှောက်ကုသပေးခဲ့ကြပါသော ဆေးရုံအုပ်ကြီးနှင့်တကွ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ ဈာပနကိစ္စတွင် ဝိုင်းဝန်းကူညီခဲ့ကြသော စိုးမိုးသူနာရေး ကူညီမှုအသင်း၊ စာနာတတ်သူ ညီအစ်မများနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ မေတ္တာဖြင့် တယ်လီဖုန်းဆက်၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်နှစ်သိမ့်အားပေးခဲ့ကြသည့် IMT 83-84 မှသူငယ်ချင်းများ၊ စီနီယာအစ်ကိုများအားလုံးကိုလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တစန္ဒောဘာသ
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ သက်ကျေးရွာ၊ သက်တောရကျောင်းတိုက် ကြီး၏ဦးစီးပဓာန နာယက၊ မြင်းကကုန်းနယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ မဟာပဝါရဏာဂိုဏ်းကြီး ၏အကျိုးတော်ဆောင် ဘိုကလေးဆရာတော်၊ ဘဒ္ဒန္တစန္ဒောဘာသသည် (၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၇ရက်) ၂၇-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၀ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၅ရက်) ၉-၄-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် အန္တိမဂ္ဂိစျာပနပွဲတော်ကို ကျင်းပပူဇော်ပါမည်။ စျာပနဖြစ်မြောက်ရေးကော်မတီ
တပည့်ဒါယကာ၊ ဒါယိကာမများ

## ဆရာကြီး ဒေါ်ဂုဏဝတီ
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**မြန်မာ-နီပေါသီလရှင်ကျောင်းတိုက်**
**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၈၂)ဝါ**

ခမည်းတော်ဦးမဲ-မယ်တော် ဒေါ်အေးသင်တို့၏သမီး၊ နီပေါနိုင်ငံ၊ ခတ္တမန္ဒူမြို့၊ ဓမ္မကိတ္တိကျောင်း ပဓာနနာယက ဆရာကြီးဒေါ်သုဓမ္မဝတီ(သမီးချစ်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် ဒေါ်ခင်သန်း၊ ဒေါ်လုံးတို့၏အစ်မတော်၊ ဒေါ်လှရှင်၊ ဒေါ်ကြည်ဝင်း၊ ဒေါ်ခင်ဝင်းတို့၏အကြီး၊ မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်း၊ (ဠ)ရပ်ကွက်၊ မြန်မာ-နီပေါသီလရှင်ကျောင်းတိုက်၏ ပဓာနနာယက ဆရာကြီး ဒေါ်ဂုဏဝတီသည် ၂၈-၃-၂၀၁၉ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့် ဆရာကြီး၊ ဆရာလေးများနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြန်မာ-နီပေါကျောင်းတိုက်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်လှလှညွန့်
**အသက်(၈၇)နှစ်**

ဦးအောင်ကိုနှင့်ဒေါက်တာဒေါ်တင်ဌေးအိ(ပါမောက္ခ၊ ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏မိခင် ဒေါ်လှလှညွန့်သည် ၂၂-၃-၂၀၁၉ရက် နံနက် ၂း၃၀နာရီတွင် မြစ်သားမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဥပဒေပညာဌာန**
**တောင်ငူတက္ကသိုလ်**

## ဒုတိယဗိုလ်မှူးကြီးအောင်ကြိုင်
**တပ်မတော်-ရေ(ငြိမ်း)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ သံတံတားရပ်ကွက်၊ အမှတ်(၁၈)နေ (ဦးမောင်ညာဏ်-ဒေါ်သိန်းမေ) တို့၏သား၊ (ဦးကြိုင်-ဒေါ်လှခင်)တို့၏သားသမက်၊ ဒေါ်ခင်သိန်းသိန်းဆွေ(ကျားညီနောင်ဆေးလိပ်)၏ခင်ပွန်း၊ ဦးရဲအောင်ကြိုင်၊ ဦးသိန်းအောင်ကြိုင်-ဒေါ်မေဇင်သိန်း၊ ဦးစိုးအောင်ကြိုင်-ဒေါ်ဝင်းမြမြထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၉ ရက် (ကြာသပတေးနေ့) နံနက် ၈း၄၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသံဒိုင် B.V.S(7/1972)D.E.P, C.A.S
**ဥက္ကဋ္ဌဟောင်း၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း**
**ရာသက်ပန်အသင်းဝင်နှင့် ကန်တော့ခံဆရာကြီး**
**အသက်(၇၄)နှစ်**

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်း(ဗဟို)၏ ဥက္ကဋ္ဌဟောင်း၊ ရာသက်ပန်အသင်းဝင်နှင့်ကန်တော့ခံဆရာကြီး ဒေါက်တာသံဒိုင်သည် ၂၆-၃-၂၀၁၉ရက် တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၉-၂၀၂၁)ခုနှစ်**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်စောမြင့်(ခ)ဒေါ်နီ
**အသက်(၈၂)နှစ်**

သူငယ်ချင်း ကိုခင်မောင်လွင်(ခ)ဒူးရှည်၏မိခင် ဒေါ်ခင်စောမြင့်(ခ)ဒေါ်နီသည် ၂၇-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
**၁၉၈၆(Mech)သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်စောမြင့်(ခ)ဒေါ်နီ
**အသက်(၈၂)နှစ်**

ရွှေဘိုမြို့နယ်၊ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်လွင်၏မိခင် ဒေါ်ခင်စောမြင့်(ခ)ဒေါ်နီနီသည် ၂၇-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။
**မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ရွှေဘိုမြို့**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မြဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ လွှတ်တော်ကော်မတီများဖွဲ့စည်းမှု၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# အိုလံပစ်ခြေစစ်ပွဲမတိုင်မီ မြန်မာအမျိုးသမီးအသင်း ပြည်တွင်းခြေစမ်းပွဲများ ကစားလျက်ရှိ

မန္တလေး မတ် ၂၈

**မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် မန္တလေးမြို့၌ လေ့ကျင့်လျက်ရှိပြီး ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။**

မြန်မာအမျိုးသမီးအသင်းသည် မတ် ၂၁၊ ၂၃ ရက်က ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ပြီး ယင်းပွဲမှ လိုအပ်ချက်များ၊ အားနည်းချက်များကို ခြေစစ်ပွဲမတိုင်မီ ပြင်ဆင်နေခြင်း ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မတ် ၂၇ ရက်က မန္တလေးမြို့မှ ကြယ်စင်စုအမျိုးသားအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် မတ် ၃၁ ရက်တွင် မန္တလေးမြို့မှ နည်းပြ ဆရာများနှင့် ခြေစမ်းပွဲထပ်မံကစားမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ခြေစစ်ပွဲကစားမည့် အပြီးသတ်ကစားသမား ၂၀ ကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကတည်းက ပြင်ဆင်ခဲ့ပြီး ဖေဖော်ဝါရီတွင် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရာ ချန်ပီယံဆုရခဲ့သလို မတ်လတွင်လည်း ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ အမျိုးသမီးအသင်းသည် ဗီယက်နမ်ကို ပထမပွဲတွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သော်လည်း ဒုတိယပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းယှဉ်ပြိုင်မည့် အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၉ ရက်အထိ မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ပြီး အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ **ညီမြတ်သော်တာ**



**မြန်မာအသင်း လေ့ကျင့်နေစဉ်။** ဓာတ်ပုံ-စိုးညွန့်

## ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲ မတ် ၃၀၊ ၃၁ ရက် ပြန်လည်ကျင်းပမည်

**ရန်ကုန် မတ် ၂၈**

တစ်လနီးပါး ရပ်နားထားသည့် ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၃၀၊ ၃၁ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မြန်မာ့လက်ရွေးစင်အသင်း၏ နိုင်ငံတကာခြေစမ်းပွဲနှင့် မြန်မာယူ-၂၃ အသင်း၏ အာရှ ယူ-၂၃ ခြေစစ်ပွဲကြောင့် မတ် ၂၊ ၃၊ ၄ ရက်က ကျင်းပသည့် ပွဲစဉ် (၅) အပြီးတွင် ရပ်နားခဲ့ခြင်းဖြစ်သည်။

ပြန်လည်ကျင်းပမည့် MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) တွင် အသင်းကြီးနှစ်သင်းဖြစ်သည့် ရန်ကုန်နှင့် ရှေဝတီအသင်းတို့ တွေ့ဆုံနေပြီး ယခုတစ်ပတ်၏ အကောင်းဆုံးပွဲဖြစ်လာနိုင်သည်။ ပွဲစဉ် (၆) အဖြစ် မတ် ၃၀ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရှေဝတီအသင်း၊ ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ဒဂုံအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် Chinland အသင်း၊ မတ် ၃၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊

*စာမျက်နှာ ၁၂ ကော်လံ ၄* ❐